


Myanmarcupid.net

# အကြည်တော်

# လူလည်ကြီးများရွာ

MYANMAR CUPID
Myanmar e-Books Library
Commercial Use of This Book will be at Your OWN RISK
This ebook is for the use of anyone anywhere at no cost!

**“ ပုံနှိပ်မှတ်တမ်း ”**

စာမူခွင့်ပြုချက်အမှတ်
၅၀၁၂၉၅၀၆၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၂၆၂၀၆၁၀

အဖုံးဒီဇိုင်း
ကိုဆန်း

ထုတ်ဝေသူ
ဦးလှိုင်ဝင်း (မြဲ–၀၃၉၀၀)၊ အမှတ် ( ၈၈ )၊ ဒုထပ်(ညာ)၃၈လမ်း၊ ကျောက်တံတား။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးဝင်းကျော်ထွန်း(မုံရွေးပုံနှိပ်တိုက်) ၈၀။ ခ၊သံလွင်လမ်း၊ဗဟန်း။

အတွင်းဖလင်
ကိုဦးနှင့်ညီများ။

စာအုပ်ချုပ်
ကြူကြူမွေး

ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ ၅၀၀
တန်ဖိုး ၁၅၀၀ကျပ်

**“E-Book မှတ်တမ်း”**

ကွန်ပြူတာစာစီ စာရိုက်
ဧပရယ်ဘွိုင်း

အချောသတ် **pdf** တည်းဖြတ်သူ
ပလာတူး

မြန်မာအီးဘွတ်အဖြစ်
ပထမအကြိမ်
ဧပြီလ၊ ၂၀၀၉

**မြန်မာ့မျှားနတ်မောင်** ကွန်မြူနတီဖိုရမ် မှ ထုတ်ဝေသည်။

သူကြီးမရှိရင် ရွာဆူတယ်ဆိုတဲ့စကား တကယ်မှန်တာဗျ။

ဒီရွာသားအားလုံး သူကြီးသာရှိလို့ကတော့ တုတ်တုတ်မျှတောင် လှုပ်ရဲကြတာမဟုတ်ဘူး။ တစ်ယောက်နဲ့ တစ်ယောက် လူလည်ကျဖို့၊ တစ်ပတ်ရိုက်ဖို့မပြောနဲ့ ကိုယ့်အိမ်ထဲ ကိုယ်နေတာတောင် စကားကျယ်ကျယ် မပြောဝံ့ကြဘူး။

အမှန်ကတော့ ဒီရွာမှာနေကြသူတွေထဲမယ် ရွာသားစစ်စစ်က အနည်းသား။ များသောအားဖြင့် တခြားမြို့ရွာကနေ အကြောင်းအမျိုးမျိုးနဲ့ ပြောင်းလာကြတဲ့သူတွေချည်းပဲ။ ပြောင်းလာရတဲ့အကြောင်းတွေကလည်း စုံစမ်းကြည့်ရင် အချိန်ကုန်မယ် .. လူပင်ပန်းမယ် .. မျက်နှာကြည့်တာနဲ့ .. ဘယ်လောက် ဆိုးမယ်မိုက်မယ်ဆိုတာ သိသာမယ့် လူတွေချည်းပဲ .. တကယ့်ကို ဘုရားနာနာစူးရစေရဲ့ .. ဘယ်သူမှကို အကောင်းမပါတာ။ တခြားတစ်မြို့တစ်ရွာမှာ နေလို့မရလို့၊ ခိုအောင်းဖို့ ပြေးလာကြတာ၊ ဒါမှမဟုတ် တခြားတစ်မြို့တစ်ရွာမှာ မဟုတ်တာလုပ်ခဲ့လို့ ပြောင်းလာကြတာချည်းပဲ။

ဒါ ခုမှမဟုတ်ဘူးနော် ရှေးကတည်းက။ ထားပါ ဒါက ဒီရွာအကြောင်း။

ဒါပေမယ့် ပြောရရင်တော့ ဒီရွာရောက်လာရင် ဘယ်လိုကောင်ကြီးပဲဖြစ်ပါစေ။ သူကြီးရှေ့ဝပ်ကျရတာပဲ။ တုတ်တုတ်မှမလှုပ်ရဲဘူး။

ဘယ်ကြောင့်တုန်းဆို သူကြီးက နယ်နယ်ရရ သူကြီးမဟုတ်ပဲ။ ဒီရွာမှာတင်မဟုတ်ဘူး။ ဒီအနီးအနား ရွာနီးချုပ်စပ်မှာဖြင့် သူကြီးကလန်သားဟေ့ဆို နာမည်ကြားရုံနဲ့ ပွဲသိမ်းတယ်။ သူတို့က ဆွေစဉ်မျိုးဆက်နဲ့ကို အစဉ်အလာရှိတာ။ အမှန်တော့ သူ့နာမည်အရင်းက ကလန်သားမဟုတ်ဘူး။ သူ့အဖေက ဦးကလန်။ သူက ဦးကလန်ရဲ့ သားမို့ ကလန်သား လို့ခေါ်ကြတာ။ ခုတော့လည်း သူ့ပေးခဲ့တဲ့ မောင်မြစိန်ဆိုလား မောင်မြဝင်းဆိုလား .. ဒီနာမည်ကိုတောင် မေ့တော့တော့ ဖြစ်ကုန်ကြပါပြီ .. လိုလည်း မလိုဘူးလေ .. ကလန်သားဆို ပြီးနေမင့်ကို။

သူတို့က အဘိုး၊အဖေလက်ထက်ကတည်းက နာမည်တစ်လုံးစီနဲ့ နေခဲ့ကြတာကလား။ ယဉ်ကျေးတယ်။ သိမ်မွေ့တယ်။ တစ်ဖက်သားအပေါ်မှာ ဘယ်တော့မှ မဟုတ်တာမလုပ်ဘူး။ ဘုရားတရားကြည်ညိုတယ်။ ဉာဏ်ပညာ ထက်မြက်တယ်။ ဖြူတဲ့ဘက်မှာ မိုးတိမ်သားပမာဖြူစင်တယ် ..။ မည်းပဟေ့ဆိုလည်း ကျွဲဖင်ကမှပြောင်ပြောင် ယောင်ယောင် ရှိဦးမယ်။

အေး .. မိုက်ပဟေ့ဆို .. လာထားပဲ။ ဆယ်ယောက် လာမလား၊ ဆယ့်ငါးယောက်လာမလား။ ကြိုက်သလောက်လာထား။ ခေါင်းခွံကြေလို့ သံခေါင်းစွပ်တောင် ပြန်တပ်ထားရတဲ့လူမျိုး။ တစ်ခေတ်တစ်ခါကတော့ သူ့ကို သံခေါင်းကလန်လို့ပဲ ခေါ်ကြတာကလား။

ဒါကြောင့် ရွာသားတွေအားလုံး ဘယ်သူဘာဖြစ်နေနေ၊ သူကြီးရှိတယ်ဟေ့ ဆိုပြီးပြီ။ ဒါကြောင့် သူကြီး ကလန်သားရှိရင် လူမပြောနဲ့ ... ဆုံဝကတုတ်တုတ်တောင် မလှုပ်ရဘူး။ မှတ်ကရောပဲ။ ထားပါတော့ ဒါကသူကြီး အကြောင်း။ ပြဿနာမဟုတ်သေးဘူး။

ooooo

အခု ဒီပြဿနာတွေစဖြစ်တာ၊ ရွာမှာ သူကြီးမရှိတုန်းဖြစ်တာ။

အဲဒီတုန်းက သူကြီးဦးကလန်သားကို မြို့ကလူတစ်ယောက် အထောက်အပံ့၊ အကူအညီနဲ့ မိသားစုလိုက် မြန်မာပြည်တစ်ပတ် ဘုရားစုံဖူးဖို့ ဖိတ်ခေါ်ခြင်းခံရတာပဲ။

ထူးထူးခြားခြား အခွင့်အရေးမို့ သူကြီးဦးကလန်သားလည်း အဲဒီအစီအစဉ်ကိုလက်ခံလိုက်တယ်။ သူ့အိမ်ကို တော့ သူနဲ့ဆွေမျိုးနီးစပ်တော်တဲ့ ခင်မောင်စန်းကို အပ်ပြီး ခရီးထွက်သွားတော့တယ်။ အဲဒီမှာတင် သူကြီးမရှိတော့ ရွာဆူတယ်ဆိုတဲ့ ပြဿနာစတော့တာပါပဲ။

သူကြီးထွက်သွားပြီး ဘာကြာလို့လဲ။ နှစ်ရက်လားပဲ ..။

ပြဿနာအစက ယဉ်ယဉ်လေးပါ။

ခင်မောင်စန်းနဲ့ မကာတွန်းဆိုရင် ရွာမှာမသိတဲ့သူ မရှိဘူး။ အရမ်းထူးဆန်းတဲ့ လင်မယားပဲ။ ဘာကြောင့်လဲ ဆိုတော့ ထူးခြားတဲ့ သူတို့အသွင်အပြင်ကြောင့်ပဲ ..။

ခင်မောင်စန်းဆိုတာက အသားညိုညို၊ အရပ်မြင့်မြင့်၊ ပိန်ပိန်ကိုင်းကိုင်းပါ။ ဒါလူသာမန်တွေမှာ ရှိတတ်တဲ့ လက္ခဏာပါပဲ။

ဒါပေမယ့် ထူးခြားတာက သူ့မျက်လုံး။ သူ့မျက်လုံးက ဝိဇ္ဇာကိစ္စလုပ်ရင်း သိပ္ပံပညာရှင် ဖြစ်လို့ရတဲ့ မျက်လုံးမျိုး။

မျက်လုံးတစ်လုံးက ထမင်းအိုး မီးထိုးနေရင်၊ တစ်လုံးက ဂြိုလ်တွေ နက္ခတ်တွေကြည့်လို့ရတယ်။ ပထဝီ တစ်လုံး၊ အာကာသတစ်လုံးပေါ့၊ မျက်လုံးက အလိုင်းမင်းလွဲတာမှ အတော်ကလေးကို လွဲနေတယ်။ အကယ်၍များ သူ့ရှေ့ရပ်ပြီး စကားပြောနေရင် သူဘယ်မျက်လုံးနဲ့ ဘယ်ကိုကြည့်ပြောနေတယ်ဆိုတာ ဘယ်လိုမှ မှန်းလို့မရဘူး။

တစ်ခါတလေလည်း သူနဲ့မျက်နှာချင်းဆိုင် ထန်းရည်ထိုင်သောက်နေရင်းနဲ့ ဘေးဝိုင်းက အမြည်းခိုးစားတာ။ ဆိုင်ရှင်ကိုတွတ်ကြီး ရေရောနေတာ အားလုံးသူမြင်ရတယ်။ မျက်နှာချင်းဆိုင်ကနေ ခေါင်းလှည့်တာ မဟုတ်ဘူးနော်။ ဒီအတိုင်းထိုင်နေရင်းနဲ့ နှစ်ဖက်ခွမြင်နေရတာ။ ဒါကြောင့် သူ့မျက်လုံးကို ဝိပ္ပံမျက်လုံးလို့ အမည်တပ်ထားတယ်။ သိပ္ပံနဲ့ဝိဇ္ဇာ ပေါင်းထားတာလေ၊ ဝိပ္ပံမျက်လုံးတဲ့။

ထားဦး ..။ သူ့မိန်းမ မကာတွန်းအကြောင်း ဆက်ပြောရအောင် ..။

သူ့နာမည်အရင်းက ဘာရယ်လဲတော့ မသိဘူး။ တစ်ရွာလုံးကတော့ သူ့ကို မကာတွန်းလို့ပဲခေါ်ကြတာ။ ရုပ်က ကာတွန်းလို ဖြစ်နေလို့လား။ မဟုတ်ဘူး။ ရုပ်ကတော့ ခပ်ချောချောရယ်။ အသားခပ်လတ်လတ် မျက်လုံး မျက်ဖန်ကောင်းကောင်း၊ သန့်သန့်ပြန့်ပြန့် သိမ်သိမ်မွေ့မွေ့လေးပါပဲ။

ဒါပေမယ့် သူက ထိုင်နေရင် အကောင်းကြီး၊ ထသွားမှ ကာတွန်းနဲ့တူတာ။ ဘာကြောင့်လဲဆိုတော့ သူ့ ခြေထောက်နှစ်ဖက်စလုံးက မွေးကတည်းက ပိုလီယိုဖြစ်နေတာလေ ..။ လမ်းလျှောက်သွားရင် တစ်ဖက်က ထောင် တက်လာလိုက် တဖက်က အိကျသွားလိုက်နဲ့ ရစ်သမ်ကိုကျလို့။ ဒါကြောင့် သူ့ရဲ့မူရင်းနာမည်ကို ဘယ်သူမှတော့ မသိတော့ဘဲ မကာတွန်းလို့ပဲ ခေါ်ကြတော့တာ။

နောက်ပြီး မကာတွန်းက ဒီရွာသူမဟုတ်ဘူး။ ဒီရွာနဲ့ နှစ်ရွာကျော်လောက်က သပွတ်ရွာမှာနေကြတာ။ သူ့မိဘတွေက အဲဒီရွာကလေးမှာပဲ ရှိနေတယ်လို့သိရပေမယ့် ဘယ်သူမှ စပ်စပ်စုစု မမြင်ဖူးကြဘူး။ သူ့မှာ မောင် တစ်ယောက်ရှိတယ်လို့လို့လည်း ကြားဖူးတယ်။ အဲဒီမောင်က ဘယ်ရောက်လို့ဘယ်ပေါက်နေမှန်း ဘယ်သူမှ မသိရဘူး။ သိဖို့လည်း မလိုဘူးမဟုတ်လား။ မကာတွန်းကလည်း သူ့မောင်အကြောင်း စကားစပ်လို့တောင် ဟပ်ဟ မပြောပါဘူး။ ဆိုးလို့နဲ့တူပါတယ်။ ထားပါတော့။

ခင်မောင်စန်း အဲဒီသပွတ်ရွာဘက် အလည်သွားရင်း မကာတွန်းနဲ့ အကြောင်းပါကြတာ။ ဟုတ်မဟုတ်တော့ မသိဘူး .. ပြောကြတာကတော့ ခင်မောင်စန်း တောထဲမယ် စိတ်ပါလက်ပါနဲ့ ပဒပ်ချောင်းနေတုန်း အပေါ့အပါး အတွက် တောတိုးလာတဲ့ မကာတွန်းက သူ့ကိုမျက်လုံး ရွဲကြီးနဲ့ စိုက်ကြည့်နေတယ်ထင်ပြီး အရှက်သည်းမိတာနဲ့ ညားကြရော ဆိုလားပဲ။ ဝိပွဲစကျွဖူးစာပေါ့။ သိတယ်မဟုတ်လား။ နှစ်ယောက်စလုံးကလည်း သာမန်လူတွေနဲ့ဆို အကြောင်းပါဖို့က ခပ်ဝေးဝေးဆိုတော့ ဘယ်လိုပြောရမလဲ .. ကြောင်ခံတွင်းအိုနဲ့ ဆက်ရက်ပိုလီယူတွေကြတာကိုးဗျ။

မကာတွန်း ဒီလိုခြေမသန်တာ ခင်မောင်စန်း အစကတော့ မသိခဲ့ဘူးလား။

သိတယ်။ သိသိကြီးနဲ့ ချစ်လို့ကိုယူတာ။

အဲဒီတုန်းက မကာတွန်းက ကွမ်းရောင်းတာလေ။ အပျိုဘဝကပေါ့။ ခင်မောင်စန်းက သူ့ဆိုင်မှာ ကွမ်းဝယ်စားရင်းနဲ့သံယောဇဉ်ဖြစ်ကြတာ။ ဖြစ်လည်းဖြစ်ချင်စရာ။ မကာတွန်းက အဲဒီအချိန် ခြေထောက်မသန်ပေမယ့် ရုပ်က အနိုပ်ဗျ။ မကာတွန်းကလည်း ကွမ်းရောင်းတော့ ထရတာမျိုးမဟုတ်တာ။ တစ်ချိန်လုံးထိုင်နေရတာဆိုတော့ အရမ်းကြည့်လို့ကောင်းတယ်ဆိုပဲ။ ပြောပါပကောလား ထိုင်နေရင်အကောင်းကြီးဆို။

နောက်ပြီး မကာတွန်းက အရမ်း ယဉ်ကျေးတယ်။ ဘယ်သူတွေ လာဝယ်ဝယ်။ မော့ကြည့်တယ်ကိုမရှိဘူး။ သူ့အလုပ်သူ လုပ်နေတာ။ ဘယ်လောက်ထိလဲဆို။ မကာတွန်းကို မေးကြည့်ဖူးတယ်။

"မကာတွန်း၊ မကာတွန်း .. အစ်မတို့နှစ်ယောက် ညားတုန်းက ကိုခင်မောင်စန်း မျက်လုံးစွေနေတာ မသိဘူး လား"

ဆိုတော့ မကာတွန်းက ပြုံးရင်းခေါင်းခါပြကာ ..

"မသိခဲ့ပါဘူးကွယ် ..။ သူ့ကို တစ်ခါမှ အဲလို မမြင်ဖူးဘူး"

"အခုရော .. သူမျက်လုံး စွေတာ သိပြီလား"

မကာတွန်းက ပြုံးပြီး ခေါင်းညိတ်ကာ ..

"အခုတော့ သိပြီလေ .."

"ဘယ်လို သိသွားတာလဲ .."

ဆိုတော့ မကာတွန်းက ခဏ စဉ်းစားလိုက်ပြီး ..

"တတိယကလေးမွေးမှ သိတာလေ .."

"ပြောပါဦး ဘယ်လို သတိထားမိ သွားတာလဲ .."

"တတိယကလေးမွေးပြီးမှ ကလေးမျက်လုံးကိုကြည့်တော့ တစ်မျိုး ဖြစ်နေတယ်။ ဒါနဲ့မသင်္ကာလို့ သူ့အဖေကို ကြည့်လိုက်တော့ လားလား သူ့အဖေမှာလည်း ဒီမျက်လုံးပါလားဆိုပြီး ခြေရာခံ မိတော့တယ်။ လေးယောက်မြောက်မွေးတော့ သိလိုက်ရပြီလေ .."

ကဲ .. မပြောလား။ မကာတွန်းကလဲ အဲလောက်ထိ သိမ်မွေ့တာ။ ကလေးသုံးယောက်ရတဲ့အထိ သူ့ယောကျ်ားမျက်နှာ မကြည့်ရဲသေးဘူး။ နောက်ပြီး သူတို့လင်မယားနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက်လည်း သိပ်ချစ်ကြတာ။ ဘယ်လောက်ထိ ချစ်လဲဆို၊ ကလေးမွေးပြီး နို့ဖြတ်တဲ့အရွယ် ရောက်တာနဲ့၊ မကာတွန်း မိဘများရှိရာ သပွတ်ရွာကို ပို့ထားတော့တာပဲ။ လင်မယားကြား သားသမီးတောင် မထားဘူးဆိုတဲ့ သဘော။ ထားပါတော့။

သူတို့နှစ်ယောက်ဟာ ချို့ယွင်းချက်ကိုယ်စီနဲ့ ဆိုပေမယ့် ကလေးတွေကတော့ တစ်နှစ်တစ်ယောက်နှုန်းနဲ့ ငါးယောက်တိတိ မွေးခဲ့သဗျ။ မွေးဆို ပထမဆုံးကလေးနှစ်ယောက်က ခုနှစ်တစ်ခုတည်းမှာကို မွေးခဲ့တာဗျ။

တစ်ယောက်က နှစ်အစပိုင်းမှာမွေးပြီး နောက်တစ်ယောက် နှစ်အဆုံးပိုင်းလောက်မှာ မွေးတယ်။ အားလုံးပေါင်း ကိုးလလားပဲခြားတာ။ ဒုတိယကလေးက မိန်းကလေးဆိုတော့ ခုနစ်လနဲ့ မွေးခဲ့တာကိုး။ ရွာကလူတွေတော့ အံ့ကြောကို ဆွဲကရောပဲ ..။

နောက်ပြီး သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက်ကလည်း သိပ်ချစ်ကြတာ။ မကာတွန်းကတော့ ကိုခင်မောင်စန်းကို .. ကိုစန်းလို့ပဲ ခေါ်ပေမယ့် ခင်မောင်စန်းကတော့ မကာတွန်းကို ကာတွန်းလို့မခေါ်ဘူး။

"ကာတွန့်ရေ၊ ကာတွန့်ရေ"

နဲ့ .. အဲလို။ သိပ်ချစ်ပြီဆို အဲဒါတောင် မပီတော့ဘူး။

ကတွန့်၊ ကတွန့်နဲ့ နေတာ။ တအားကြီး ချစ်ပြီဆိုတော့၊ တွန့် .. ပဲ၊ နှာသံလေးနဲ့ ခေါ်ကြည့်။ အရမ်းခေါ်လို့ကောင်းတာ။ တွန့် .. တဲ့ ..။

သြော် .. ပြောဖို့ မေ့နေတယ်။ သူတို့ရဲ့ စီးပွားရေးအကြောင်းကို။ ခပ်ရှင်းရှင်းပြောရရင် သူတို့နှစ်ယောက်က ဘာစီးပွားရေးမှ မလုပ်ကြဘူး။ မကာတွန်းရဲ့ ကွမ်းယာဆိုင်ကလည်း သူတို့အိမ်ထောင်ကျကတည်းက သူ့မိဘက အမွေဆိုပြီး ခွဲယူသွားပြီလေ။

ဒါပေမယ့် သူတို့လင်မယားက အလုပ်မပျက် ချွေးမထွက်ဘဲ အေးအေးဆေးဆေး ထမင်းလွေးနေတာပဲ။ ပြောရမယ်ဆို ဒီလို။

ခင်မောင်စန်းရဲ့ အဘိုးတို့ အဖေတို့ဆိုတာ အလုပ်သိပ်လုပ်ပြီး သိပ်ချမ်းသာခဲ့ကြတာ။ သူတို့တွေ ဆုံးပါးသွားတော့ ခင်မောင်စန်းကို ရွှေတွေ ငွေတွေ အမွေမပေးခဲ့ပေမယ့် လက်ကြောမတင်းတဲ့ ခင်မောင်စန်းတွက် မြေတော့ အမွေပေးခဲ့တယ်လို့ဆိုရမှာပေါ့ ... သူ့မိဘတွေ ဆုံးပါးတော့ ဒီရွာရဲ့ ဗဟိုနားမှာ သူတို့ပိုင် မြေကြီးက နည်းတဲ့မြေကွက်မှမဟုတ်ပဲကိုး ..။ ခင်မောင်စန်းကတော့ သူ့အဘိုးအဖေ အမွေပေးခဲ့တဲ့ မြေကိုပဲ ပိုင်းပိုင်းပြီး ရောင်းစားရင်း အလုပ်မပျက် ချွေးမထွက်ဘဲ ထိုင်စားလာတာကိုးဗျ။ မြေရောင်းစားနေတယ်ဆိုလို့ မြေသေးသေးလေးကို ပိုင်းပြီးရောင်းစားနေတယ်မထင်နဲ့။ သူတို့ပိုင်တဲ့မြေက ရွာတစ်ခြမ်းစာလောက် ရှိတယ်။ သူကြီးအိမ်တောင် သူတို့မြေနဲ့မကင်းဘူး။ အဲဒါကို ပိုင်းပိုင်း ရောင်းစားရင်း သူတို့မြေက အခုဆို ပေနှစ်ရာလောက်ပဲ ကျန်တော့တယ်။ သူတို့ဘဝက အရမ်းအေးချမ်းတယ်။ ဘာမှကိုမလိုဘူး။ ပိုက်ဆံလိုရင် မြေလေးဖဲ့ရောင်းလိုက်။ အဲဒီပိုက်ဆံလေးနဲ့ စားနေလိုက်၊ ကုန်သွားရင် ထပ်ရောင်းလိုက်၊ အေးအေးချမ်းချမ်းစားသောက်လိုက်နဲ့ နေလာတာ။ အဲ အခုနောက်ပိုင်း သူတို့လည်း မြေမရောင်းရတော့လို့ ဣန္ဒြေပျက် အနေအထားရှိနေပြီလေ။ ဒါပေမယ့် သိတယ်မဟုတ်လား။ သူတို့လင်မယားက တစ်ယောက်ကိုတစ်ယောက် ချစ်နေရရင် ဘာမှ လိုတာ မဟုတ်တာ။

အဲ .. တစ်နေ့မှာတော့ သူတို့ရဲ့ ဘဝကို ပြောင်းတိပြောင်းပြန်ဖြစ်စေမယ့် အဖြစ်တစ်ခု မထင်မှတ်ဘဲ ကျရောက်လာခဲ့ပါရောကလား ..

ပြဿနာက ကြီးကြီးမားမားတော့ မဟုတ်ပါဘူး။ ရွာကို လူတစ်ယောက် ပြောင်းလာတာကနေ စတာပါ။ လူတစ်ယောက်ပြောင်းလာတာ မဆန်းပေမယ့် အဲဒီလူကြောင့်ပဲ ခင်မောင်စန်းတို့သာမက ရွာကြီးတစ်ရွာလုံး လှိုင်းထသလို ရှုပ်ပွသွားတော့တာကလား ..။

သူက ..

ooooo

သူ့ရုပ်က သုတစွယ်မဂ္ဂဇင်းထဲမှာပါနေကျ ပန်းကန်ပြားပျံပျက်ကျပြီး ကမ္ဘာမြေပေါ် ပေစောင်းစောင်းနဲ့ ရောက်လာရတဲ့ ဂြိုဟ်သားအီးတီရုပ်။

ခေါင်းမှာ ကြီးတယ်။ မျက်နှာမှာ သေးတယ်။ မျက်လုံးမှာ ပြူးတယ်။ နှာခေါင်းမှာ ပြားတယ်။ ပါးစပ်မှာ ပြဲတယ်။ သွားမှာ ချွန်တယ်။

ခန္ဓာကိုယ်က ဗိုက်ပူနံကားလေးပါပဲ။ ဒါပေမယ့် ခန္ဓာကိုယ်နဲ့ မလိုက်အောင် လက်ကရှည်နေတယ်။

ဒါကြောင့် သူ့ကိုတစ်ရွာလုံးက တညီတညာတည်း နာမည်ပေးထားတယ်။

အီးတီ .. တဲ့။ လိုက်ပါတယ်။

အီးတီရွာကိုရောက်လာပုံကိုက ထူးဆန်းတယ်။ ရောက်လာတာကလည်း သုတစွယ်စုံထဲက ပန်းကန်ပြားပျံပျက်ပြီး ယောင်ပေပေ ရောက်လာတဲ့ အီးတီလိုမျိုးပဲ။ သူဘယ်လို ရောက်လာတယ်ဆိုတာ ဘယ်သူမှမသိလိုက်ဘူး ရိပ်ခနဲပဲ။

ဖြစ်ပုံက ဒီလို။

မနက်ဝေလီဝေလင်း အချိန်မှာပဲ၊ ရွာရဲ့ ဈေးနားမှာ အီးတီအပါအဝင် လူငါးယောက် ဆိုင်ခန်းတစ်ခု လာဆောက်နေတာ တွေ့ရတယ်။

ရွာဈေး ဆိုတာကလည်း ဆိုင်လေးငါးဆိုင်ပဲ ရှိတာ။ ဝက်ပေါ်တဲ့နေ့ဆို ဝက်ရတယ်။ အမဲပေါ်တဲ့နေ့ဆို အမဲရတယ်။ ဘာမှမပေါ်ရင် အမြဲပေါ်နေတတ်တဲ့ ဒေါ်ဘုမကြီးရမယ် .. အဲလေ .. ဒေါ်ဘုမကြီး အမြဲပေါ်ရောင်းနေတဲ့ ကြက်သားရမယ် ပြောပါတယ်။ အခြားဟင်းသီးဟင်းရွက်နဲ့ ကုန်ခြောက်တွေဖြစ်တဲ့ ဆန်၊ အာလူး၊ ကြက်သွန် စသည်ဖြင့် ရောင်းတာမျိုးရှိတာပေါ့။ ဒီလောက်ပါပဲ။ ဒါကြောင့် ဈေးရောင်းချင်ရင် ဘယ်သူမဆို အဲဒီဈေးထဲက မြေကွက်မှာ ကြိုက်တဲ့ဆိုင်ခန်းဆောက်ရောင်း။ ဘာပိုက်ဆံ အခွန်အခမှ ပေးစရာမလိုဘူး။ စိတ်ပါလက်ပါ ဈေးရောင်းပေးတာကိုပဲ ရွာအတွက် ကျေးဇူးကြီးလှပြီ။ အဲဒီလိုမျိုး။ ဒါတောင် ဝယ်လိုအားက အရမ်းနည်းတော့ ဘယ်သူမှ ဈေးမရောင်းချင်ကြဘူး။ တကယ်တော့လည်း ရွာကလူတွေက ကိုယ့်ဘာသာကိုယ် ငါးရှာဖားရှာ စားကြတာ ဆိုတော့ ဘယ်မှာဈေးရောင်းဖို့ လိုလို့တုံး။ အဲဒီလိုအချိန်မှာ အီးတီက ဆိုင်ခန်း ဆောက်ပြီး ဈေးရောင်း မယ်ဆိုတော့ အားလုံး စိတ်ဝင်စားကုန်ကြတာပေါ့။

သူ ဘာရောင်းမှာလဲ။

ဒီရွာနဲ့ သင့်တော်အောင် ဘာရောင်းစရာ ရှိလဲပေါ့။

အဲဒီလို စိတ်ဝင်စားနေကြတုန်းမှာပဲ အီးတီက အချောသတ်လုနီးပါး သူ့ဆိုင်ခန်းကို ဆိုင်ဘုတ်တင်လိုက် တယ်။

ရတနာသိုတ်ဆေးဆိုင် ..

တဲ့ ..။ အမှန်တော့ ရတနာသိုက်ဆေးဆိုင်ပါ .. ဒါပေမယ့် ဒီရွာမှာ ပန်းချီဆရာ ဆိုင်းဘုတ်ဆရာ ဘာဘာ ညာညာ မရှိတော့ အီးတီရဲ့လက်ဖြစ်ဆိုင်းဘုတ်က 'သိုက်' ရမယ့်အစား လက်ချော်ပြီး 'သိုတ်' သွားတာ .. ဒါပေမယ့် ဒါကိုလည်း ဘယ်သူမှစိတ်မဝင်စားကြပါဘူး၊ သူတို့စိတ်ဝင်စားတာက ဆေးဆိုင်ဆိုတာကိုပဲ ..။ လူတွေအားလုံး အံ့အားသင့် သွားကြတယ်။ ဟုတ်တယ်လေ ..။ ရွာမှာ ဆေးဆိုင်မပြောနဲ့၊ ဆေးရုံဆေးခန်းတောင်ရှိတာ မဟုတ်ဘူး။ တစ်ပါတ်တစ်ခါလောက်မှ မြို့နယ်ကျန်းမာရေးမှူး ဆင်းလာပြီး တစ်ရွာလုံးကို လိုက်စစ်ပေးတာ။

ကျန်းမာရေးမှူး ဆိုတာကလည်း ဆရာဝန် မဟုတ်ဘူးနော်။ ဘယ်လိုခေါ်မလဲ ..။ ကျန်းမာရေး သင်တန်း ဆင်းတွေပေါ့။ နောက်ပြီး ဗိန္ဒောဆရာ၊ မြန်မာဆရာတွေတော့ ရှိတာပေါ့။ ဒါလည်း များများစားစား မဟုတ်ဘူး။ တစ်ယောက်စ နှစ်ယောက်စရယ်။ အဲဒီကြားထဲမှာ အီးတီက ဆေးဆိုင်အခိုင်အမာ လာဖွင့်တော့ လူတိုင်း အံ့အား သင့်ကုန်ကြတာ ပေါ့။

အောင်မာ .. အီးတီက ဆေးခန်းလာဖွင့်တာတောင် ဘယ်လိုလုပ်တယ်မှတ်လဲ ..။

"အခုထဲက ကြိုပြီး ဖျားထားကြနော် .. ဆေးခန်းစဖွင့်တဲ့နေ့မှာ အရောင်းမြှင့်တင်ရေးအနေနဲ့ နေမကောင်း ဖြစ်တဲ့သူအားလုံးကို ဆေးအလကား ပေးမှာဗျ"

ဆိုပြီး ကြော်ငြာလိုက်တယ်။ ထိရောက်ပါတယ်။ သူကြော်ငြာတာလည်း ကြားရော ရွာမှာရှိတဲ့ ကလေး လူကြီး ပုက္ကုဝေနေယျတွေ .. တစ်ရွာလုံးက အလုပ်တွေကို ပစ်ပြီး ဖျားကြ နာကြတော့တာပဲ။

ဟုတ်တယ်လေ၊ အားလုံးက မိုးခါးရေသောက်ပြီး ဖျားနေကြမှတော့ ကိုယ်လည်း ခေါင်းကိုက် ဗိုက်အောင့် လောက်တော့ ဖြစ်ပေးလိုက်ရတော့မပေါ့။

မနက်မိုးလင်းတာနဲ့ အီးတီရဲ့ရတနာသိုက်ဆေးဆိုင်ရှေ့မှာ ရွာသားတွေ ကြိတ်ကြိတ်တိုး စည်းကားနေတော့ တာပါပဲ။ ခါတိုင်းဆို မနက်ဘက်မှာ အလုပ်ဆင်းဖို့တောင် မနည်းကုန်းရုန်းထနေကြရတဲ့လူတွေ။ အခုတော့ .. ဟိုလူက ခေါင်းကိုက်လို့၊ ဒီလူက ဗိုက်အောင့်လို့ စသည်ဖြင့်ဗျာ။ ခါတိုင်းဆို တစ်သက်လုံး ရောဂါမဖြစ်ဖူးတဲ့ လူတွေတောင် ဆေးအလကားရမှာမို့ ကောက်ခါငင်ခါကို အာဂန္တုရောဂါတွေ ဖြစ်ကြတော့တာကိုးဗျ ..။

အားလုံး အနွေးထည်အကျီတွေ။ စောင်တွေခြုံလို့ နေမကောင်းချင်ယောင်ဆောင်ပြီး အီးတီဆေးဆိုင် ဖွင့်ချိန် စောင့်နေကြတာ ရွာလုံးကျွတ်ပါပဲလား။ ပေါက်ပေါက်မြောက်မြောက် လူများရှိလို့ကတော့ ဂရင်းနစ်စံချိန်တောင် ထည့်လို့ ရတယ်။ အဖျားဆုံးရွာ ဆိုပြီးတော့လေ။

"ဟင်"

သောင်းကျန်းသူများဝိုင်းသလို သူ့ဆိုင်ကို ဝိုင်းထားတဲ့ ရွာသားတွေကိုမြင်တော့ အီးတီရဲ့ ပြူးပြီးသား မျက်လုံး ပိုပြူးသွားတယ်။ နောက် အူကြောင်ကြောင်နဲ့ ..

"ဘာ .. ဘာများဖြစ်လို့လဲခင်ဗျာ .. ကျွန်တော်ဘာများ လုပ်မိလို့လဲဟင်"

သူ့အမေးကို ထိပ်ဆုံးတန်းရောက်အောင် ညကတည်းက နေရာဦးထားတဲ့ ဦးလေးခေါင်းသေးက ..

"ဘာအခုမှ အူကြောင်ကြောင် လုပ်နေတာလဲ .. မင်းပဲကြော်ငြာထားတယ်လေ .. ဒီနေ့နေမကောင်းတဲ့လူတွေ ကို ဆေးအခမဲ့ဒါနပြုမယ်ဆို အခု တစ်ရွာလုံးဖျားပြီ .. ကဲ .. ဆေးပေးတော့"

"ဟင် .."

ဦးလေးခေါင်းသေးစကားကြောင့် အီးတီမျက်လုံးပြူးသွားတယ်။ ပြီးတော့ ယီးတီးယောင်တောင်နှင့် အားလုံးကို လက်ညှိုးငေ့ထိုးပြီး ..

"ဟင် .. ဒါဆို တစ်ရွာလုံး နေမကောင်းဖြစ်ကြတယ်ပေါ့"

"အေး .. ဟုတ်တယ် ..။ တစ်ရွာလုံး ဒီနေ့စပြီး ဖျားကြတာ ငါဆို မွေးကတည်းက မပေါ်တဲ့ ချောင်းဆိုး .. ကြက်ညှာ .. ရင်ကျပ် .. သလိပ်ကပ် ဒီနေ့မှ ပေါ်လို့ အဟွတ်၊ အဟွတ် .."

ဦးလေးခေါင်းသေးနောက်က တန်းစီထားတဲ့ ဘကြီးကျံရဲ့စကား၊ အီးတီက သူ့ခေါင်းကိုသူ ပြန်ကုတ်ပြီး ..

"ဟင် .. ဒါတော့ ဖြစ်နိုင်ပါ့မလား။ ရွာလုံးကျွတ်ကြီး စုဖျားကြတာ ဆိုတော့ .."

သူ့စကားကို ရွာအနောက်ဖျားက ဒေါ်ဖွားတက်က ..

"အိုအေ .. တို့ရွာက ပိုက်ဆံကုန်တဲ့ ရွာဘုရားပွဲတောင် ရွာလုံးကျွတ်အလှူ လုပ်သေးတာတာ။ ဒီလိုဖျားတာကတော့ အလကားဖျားရတာပဲ .. ဖျားမှဖျား၊ ဟင်း .. ပြောရင်း ဆိုရင်း အဖျားက တက်လာပြန်ပြီ ဂတ်ဂတ် .. ဖွားတက်က အဖျားတက်ရင် တအားတက်တာနော် .. ဂစ်"

ဆိုပြီး သူယူလာတဲ့ စောင်စုတ်ကြီး ဆွဲခြုံလိုက်သေးတယ်။ ဒါကို အီးတီက ဇဝေဇဝါနဲ့ ..

"ရွာဘုရားပွဲက .. အဲ .. ဟိုးနောက်က နွားတစ်ရှဉ်းကရော .."

သူ့စကားကို နွားဆွဲလာတဲ့ ဦးမောင်ငိုက ..

"ငါ့နွားတွေက မနက်ကမှ ကောက်ရိုးဝါးရင်း အမြှုပ်တွေ ထွက်လာလို့ နေမကောင်းဘူးထင်ပြီး မင်းဆီ ဆွဲလာတာ၊ ဒီကောင်တွေအတွက် ဆေးနှစ်ဖုံ၊ ငါ့အတွက်ကတစ်ဖုံ မြန်မြန်လုပ်ကွာ .. အဖျားက ငယ်ထိပ် ရောက်တော့မယ်"

"ဟင် .."

နွားပဲ အစာစား၊ စားမြုံပြန်ရင်တော့ အမြှုပ်ထမှာပေါ့။ အခုမှ ရေးကြီးခွင်ကျယ်လုပ်ပြီး နွားအစာစားတာကို အမြှုပ်ထလို့ဆိုပြီး ဆေးလာတောင်းနေတယ်။ အီးတီကလည်း ဒီနေ့မှ ဆိုင်ဖွင့်မှာရယ်နဲ့၊ နောက်ပြီး သူ့အခမဲ့ ဆေးပေးမယ်ဆိုတဲ့ စကားရှိထားတော့ မပြောသာတော့ဘူးပေါ့။ ဒါနဲ့ပဲ ..

"ကဲ .. ကဲ .. ဒါဆိုလည်း တန်းစီဗျာ .. တစ်ယောက်စီကို ဆေးပေးမယ်"

ဆိုပြီး တန်းစီခိုင်းလိုက်တယ်။ နောက်မှ တစ်ယောက်စီကို ခေါ်ပြီး ..

"ကဲ .. ဘာဖြစ်လဲပြော"

"ခေါင်းကိုက်လို့ .."

"ဗိုက်ရော အောင့်သေးလား"

"အဲ .. နည်းနည်းတော့ အောင့်တယ်။ ဟိုလေ .. ခြေဆစ်လက်ဆစ်လည်း ယောင်နေသလိုပဲ .. အဲ .. သားအယ်ကောင်ကလည်း ကိုယ်နည်းနည်းပူနေလို့ .."

"ကိုယ်ဖြစ်တဲ့ ရောဂါကိုသာ ပြောပါ၊ ကိုယ်စားတော့ မပေးနိုင်ဘူး"

အီးတီက လှည့်တောင့်မကြည့်ဘူး။ ဘောက်ဆက်ဘောက်ဆက်နဲ့ နီးစပ်ရာဆေးပုလင်းယူပြီး ပေးတော့တာ။ ဆေးပေးတာ တရုတ်သိုင်းကားကြည့်နေရသလိုပဲ။ အရမ်းလျင်တယ်။ အရမ်းလှတယ်။ ဆေးပုလင်းတွေက လေပေါ် ပျံဝဲနေတာ။ နောက်ပြီး သူပေးတဲ့ဆေးတွေမှာ အရောင်အစုံ၊ ပုံစံအစုံ၊ အရသာအစုံ ပါတယ်။

လေးထောင့်လည်းပါတယ်။ တြိဂံလည်း ပါတယ်။ ခြောက်မြှောင့်ထောင့်လည်း ပါတယ်။ ပန်းရောင် လည်းပါတယ်။ အပြာလည်းပါတယ်။ မီးခိုးလည်းပါတယ်။ နှစ်ရောင်စပ် သုံးရောင်စပ်တွေလည်းပါတယ်။ အဖြူ

ရောင်ကတော့ ပြောမနေနဲ့တော့။ အရသာက ချင်ငန်ဖန်စပ်ခါး အစုံပဲ ..။ ဆေးထဲမှာ ကြံဖူးသလောက် အစပ်ဆိုတာ ဘယ်သူမှ ကြံဖူးတာ မဟုတ်ဘူး။ အဲ .. အီးတီဆေးမှာတော့ အစပ်ပါ ပါတယ်။ သူကိုယ်တိုင်ဖော်စပ်ထားတဲ့ ..။ အအေးမိအခိုးပွင့်ဆေး။ သူပြောတာကတော့ သံပရာခွဲရယ်၊ နနွင်းတက်ရယ်၊ ငရုတ်ကောင်းရယ်၊ ကုလားအော်ရယ်၊ စမုန်မျိုးငါးပါးရယ်ကို အချိုးကျရောပြီး ကြိတ်ထားတာတဲ့။

ဆေးတစ်လုံး တစ်လုံး လက်မလောက် ရှိတယ်။ သောက်ချလိုက်လို့ကတော့ အခိုးပွင့်သလား မမေးနဲ့။ နှာခေါင်းထဲ မရှိတဲ့နှပ်တောင် ရှာကြံထွက်လာတာ။ ချွေးဆိုတာမျိုးကတော့ ပြောမနေနဲ့ ထိုင်နေရင်းကို လယ်သုံးကွက် ထွန်စာလောက်ထွက်တာ .. လူကို မျော့ကရော့ပဲ။

ထားပါတော့ ..။

နောက်ရက်တွေကျတော့ နှစ်ယောက်ဆုံး၊ ငါးယောက်အန်၊ သုံးယောက်မျက်ဖြူလန်လောက်ဖြစ်ပြီး ရွာက ပုံမှန်အတိုင်း ပြန်ဖြစ်သွားတော့တယ်။ လယ်ထွန်သူထွန်၊ ကောက်စိုက်သူစိုက်ပေါ့။ အဲ .. ဒါပေမယ့် ရွာမှာ အီးတီဆေးဆိုင်ရောက်လာတော့ ရွာသားတွေအားလုံး ဖျားရနာရ ကောင်းမှန်းသိသွားကြပြီပေါ့။ ခါတိုင်းဆို တော်ရုံခေါင်းကိုက်ရင်တောင် ဘာမှမဖြစ်သလိုနေကြတဲ့သူတွေ၊ အခုတော့ အီးတီရဲ့ရတနာသိုက်ရှေ့ ရောက်တတ်နေကြပြီ။

အီးတီဆေးဆိုင်ဖွင့်ပြီးမှ အဓိကဖောက်သည် ဖြစ်လာတာ ခင်မောင်စန်းနဲ့ မကာတွန်းတို့ လင်မယားပဲ ..။ ဖောက်သည်ဖြစ်နေရခြင်း အကြောင်းရင်းကလည်း သိတဲ့အတိုင်း နှစ်ယောက်လုံးကလည်း ရောဂါသည်တွေ။ တစ်ယောက်က ပိုလီယိုသမား။ တစ်ယောက်က ဝိပ္ပံမျက်လုံးသမား။ သူတို့လည်း ကောင်းလိုကောင်းငြား ကုရှာပါတယ်။

အီးတီကလည်း အာမခံတာကိုး ..။

သူ့ဆေးသာ မှန်မှန်သောက်သွား။ ဒီမွေးရာပါရောဂါ ဒီတစ်သက် မကောင်းရင်တောင် နောင်တစ်သက် ကောင်းရမယ်ဆိုပြီး ..။

ဟုတ်တယ်လေ .. ဒီလိုရောဂါကြီးကို ဒီဘဝဒီမျှထားပြီး နောက်ဘဝမှာတော့ လုတပတကြီး နေချင်ရှာကြသေးသကိုး ..။

ဒါနဲ့ပဲ ဟိုနှစ်ယောက်လည်း အီးတီကိုယုံပြီး နေ့စဉ်ဆေးမှန်မှန်ဝယ် သောက်ကြရှာပါတယ်။ ဘယ်သူမဆို လူစဉ်တော့ မှီချင်တာပေါ့။

ဒါကိုတောင် အီးတီက သူ့ဆီဆေးလာဝယ်ပြီဆို ..

"ကိုခင်မောင်စန်းကြီး၊ မျက်လုံးကို အတော်တည့်လာပြီဗျ။ ကျုပ်ဆေးသာ မှန်မှန်သောက်သွား၊ သေခါနီး အသက်ငင်လို့တက်သွားရင် မျက်လုံးပြန်တည့်လောက်တယ်။ ဘာပဲဖြစ်ဖြစ် မသာလှတာပေါ့ဗျာ။ အဟားဟား"

ဆိုပြီး အယုံသွင်းသေးတာ။

"မကာတွန်းကြီး၊ လမ်းလျှောက်ရတာ ဘယ့်နှယ့်နေလဲ။ ကျွန်တော် မျက်စိထဲမှာတော့ ကာတွန်းနဲ့ မတူတော့ဘူး။ ရုပ်ပြဘက်ကို ရောက်လာပြီထင်တယ် .. စိုင်းလားရှိုးတို့ ကျော်အောင်တို့ရေးတဲ့ ရုပ်ပြထဲက မင်းသမီးလေးတွေလည်း မကာတွန်းလိုပဲ .. လမ်းလျှောက်ရင် .. စကားပြောရင် .. အိစိအိစိနဲ့ .. ဟိဟိ .."

စသည်ဖြင့်ပေါ့။ ပြောဆိုလို့ကောင်းလို့သာ ပြောနေတော့တာ။ သူ့အစားရချောင် ပြီးရောဆိုပြီး ..။ ဒါပေမယ့် သိတယ်မဟုတ်လား။ မွေးရာပါပိုလီယိုသမား။ မွေးရာပါမျက်စိစွေသမား ဘယ်လိုလုပ် ပြန်ကောင်းမှာလဲ .. ကမ္ဘာပေါ်မှာ ကောင်းတဲ့လူတစ်ယောက်မှ မရှိဘူးထင်တယ်။ ဒါတောင်အီးတီက ဘာစည်းရုံးသေးလဲသိလား။

"ကိုခင်မောင်စန်းရ .. ခင်ဗျားလိုမျက်လုံးသမားက မျက်မှန်တပ်လိုက်ရင် မသိသာပေမယ့် မကာတွန်းအတွက် လိုတယ်ဗျ"

"တွန့်တွန့်အတွက် ဘာလိုလို့လဲ ဆြာတီ"

ဟိုကလည်း မယားချစ်သမားဆိုတော့ သိတယ်မဟုတ်လား။ မိန်းမအသံကြားတာနဲ့ ပျာပြီ။ ဒါကို အကြောကိုင်တတ်တဲ့ အီးတီက ခပ်ရွှရွှလေး ပြုံးပြီး ..

"ဗိုးချဲလ်လိုတာလေ .. ဗိုးချဲလ်လိုတာ"

"ဗိုးချဲလ် .."

အီးတီပြောတဲ့ ဗိုးချဲလ်ဆိုတာကို ခင်မောင်စန်း မကြားဖူးဘူးဖြစ်နေသည်။ ဒါကိုအီးတီရှင်းပြတယ်။

"ဒီလိုဗျ .. ကိုခင်မောင်စန်းရ ဗိုးချဲလ်ဆိုတာ အောက်ပိုင်းမသန်တဲ့ သူတွေအတွက် သက်သက်တီထွင်ထားတာမျိုးဗျ။ သူက အောက်ပိုင်းသေသူတွေ လမ်းမလျှောက်ရအောင် ဘီးနှစ်ဘီး ထိုင်ခုံတစ်ခုလုပ်ထားတာ။

စီးသူက ဘီးကလေးကို အလှမပျက်ချွေးမထွက် တွန်းတွန်းသွားရတာ။ အခုခင်ဗျားမိန်းမ မကာတွန်း လမ်းလျှောက်သွားနေတာ ဘယ်မှာကြည့်လို့ကောင်းလို့လဲဗျာ။ ဝိုးချဲလ်လေးနဲ့သာဆိုရင် ဣန္ဒြေရရ သွားနိုင် လာနိုင်ပြီ"

အီးတီစကားကြောင့် ခင်မောင်စန်း စိတ်ဝင်စားသွားတယ်။

"လုပ်စမ်းပါဦးဗျာ။ ခင်ဗျားပြောတဲ့ ဝိုးချဲလ် ဘယ်မှာဝယ်လို့ရလဲ .."

သိတယ်မဟုတ်လား။ ဟိုကလည်း မိန်းမအတွက်ဟော့ ဆိုပြီးပြီ။ အီးတီကလည်း ဒီအကွက်ကို သိတယ်လေ ..

"ဝိုးချဲလ်က ဒီမှာ ဝယ်လို့ မရဘူးဗျ။ ဒါပေမယ့် ကျွန်တော်တီထွင်တတ်ပါတယ်"

"ဘာနဲ့ တီထွင်ရမှာလဲ .."

ခင်မောင်စန်း သိချင်စိတ်နဲ့ မေးတယ်။ အီးတီက အီးတီပြုံး ပြုံးပြီး ..

"နိုင်ငံခြားမှာကတော့ စက်ဘီးကဘီးမျိုးနဲ့ တီထွင်ကြတာပေါ့ဗျာ"

အီးတီစကားကို ခင်မောင်စန်း ကြောင်ပြီး ငေးကြည့်နေတယ်။ ဒါကို အီးတီက သူ့ရဲ့ကြီးမားလှတဲ့ခေါင်းကို ဖြည်းညင်းစွာညိတ်ပြီး ..

"ဒါပေမယ့် ဒီရွာမှာ စက်ဘီးဝယ်ဖို့ မလွယ်ဘူးလေ"

"အင်း မတွေ့ပါဘူး။ ဘယ်မှာရှိမလဲ.."

"စက်ဘီးက ဒီမှာတော့ မရှိပါဘူးဗျ။ မရှိတဲ့ဟာကို ရှာနေလို့လည်း ပြီးမှာမဟုတ်ဘူး။အဲ .. ဒါပေမယ့် ခင်ဗျားမိန်းမအတွက် ဝိုးချဲလ်ကို နွားလှည်းဘီးနဲ့ပဲ ထီထွင်ရမှာပဲ .."

"နွားလှည်းဘီးနဲ့ ..။ နွားလှည်းဘီးကို ဘယ်လိုလုပ်ရမှာလဲ"

"နွားလှည်းဘီးနှစ်ခုကြားမှာ ထိုင်ခုံထည့်ရမယ်ဗျ။ ခင်ဗျားမိန်းမက အဲဒီခုံမှာ ဝင်ထိုင်ပြီး ဘီးကိုလိမ့်သွားရုံပါပဲ .."

"သြော် .. ဒီလိုလား"

ခင်မောင်စန်းက ဘာမှမသိပေမယ့် ယောင်ယောင်ကမ်းကမ်းနဲ့ ခေါင်းညိတ်တယ်။

ဒါကို အီးတီက ခုံနေရာရွှေ့ထိုင်လိုက်ပြီး ..

"အဲဒါ ခင်ဗျား .. နွားလှည်းဘီးနှစ်ဘီး ဝယ်လိုက်ရင်ပြီးပြီ။ ခင်ဗျားမိန်းမအလှမပျက် ချွေးမထွက်ဘဲသွားလို့ရပြီ"

ခင်မောင်စန်း ဘာမှမပြောနိုင်တော့ဘူး။ မိန်းမကို ချစ်တာရယ်၊ အီးတီအကြံကို အနည်းငယ် လက်ခံတာရယ်။ နောက်ပြီး အားနာတာရယ်ပါပေါ့။

"အင်း .. ဟုတ်တော့ဟုတ်ပါပြီ။ အဲ .. ဒါပေမယ့် ကျွန်တော့်မှာက နွားလှည်းဘီးဝယ်ဖို့ပိုက်ဆံက .."

ဟုတ်တယ်လေ။ သူ့ခမျာလည်း မြေလေးရောင်းရမှ အဆင်ပြေတဲ့ဟာကို ..။

"ဒီလိုလုပ်လေ .."

သူ့စကားမဆုံးမီပင် အီးတီက ဖြတ်ပြောလိုက်တယ်။

"ဒီလိုလေဗျာ .. ခင်ဗျားကို ကျွန်တော်နွားလှည်းဘီး အလကား ပေးလိုက်မယ်"

"ဗျာ .. တကယ်လား"

အီးတီစကားကြောင့် ခင်မောင်စန်း ဝမ်းသာသွားတယ်။ အီးတီက ခပ်ဖွဖွပြုံးလိုက်ပြီး ..

"တကယ်ပေါ့ဗျာ။ အဲ .. ဒါပေမယ့် ခင်ဗျားဘက်က ကျွန်တော့်ကို တစ်ခုလုပ်ပေးရမယ်"

"ဘာ .. ဘာလုပ်ပေးရမလဲ"

ခင်မောင်စန်းရဲ့အလောတကြီး အမေး။ ဒါကို အီးတီက ဟိုကြည့်ဒီကြည့်လုပ်ပြီး အသံကို နှိမ့်လို့ ..

"ခင်ဗျားလုပ်ပေးရမှာ ဘာမှမပင်ပန်းပါဘူး"

"ပြောပါဦး"

အီးတီက ခင်မောင်စန်းကို အသေအချာကြည့်ကာ ..

"ကျွန်တော် ခင်ဗျားဆီက မြေနည်းနည်းလိုချင်တယ်"

"မြေ .."

"ဟုတ်တယ်။ များများစားစား မဟုတ်ပါဘူး။ ကျွန်တော်လိုချင်တဲ့ နေရာရမယ်ဆို လေးပေတည်းယူမှာ .. လေးပေတည်း"

ခင်မောင်စန်း အံ့အားသင့်သွားပြီး .. အီးတီကိုပြန်ကြည့်သည်။ အီးတီက ပြုံးတယ်ဆိုရုံလေး ပြုံးလိုက်ပြီး ..

"ဟုတ်တယ် လေးပေတည်း"

"ဟင် .. ခင်ဗျားက မြေလေးပေတည်း ဘာလုပ်ဖို့လဲ .."

ခင်မောင်စန်းအမေးကို အီးတီ မလုံမလဲ ဖြစ်သွားပြီး ခေါင်းကုတ်လိုက်၊ ပေါင်ကုတ်လိုက်နဲ့ ..

"ဟိုလေ .. အဟဲ .. ကျွန်တော် .. ကျွန်တော် .. အဲ .. အိမ်သာဆောက်မလို့"

"အိမ်သာ"

"အင်း .. အဟဲ .."

အီးတီစကားကြောင့် ခင်မောင်စန်း အံ့အားသင့်သွားသည်။

သူ့စိတ်ထဲ ဘယ်လိုမှ မစဉ်းစားလို့ အဖြေပေါ်ပုံ မရဘူး။ ဒါကြောင့် ..

"အိမ်သာဆိုတာ ဘာလဲ .."

"အိမ်သာ ဆိုတာ ဟိုလေ .. အပေါ့အလေးသွားဖို့ .. အဟဲ .."

"ဟင် .. အဲဒီအတွက် အိမ်သာ .. အိမ်သာက လိုလို့လား .."

"ဟုတ်။ ကျွန်တော့်အတွက်လိုတာဗျ။ အပေါ့၊ အလေးသွားဖို့ .. အဟဲ"

"နို့ .. နေပါဦး။ အပေါ့အလေးသွားတာများ၊ တောတိုးလိုက်ရင် ပြီးနေတဲ့ဟာကို"

ခင်မောင်စန်းရဲ့ စကား။ သူပြောတာလည်း ဟုတ်တယ်။ ဒီကရွာသားအားလုံး အဲဒီကိစ္စ တောထဲမှာပဲ ဖြေရှင်းနေကျကိုး .. ကျုပ်တို့ ရွာသားတွေအားလုံး ဒီတောထဲပဲ တိုးကြတယ် .. ဆိုပြီး တီဗီမှာ ကြော်ငြာရမလိုပဲ။ ဒါကို အီးတီက သွားလေးဖြဲပြီး ..

"ဟုတ် .. အဲ .. မဟုတ် .. ကျွန်တော်ကလေ .. အဲလိုမသွားတတ်လို့ .. အဲဒါကြောင့် အဟဲ .."

အီးတီဖြစ်နေပုံကို ကြည့်ပြီး ခင်မောင်စန်း ဇဝေဇဝါ ဖြစ်သွားတယ်။ ဒါကြောင့် ..

"ဒါဖြင့်လည်း ဒီဆိုင်အနောက်မှာပဲ"

"ဒီဆိုင် အနောက်မှာကျတော့လည်းလေ .. ဟို .. လူမြင်မကောင်းဘူးထင်လို့ .. ဟီးဟီး .. ကျွန်တော်က သိပ်အရှက်အကြောက်ကြီးတာ .. ဟီး .. ဟီး .."

အရှက်အကြောက်ကြီးတယ်ဆိုပြီး အရှက်မရှိ သွားကြီးဖြဲပြီး ရယ်ပြနေတော့တာ။ အီးတီကို ကြည့်ပြီး ခင်မောင်စန်းလည်း တွေဝေနေတော့တာ။ ဒါကိုအကွက်မြင်တဲ့ အီးတီက ..

"လုပ်ပါဗျာ။ မြေကလေးလေးပေနဲ့ ခင်ဗျားမိန်းမအတွက် ဝိုးချဲလ်တစ်ခုနဲ့ မလဲနိုင်ဘူးလား။ ခင်ဗျားပဲ ပြောတယ်။ မကာတွန်းကို ချစ်တယ်ဆို .."

မကာတွန်းအသံကိုကြားတာနဲ့ ခင်မောင်စန်း ခေါင်းထောင်သွားတယ်။ ပြီးတော့ ချက်ချင်းအသံသြကြီးနဲ့ ထွက်လာတာက ..

"လဲမယ်ဗျာ .. ဒါပဲ .. မိန်းမချစ်တာတော့ ပြောဖို့တောင်မလိုပါဘူး .. ကျုပ်လောက်ချစ်တဲ့လူ တွေ့ချင်လို့ ကတော့ .. ပြတိုက်မှာ သွားကြည့်ရလိမ့်မယ်"

တဲ့ ..။ ကြည့် ခင်မောင်စန်းတို့ မိန်းမချစ်ပုံ။

ooooo

သိပ်မကြာပါဘူး။ နောက်တစ်နေ့မှာပဲ အီးတီနွားလှည်းဘီးကြီးနှစ်ခုတွန်းပြီး ရွာပြန်ရောက်ချလာတယ်။ ရွာသားတွေဆို အားလုံးအံ့အားသင့်ကုန်ရော။ ဟုတ်တယ်လေ .. နွားလှည်းဘီးဆိုတာ လူတိုင်း နွားနဲ့ပဲ တွဲမြင်ဘူးကြတယ်။ အခုအီးတီ ရွာထဲကို နွားလှည်းဘီးနှစ်လုံးပူးကြီး တွန်းချလာတော့ လူတိုင်းစိတ်ဝင်စားကြတယ်။

အီးတီကတော့ ခပ်တည်တည်ပဲ။ နွားလှည်းဘီးကို ခင်မောင်စန်း အိမ်ရှေ့ထိုးရပ်လိုက်ပြီး ..

"ရော့ .. ဒီမှာ နွားလှည်းဘီး ကိုယ့်ဘာသာ ကိုယ်လည်သလိုသာ ဝိုးချဲလ်လုပ်ပေတော့"

ဆိုပြီး ထိုးပေးလိုက်တယ်။ ဒါကို ခင်မောင်စန်းမိန်းမ မကာတွန်းက ..

"ကိုစန်း .. အဲဒါကြီးက ဘာလုပ်ဖို့တုံး .."

ဆိုတော့ ခင်မောင်စန်းက ပီတိမျက်နှာနဲ့ ..

"တွန့် အတွက်ပေါ့ကွယ်။ တွန့်အတွက် ဝယ်ပေးထားတာ .."

ခင်မောင်စန်းစကားကြောင့် မကာတွန်း မျက်လုံးပြူးသွားပြီး ..

"ဟင် ဒီအရွယ်ကြီးကျမှ ကျွန်မက နွားလှည်းဘီးနဲ့ ဘာလုပ်ရမှာတုံး နောက်ပြီး ကျွန်မက ခြေထောက် လည်းသန် .."

မကာတွန်းက အူကြောင်ကြောင်နဲ့ပြောတယ်။ ဒါကို ခင်မောင်စန်းက ..

"တွန့် ဘာမှမသိဘဲ ပြောပါနဲ့ကွယ် ..။ ဒီနွားလှည်းဘီးနဲ့ တွန့်အတွက် ဝှီးချဲလ်လုပ်ပေးဖို့ဟ .."

"ဝှီးချဲလ် ဆိုတာဘာလဲဟင် .."

မကာတွန်းအမေးကို ခင်မောင်စန်းက ပိုင်ပိုင်ကြီး ပြုံးလိုက်ပြီး ..

"ဩော် .. မိန်းမရာ .. ဝှီးချဲလ်ဆိုတာ ဒီလိုလေ .. အဲ .."

ဆိုပြီး ခေါင်းကုတ်တယ်။ သူ့ခမျာ ဝှီးချဲလ်ဆိုတာကိုလည်း သိတာမဟုတ်တော့ ဘယ်ကစပြီး ရှင်းပြရမှန်း မသိဘူး။ ဒါနဲ့ပဲ ခြံထဲ မြေလိုက်ပတ်ကြည့်နေတဲ့ အီးတီဘက်လှည့်ပြီး ..

"ဆြာတီ .. ဝှီးချဲလ်ဆိုတာ ဘာလဲဆိုတာ တွန့်တွန့်ကို ရှင်းပြလိုက်ပါဦး .."

ဆိုတော့ အီးတီက သူတို့ဘက် ပြန်လှည့်လာပြီး ..

"ဝှီးချဲလ်ဆိုတာ နိုင်ငံခြားနဲ့ မြို့ကြီးတွေမှာ မကာတွန်းတို့လို အောက်ပိုင်းမသန်တဲ့သူတွေ သုံးတာပေါ့"

"အလိုတော် .. သန်ပါ့ .. မယုံရင် .. အပြေးပြိုင်ဦးမလား"

မကာတွန်းက သူ့အောက်ပိုင်းကို သူများပြောတာကို လုံးလုံးအထိခံတာမဟုတ်ဘူး။ သူ့ကိုယ်သူသန်တယ် လို့ပဲ ထင်နေတာ။ ဒါကို .. အီးတီက ..

"ဒီလိုလေ .. မကာတွန်းရ .. မကာတွန်း အောက်ပိုင်းသန်တယ်ဆိုတာ .."

"ကျွန်တော်သိပါတယ် .. တွန့်တွန့်က အောက်ပိုင်းသိပ်သန်တာ .. ကျွန်တော်က ကိုယ်တွေ့နော် .. ဆြာတီ မယုံရင် သပွတ်ရွာက ကလေးငါးယောက် ခေါ်ပြရမလား .."

ခင်မောင်စန်းက ဖြတ်ပြောတယ်။ အီးတီက သူ့စကားကို ခေါင်းညိတ်ထောက်ခံပြီး ..

"ဒါပေမယ့် .. မကာတွန်းလမ်းလျှောက်တာကို ပိုပြီးအဆင်ပြေသွားအောင် ဒီဝိုးချဲလ်က စွမ်းဆောင်ပေးမှာပါ။ ဒီဝိုးချဲလ်ကို ဆောင်ထားခြင်းဖြင့် မကာတွန်းဟာ လမ်းကိုတောင် ကောင်းကောင်းမလျှောက်ရတော့ဘဲ လိုရာခရီးကို အရောက်သွားနိုင်မှာဖြစ်ပါတယ်"

လမ်းမလျှောက်ဘဲ လိုရာခရီးသွားနိုင်မှာတော့ မကာတွန်း စိတ်ဝင်စားသွားတယ်။ ဟုတ်တယ်လေ ..။ ဘာပဲပြောပြော ကိုယ့်ဘာသာကိုယ်မသန်တာကိုတော့ သိသေးတာပေါ့။ ဒါကြောင့်ပဲ ..

"ဘယ်လိုလုပ်ရင်ရမှာလဲ .. နင်းရဦးမှာလား"

"မနင်းရပါဘူး။ ဝိုးချဲလ်လုပ်ပြီးရင် မကာတွန်းအနေနဲ့ ဘီးကိုလက်ကလေးနဲ့လိမ့်သွားရုံပါပဲ"

အီးတီအဖြေစကားကြားတော့ မကာတွန်း ကျေနပ်သွားတယ်။ ပြီးမှ သတိရသွားပြီး ..

"ဒါနဲ့နေရပါဦး။ ဒီနွားလှည်းဘီး ဝိုးချဲလ်ရဖို့ ပိုက်ဆံက .."

သူ့စကားကို ခင်မောင်စန်းက မကာတွန်းအနား တိုးကပ်သွားပြီး ..

"ရှူး .. ဒါကို အီးတီက အလကား ပေးတာဟ ..။ သူ့ကို တို့ဆီက မြေကလေး လေးပေပတ်လည်တည်း ပြန်ပေးရတာ"

"လေးပေပတ်လည်"

မကာတွန်းက ဇဝေဇဝါနဲ့ လက်ကလေး လေးချောင်းထောင်ပြီး ကြောင်တောင်တောင် ပြန်မေးတယ်။

ဒါကို ခင်မောင်စန်းက လေသံကိုထပ်နှိမ့်ပြီး ..

“အေး .. အဲဒါကြောင့် ပြောတာတန်တယ်။ ယူထားလိုက်လို့”

သူ့စကားကို မကာတွန်းက ..

“ဟင် .. အဲဒီမြေလေးပေကို သူက ဘာလုပ်ဖို့လဲ ..”

“အိမ် .. အိမ်သာဆောက်ဖို့တဲ့”

ခင်မောင်စန်းစကားကြောင့် မကာတွန်း မျက်မှောင်ကြုတ်သွားတယ်။

“အိမ်သာ .. ဘာလဲအိမ်သာ ..”

မကာတွန်းအမေးကို ခင်မောင်စန်းက ခေါင်းကုတ်တယ်။ သူ့ခမျာ ပြောသင့်မပြောသင့် ချိန်နေပုံရတယ်။ နောက်မှ နောင်ခါလာနောင်ခါဈေး သဘောနဲ့ ..

“ဟိုကွာ .. အိမ်သာဆိုတာ .. အိမ်သာတော့ ညော်လာတယ်ဆိုတဲ့ စကားကြားဖူးတယ် မဟုတ်လား”

“အင်း .. ကြားဖူးသားပဲ ..”

“အေး .. အဲဒီအိမ်သာမျိုး”

ဆိုပြီး အီးတီ လှည့်ထွက်သွားတယ်။ မကာတွန်းကတော့ အိမ်သာတော့ ညော်လာ။ အိမ်သာတော့ ညော်လာ ဆိုပြီး ကြောင်တောင်တောင် ရေရွတ်နေတုန်း ..။ ဘာပဲပြောပြော နွားလှည်းဘီး နှစ်ဘီးနဲ့ မြေလေးပေ အလဲအထပ် ဖြစ်သွားတော့တာပဲ ..။

ooooo

အီးတီက ခင်မောင်စန်းခြံကို အသေအချာလှည့်ပတ်ကြည့်ရင်း မြေနေရာ တွက်နေပုံရတယ်။ ဟိုဘက်သွားလိုက်၊ ဒီဘက်သွားလိုက်နဲ့ ယောက်ယက်ခတ်နေတယ်။ ပြီးတော့ မြေကြီးမှာ တုတ်နဲ့ခြစ်ပြီး အသေအချာတွက်တယ်။ ဘေးဘီ ဝေ့ကြည့်တယ်။ ပြီးတော့ မျက်မှောင်ကြုတ်ပြီး စဉ်းစားတယ်။ ဒါကို ခင်မောင်စန်းက အီးတီနား ကပ်သွားပြီး ..

"ဆြာတီရာ .. အိမ်သာအတွက် မြေနေရာယူတာပဲ ဘယ်နေရာယူယူ လွတ်တဲ့နေရာ ယူလိုက်ရင် ပြီးနေတဲ့ဟာကို ဘာလို့ ဒီလောက်တောင် လိုက်တွက်နေရလဲ"

ဆိုတော့ အီးတီက ရှက်ကိုးရှက်ကန်းနဲ့ ..

"အဲလိုလည်း မဟုတ်ပါဘူး ကိုခင်မောင်စန်းရာ .. ကျွန်တော်လည်း ကိုခင်မောင်စန်းတို့နဲ့လည်း အဆင်ပြေတဲ့ နေရာရွေးပေးနေတာပါ"

"ရပါတယ် ဆြာတီရယ် ကျွန်တော်တို့က ဘယ်နေရာမဆို အဆင်ပြေပါတယ်။ ဆြာတီ အဆင်ပြေတဲ့ နေရာကိုသာပြော .."

ခင်မောင်စန်းစကားကို အီးတီက ခေါင်းညိတ်တယ်။ ခြံက အကျယ်ကြီးဆိုတော့ သူ့ခများလည်း ရွေးရ ခက်နေပုံ ရတယ်။ နောက်မှ ခြံထဲ ဟိုကြည့်ဒီကြည့်လုပ်ပြီး ..

"တောင်ဘက်ဖျားက သရက်ပင်အောက်ပဲ ယူလိုက်တော့မယ်ဗျာ"

ဆိုပြီး ရွေးချယ်လိုက်တယ်။ နောက် .. သူတို့နှစ်ယောက် နှစ်ဦးသဘောတူမြေနေရာ သတ်မှတ်ပန္နက်ရိုက် လိုက်ကြတယ်။

ဒီမှာတင် လုည်းဘီးနှစ်ဘီးနဲ့ မြေလေးပေ အလဲအထပ်ကိစ္စ ပြီးသွားပြီပေါ့ ..။

အဲ .. မပြီးသေးတဲ့ ဇာတ်လမ်းက ..

ooooo

ခင်မောင်စန်း ပန်းပဲဖိုသွားပြီး သူ့မိန်းမထိုင်ဖို့ ခုံတစ်လုံးကို လှည်းဝင်ရိုးမှာ အသေအချာတပ်ခိုင်းတယ်။ ပန်းပဲဆရာက မဖြစ်နိုင်ဘူးလို့တားရှာပါသေးတယ် .. ဒါပေမယ့် စွယ်စုံတတ်သိပညာရှင်ကြီး အီးတီကိုယ်တိုင်က တောင်ခြစ်မြောက်ခြစ်နဲ့ ကတ်တလောက်ကို အပီအပြင် ဆွဲထားပေးတာ .. ငြင်းမရရှာဘူး .. သိတယ်မဟုတ်လား .. ခင်မောင်စန်းကလည်း သူနဲ့ခင်နေတော့ အသေအချာတော့ လုပ်ပေးရှာပါတယ်။ ဒါပေမယ့် ..

"ခင်မောင်စန်းရ၊ ဒီလှည်းဘီးဝင်ရိုးကြီးမှာ ထိုင်ခုံတပ်ပြီး မင်းကဘာလုပ်မှာတုံး .."

ပန်းပဲဆရာကြီးဦးတောက်အမေးကို ခင်မောင်စန်းက မပြီးခင် မြန်မာမမြင်စေနဲ့ ဆိုတဲ့အထာနဲ့ ပြုံးလိုက်ပြီး

"ကိစ္စရှိတယ်လေ .. ဦးကြီးရဲ့ ..။ အသုံးမဝင်ဘဲ ခင်မောင်စန်းက လုပ်ပါ့မလား"

"ကိစ္စရှိတာတော့ ဟုတ်ပါပြီ။ ဒါနဲ့ ဘာကိစ္စတုံးကွ .."

ပန်းပဲဆရာဦးမာတောက်က မရမက မေးတယ်။ ခါတိုင်းဆို ခါးလုပ်လုပ်၊ မြင်းခွာသံရိုက်ရိုက် ဘာမှမမေးတဲ့သူက တအံ့တသြကို မေးယူနေရပြီ။ ဒါကို ခင်မောင်စန်းက ..

"လုပ်မယ့်သာလုပ်စမ်းပါ ဦးကြီးရာ .. ဘာအတွက်ဆိုတာတော့ မပြောနိုင်ဘူး။ ဦးကြီးတို့ အံ့အားသင့်သွားစေချင်လို့ပါ။ အဲ .. တစ်ခုပြောနိုင်တာကတော့ ဒါကြီးက ကျွန်တော့်ဇနီးတွန့်တွန့်အတွက် ချစ်သက်လက်ဆောင်အစစ်ဆိုတာပဲ ..။ ကဲ .. ပြီးပြီလား ..။ ပြီးရင်ကျွန်တော် အိမ်သယ်သွားတော့မယ်"

ဆိုတော့ ဦးတောက်က

"ဝင်ရိုးနဲ့ ကုလားထိုင် ခိုင်မခိုင် စစ်ပြီးပြီ .. ကဲ ယူသွားလို့ရပြီ။ အားလုံးခိုင်တယ်။ ဆယ်နှစ်လောက်တော့ ပျက်မယ်မထင်ဘူး။ အဲ .. ဖျက်ရင်တောင် မပျက်နိုင်ဘူး"

ဦးတောက်ရဲ့ အာမခံစကား။ ခင်မောင်စန်း သဘောကျသွားတယ်။ တွန့်တွန့် တစ်ယောက် မပင်ပန်းဘဲ ဆယ်နှစ်လောက် လုလုပပ စီးရပြီဆိုပြီး၊ ဒါကြောင့် ..

"ကဲ .. သွားပြီဗျို့ .. ဦးမာတောက် နောက်မှပဲ ဆုံမယ် .. ကဲ .. ဒါကြီး ကျွန်တော်တော့ တစ်ယောက်တည်း မနိုင်လို့ ဝိုင်းတွန်းပေးကြဦး"

ဆိုပြီး သူ့လှည်းဘီးဝိုးချဲလ်ကြီးကို ပန်းပဲဖိုက အားကောင်းမောင်းသန် လူကြီးခြောက်ယောက် ကျားကန်တွန်းပြီး ယူလာကြရတယ်။

အိမ်ရှေ့ရောက်တယ်ဆိုရင်ပဲ ..

"တွန့်တွန့်ရေ .. ဟေ့ .. တွန့်တွန့် ဒီမှာလာကြည့်ပါဦး .."

ခင်မောင်စန်းရဲ့ အားရဝမ်းသာအသံကြားတော့ မကာတွန်းတစ်ယောက် အိမ်ထဲကနေ ဒရွတ်တိုက်ဆွဲပြီး ထွက်ကြည့်တယ်။ အားကောင်းမောင်းသန် ခြောက်ယောက်လောက်နဲ့ သံကုလားထိုင်တပ် လှည်းဘီးကြီးကို ကြည့်ပြီး မကာတွန်း မျက်လုံးပြူးသွားတယ်။

"ဟင် .. ဟင် .. ဒါကြီးက .."

မကာတွန်းရဲ့အမေးကိုတောင် မစောင့်ဘဲ ခင်မောင်စန်းက မကာတွန်းကို ပြေးပွေ့ပြီး ..

"စကားက နောက်မှပြော .. ဒီကို တွန့်တွန့်အရင်လာ .."

ဆိုပြီး မကာတွန်းကို အိမ်ပေါ်က ပြေးချီချလာတယ်။ နောက် သံဘီးတပ်ခုံပေါ်ပေးထိုင်ပြီး ..

"ကဲ .. အခုအချိန်ကစပြီး တွန့်တွန့် လမ်းလျှောက်စရာမလိုတော့ဘူး။ ဟောဒီမှာ ကိုစန်းတီထွင်ထားတဲ့ မြန်မာ့လက်ဖြစ် ဝှီးချဲလ်နဲ့လိုရာကို တွန်းသွားပေတော့"

သူ့စကားကို မကာတွန်းက ကြောင်ပြီး နားထောင်နေတယ်။ ပြီးမှ ..

"ဟင် .. ဒါကြီးကို ကျုန်မက တွန်းသွားရမယ်"

"အေးလေ .. လက်နှစ်ဖက်က ဟောဒီလှည်းနှစ်ဘီးကိုကိုင်ပြီး တွန်းလိမ့်သွားရုံပဲ .."

ဆိုပြီး ကိုခင်မောင်စန်းက မကာတွန်းကို လက်ကိုင်ရမယ့် လှည်းဘီးနေရာကိုတောင် အသေအချာပြတယ်။

"ဒီလက်က ဒီမှာကိုင် .. ဒီလက်က ဒီဘက်ကိုင်"

ဆိုကာ လှည်းစပုတ်တံနေရာကိုင်ဖို့ ပြလိုက်သေးတယ်။ အဲဒီ လှည်းစပုတ်တံနေရာတွေကို ကိုင်ပြီးမှ မကာတွန်း သတိရပြီး ..

"ဟင် .. ဒါကြီးကို တွန်းရမယ် .. တော့ကိုခင်မောင်စန်း"

"ဟေ .. လကွာ"

မကာတွန်းရဲ့ ဒေါသတကြီး ခေါ်သံကြောင့် ခင်မောင်စန်း အလန့်တကြား ပြန်ထူးတယ်။ မကာတွန်းက ဆက်ပြီး ..

"ဟင် .. ဒီဘီးနှစ်ဘီးကို နွားနှစ်ကောင်နဲ့ရုန်းတာတောင် ရုန်းဆွဲရတာ၊ ကျုပ်က ဘယ်လိုတွန်းနိုင်မှာလဲ .."

ဆိုတာကို ခင်မောင်စန်းက သူ့ပစ္စည်းသူအာမခံတဲ့ အရောင်းဈေးသည်လို သွားလေးဖြဲပြီး ..

"ပေါ့ပါတယ် .. တွန့်တွန့်ရဲ့ .. လှည်းပေါ့အောင် ဝင်ရိုးထဲ အမဲဆီအပြည့် ထည့်ထားပြီးသား။ နောက် ဦးတောက် ကိုယ်တိုင် ဆယ်နှစ်အာမခံထားတာ။ လုပ်ပါ ရှက်မနေပါနဲ့ တွန်းကြည့်ပါ"

ဆိုတော့ ဒီလောက်တုံးတဲ့ ယောက်ျားကို မကာတွန်းကလည်း စိတ်ဆိုးသွားပြီး ..

"အောင်မလေးတော် .. ဒါကြီးပေါ့တယ်တဲ့။ ရှင်တို့ အားကောင်းမောင်းသန်ယောက်ျားကြီးခြောက်ယောက် တွန်းသွားတာကိုတောင် ပေါ့တယ်ဟုတ်လား။ ဒါကို ကျုပ်တစ်ယောက်တည်း တွန်းခိုင်းတာကတော့ ကျွန်မကို သေကြောင်းကြံတာနဲ့ အတူတူပဲ။ တော်ပြီ ကိုခင်မောင်စန်း ရှင့်အကြံကျွန်မသိပြီ။ ရှင်နောက်မိန်းမ လိုချင်လို့ ကျွန်မကို သေကြောင်းကြံတာ မဟုတ်လား"

မကာတွန်း အငိုရာခိုင်နှုန်းနည်းနည်းစွက်ထားတဲ့ ဒေါသတကြီးစကား။ သူ့မိန်းမ နှာခေါင်းကြီးနီအောင် စိတ်ဆိုးတာ တစ်ခါမှ မမြင်ဖူးတဲ့ ခင်မောင်စန်းလည်း လန့်သွားပြီး ..

"မဟုတ်ပါဘူး .. တွန့်တွန့်ရယ် .. ကိုစန်းက စေတနာနဲ့"

"ဘာတွန့်တွန့်လဲ ..၊ ဘာစေတနာလဲ .. ရှင်ကျွန်မကိုမကောင်းကြံတာ .. ကျွန်မ သိလိုက်ရပါပြီ။ ရှင် သန်သန်မာမာနောက်မိန်းမ လိုချင်ရင်လည်း ရှင်းရှင်းပြော၊ ကျွန်မကို ဒီလိုတော့ သေကြောင်းမကြံပါနဲ့။ ကြည့်ကြ ပါဦး အရပ်ကတို့ရယ် .. ကျုပ်လို ဒုက္ခိတမကြီးက ဒီလှည်းဘီးကြီးနှစ်ဘီး တွန်းသွားရမတဲ့။ ကောင်းကြ သေးရဲ့လား .. ဟီး .."

"ဟာ .. တွန့်တွန့် .. ကိုယ်က .. ကိုယ်က .."

"တော်ပြီ .. ဘာမှဆက်မပြောနဲ့တော့ ..။ ရှင်နဲ့ ပေါင်းရတာ ရင်လည်းနာတယ်။ အသည်းလည်းနာတယ်။ နာစရာရှိတာ အကုန်နာတယ်။ ဒီမှာ ရှင့်ဘာသာ ရှင်နေခဲ့။ ကျုပ် ကလေးရှိတဲ့မိဘအိမ်ပဲ ပြန်နေတော့မယ် .."

ဆိုပြီး ဆင်းချသွားတော့ ..

"ဟာ .. ကတွန့် .. ကတွန့် .."

ခင်မောင်စန်းခမျာ လှည်းဘီးကြီးနှစ်ဘီးနဲ့ ဆန့်ငင်ဆန့်ငင်ဖြစ်ပြီး .. ကျန်ခဲ့ရရှာတယ်။

ooooo

အီးတီက ခင်မောင်စန်းခြံထဲမှာ အိမ်သာဆောက်နေပြီဆိုတဲ့သတင်း ရွာထဲမှာ နားနဲ့မဆံ့အောင်ကြားရတယ်။ ပထမစိတ်ဝင်စားတာ အီးတီရဲ့အကြံအစည်နဲ့ ဒုတိယစိတ်ဝင်စားတာ အိမ်သာပဲ။ လူချင်းအတူတူ ဖင်အဆင့်မြင့်ချင်တဲ့ကောင် ..

ဆိုတဲ့ စကားက လူတန်းစားခွဲခြားခံရသလိုလို ပြောနေတော့တာ။ ဟုတ်တယ်လေ ..။ လူချင်းအတူတူ သူလိုကိုယ်လို တောထဲမသွားဘဲ အိမ်သာနဲ့ ကနားနဲ့ သွားချင်တာကိုး။ လူတိုင်း အဲဒီကိစ္စကိုအမြင်ကပ်ကြတယ်။ ဥပမာ အိမ်ကြီးကြီးတစ်လုံး ဆောက်လိုက်ဦး။ ရွာက ဘာမှပြောမှာမဟုတ်ဘူး။ အခုလိုကိစ္စလေးတစ်ခုကို လုပ်လိုက်တာဆိုတော့ .. တစ်ရွာလုံး အကျောခံလိုက်ရသလိုလို ဆတ်ဆတ်ခါ ခံစားလိုက်ရတယ်။

အခုလည်းကြည့်လေ .. ဖေစန်းလက်ဖက်ရည်ဆိုင်မှာ လူစုံတာနဲ့ ..

“ဒီကောင် .. ဒါမျိုးလုပ်တာ ကျုပ်တို့ရွာသားတွေကို အဆင့်မရှိဘူးလို့ ပြောလိုက်သလိုပါပဲဗျာ ..”

ဦးမောင်ငိုရဲ့ မချိတင်ကဲအသံ။ သူ့ခမျာ သူ့သမီးအငယ်ဆုံးလေး ဟိုအရက်သမားမောင်ကောင်လေးနဲ့ လိုက်ပြေးတုန်းကတောင် ဒီလောက်မာတဲ့ အသံမထွက်ခဲ့ဖူးဘူး။ အခုမှ ကြိတ်မနိုင်ခဲမရ ဒီလိုအံကြိတ်သံကြီးနဲ့ မချိတင်ကဲ ထွက်လာတာ။

"ဟုတ်တယ်ဗျ။ တစ်နေရာမကောင်း တစ်နေရာပြောင်းပြီး လုပ်ချင်သလို လုပ်လို့ရတဲ့ တောကြီးရှိလျက် သားနဲ့ ဒီကောင် ဒီလို တစ်နေရာတည်း သတ်သတ်မှတ်မှတ် လုပ်လိုက်တာဟာ ဒီသစ်တောတွေကို မြေသြဇာ မပေး ချင်တဲ့သဘော .."

"ဟင် .. ဒါဆို ဒီကောင့်ရဲ့ အကြံအစည်က သစ်တောပြုန်းတီးရေးဘက်ကို ဦးတည်နေတာပေါ့"

ပန်းပဲဆရာဦးတောက်ရဲ့ စကားကို ထင်ခွေစားနေတဲ့ငခွေးက သံယောင်လိုက်တယ်။ ဒါကို လက်ဖက်ရည် ဖျော်သောက်နေတဲ့ ဖေစန်းပါ အားပါပြီး ..

"ဒါပေါ့ကွာ .. တောထဲမှာ မစင်စွန့်ရင် သစ်ပင်တွေ မြေသြဇာ မရဘူး။ မြေသြဇာ မရရင် သစ်ပင်တွေ ရေရှည်ရှင်သန်ရေးအတွက် ဘယ်လိုဖြစ်နိုင်တော့မှာလဲ .."

သူ့စကားကို ထင်းခွေစားတဲ့ ငခွေးက အံကြိတ်သံကြီးနဲ့ ..

"တောက် .. ဒါ ဒီကောင် တမင်သက်သက် ကျုပ်စီးပွားရေးအိုးကို တုတ်နဲ့လာထိုးတာပေါ့ဗျ။ သစ်တော ပြုန်းတီးရေးအကြံကိုတော့ ကျုပ်လက်မခံနိုင်ဘူး။ အိုဗျာ .. ဖြစ်နိုင်ရင် သူကြီးဆီသွားပြီး 'သစ်တောတစ်ခွင် စိမ်းလန်းချင်၊ စွန့်ပါ မစင် တောတွင်းတွင်' ဆိုပြီး စာကပ်ခိုင်းသင့် ခိုင်းရမှာဗျ။ ဒါမှမဟုတ် 'သင့်ခန္ဓာကိုယ် အတွင်းရှိ ဓာတ်မြေသြဇာများကို ပတ်ဝန်းကျင်စိမ်းလန်းစေရန် အသုံးချပါ' ဆိုတာမျိုး ပေါ့ဗျာ .."

သူတို့ရဲ့စကားကို ဘေးနားက နားစွင့်နေတဲ့ ပယောဂဆရာဦးပန်းစိန်က ..

"မင်းတို့ပြောသလို သစ်တောပြုန်းတီးရေးကို ဦးတည်နေတာတစ်ခုတည်းလို့တော့ ငါမထင်ဘူး။ ငါထင် တာက နောက်ထပ်အကြံအစည်တွေ ရှိဦးမယ်ထင်တယ်"

သူ့စကားကို အားလုံး စိတ်ဝင်စားသွားကြတယ်။

"လုပ်ပါဦး .. ဘယ်လိုထင်လို့လဲ .."

အားလုံး စိတ်ဝင်တစား ဝိုင်းမေးကြတယ်။ ဒါကို ဦးပန်းစိန်က ..

“ငါ့တူ ကျောင်းဆရာလေးပြောပြလို့ ငါကြားဖူးတာက တိုးတက်နေတဲ့ နိုင်ငံတွေမှာ ဒီလိုအညစ်အကြေးတွေစုပြီး၊ သဘာဝဓါတ်ငွေ့ထုတ်ယူနေကြပြီတဲ့ကွ။ အမှိုက်တွေ၊ အညစ်အကြေးတွေစုပြီး သဘာဝဓါတ်ငွေ့ထုတ်တာပေါ့ဗျာ”

“အဲဒီဓါတ်ငွေ့က ဘယ်လို အသုံးဝင်လဲ ဘကြီးပန်း ..”

သူ့ဘေးမှာ ထိုင်နေတဲ့ ထန်းတက်သမားကိုညိုလုံး ဝင်မေးတယ်။ ဦးပန်းစိန်က အရေးကြီးတဲ့ ကိစ္စတစ်ခုကို အသေအချာဆုံးဖြတ်သလိုဟန်မျိုးနဲ့ သက်ပြင်းကို ခပ်ပြင်းပြင်းချပြီး ..

“အဲဒီဓါတ်ငွေ့ဟာ ငါ့တူကျောင်းဆရာလေး ပြောပြတာက လောင်စာအဖြစ် အသုံးပြုလို့ရတယ်တဲ့ကွ၊ လောင်စာအဖြစ် အသုံးပြုလို့ရတယ်တဲ့ ..”

သူ့စကားကို အားလုံးဟာခနဲ ဟယ်ခနဲ ဖြစ်ကုန်တယ်။ အတော်ကြာမှ ထင်းခုတ်သမားကိုခွေးလေးက ..

“ဟင် .. ဒါ .. ဒါဆို .. ဒီကောင် ဒီဓါတ်ငွေ့တွေအများကြီးစုမိရင် ကျုပ်တို့ရွာမီးလောင်တိုက်သွင်းနိုင်တာပေါ့ဗျာ”

“ဟာ ..”

“ဟင် ..”

“အလို ..”

“မီးလောင်တိုက်တင်ဘယ်ကမလဲ အဲဒီဓါတ်ငွေ့နဲ့ နူကလီးယားဆိုတာကြီးတီထွင်ပြီး ကမ္ဘာတောင်ဖျက်လို့ရတယ်တဲ့ .. ငါ့တူ ကျောင်းဆရာက ဟိုတမြန်နှစ် တန်ခူးလ လဆုတ် (၁၂)ရက်နေ့မှာ ပြောသွားဖူးတယ်”

ဦးပန်းစိန် စကားကြောင့် အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ ဟိုကတော့ အိမ်သာလေးတစ်လုံးဆောက်လိုက်တာပဲ။ ဒါပေမယ့် လူတွေရဲ့ ပါးစပ်ဖျားမှာက ကမ္ဘာတောင်ပျက်နေပြီ။

“ဒါ .. ဒါဆို ဒီကောင့်ကို ရွာက အမြန်နှင်ထုတ်မှ ဖြစ်တော့မှာပေါ့နော့ ..”

လက်ဖက်ရည်ဆိုင်ရှင်ဖေစန်းကြီးက ဝင်မေးတယ်။ ဒါကို ဦးပန်းစိန်က ..

"နေဦးကွ၊ ဒီကောင့်ရဲ့ အကြံအစည်ကို အတိအကျမသိသေးဘဲနဲ့ .. ဒီအတိုင်းမောင်းထုတ်လို့ ဘယ်ဖြစ်ပါ့မလဲ။ အဲ .. ဒါပေမယ့် ဒီကောင့်ကို မျက်ခြည်မပြတ်စောင့်ကြည့်ဖို့တော့ လိုတာပေါ့ကွာ .. ဒီကောင်သာ ကမ္ဘာဖျက်ဖို့အကြံအစည် တကယ်ရှိရိုးမှန်ရင် ငါ့တူကျောင်းဆရာနဲ့ သက်ဆိုင်ရာကို အကြောင်းကြားပြီး ကွိကွိမြည်အောင်ကိုဖမ်းခိုင်းမယ် .. ဟင်း .."

"ဒါပေါ့ ..။ ဟုတ်တယ် .. ဒီကောင့်ကို စောင့်ကြည့်ရမယ်"

"ဒါမှန်တယ်"

ဦးပန်းစိန်ရဲ့စကားကို လူတိုင်းလက်ခံကြတယ်။ ဟုတ်တယ်လေ။ ဟိုက ဘာလုပ်လို့လုပ်နေမှန်း မသိဘဲ အရမ်းကြီးစွပ်စွဲလို့မှ မဖြစ်တာ။ ခိုင်လုံတဲ့ အကြောင်းပြချက်ကလည်း ရှိမှကိုး။ အခုအခြေအနေက အကောင်းဘက်ကိုဦးတည်နေလား၊ အဆိုးဘက်ကို ဦးတည်နေလားမှ ခွဲခြားမရသေးဘဲ။ တကယ်ဟုတ်ခဲ့ရင်တော့ သူတို့ တစ်ခါမှမမြင်ဘူးသေးတဲ့ ဦးပန်းစိန် နှုတ်ဖျားကမချတဲ့ သူ့တူကျောင်းဆရာလေးရှိတာပဲ .. ဟင် .. ခံသွားရမှာပေါ့ ..။

"အဲ .. ဒါနဲ့ ဒီနေ့ ခင်မောင်စန်းတစ်ယောက် လက်ဖက်ရည်လာသောက်တာ မမြင်သေးပါလား"

ဦးတောက်စကားကြောင့် အားလုံးခေါင်းထောင်သွားကြတယ်။

"ဟုတ်တယ် .. ခါတိုင်းဆို ဒီအချိန် ဒီကောင် လက်ဖက်ရည်ဆိုင် ရောက်နေကျ"

"လာမှာပေါ့ဗျာ။ ဒီကောင်သူ့မိန်းမကို ချော့နေရလို့နေမှာ။ အဲ .. ဟိုမှာ လာပါပြီ ကိုယ်တော်ချောက .."

ဟုတ်ပါတယ်။ ဒီအိမ်သာကိစ္စနဲ့ အဓိကပက်သက်နေတဲ့ ခင်မောင်စန်း တကယ်ကမ္ဘာဖျက်တဲ့အရေးကြုံလာရင် နံပါတ်နှစ်အဓိက တရားခံဖြစ်နိုင်တဲ့လူ။ မျက်နှာက ခါတိုင်းလို မလန်းဆန်းဘဲ မှုန်ကုတ်နေတယ်။ သူ့ကို မြင်တယ်ဆိုရင်ပဲ အားလုံး သူ့နား တိုးကပ်သွားကြတယ်။ အားလုံးက သူတို့အခြေအနေ သိချင်နေကြတာကိုး။ ဒါကြောင့် ..

"ဟကောင်ရ .. မျက်နှာလည်း မကောင်းပါလား။ ဘာဖြစ်လာလို့လဲကွ .. ဟေ"

"အီးတီရဲ့မြေကိစ္စနဲ့ စိတ်ညစ်နေပြီ ထင်တယ်။ ဟုတ်တယ် မဟုတ်လား"

ဆိုပြီး အားလုံးက ကုလားတိုက်အမျိုးကားဆိုက်သလို ဝိုင်းမေးကြတယ်။ ဒါကို ခင်မောင်စန်းက အားလုံးကို မော့တောင် မကြည့်နိုင်ဘဲ ..

"ဘာတွေ လာပြောနေကြတာလဲဗျာ .. ဒီမှာ တွန့်တွန့်က ကျုပ်ကို ဟိုလှည်းဘီးဝိုးချဲလ်ကိစ္စနဲ့ စိတ်ဆိုးပြီး အိမ်ပေါ်က ဆင်းသွားလို့ စိတ်ညစ်နေရတဲ့အထဲ .. တွန့်ရေ .. တွန့် .. ချစ်သောတွန့် .. ရက်စက်ပါပေ့ တွန့်ရယ် .."

အားလုံး သူတို့လိုချင်တဲ့ အဖြေမဟုတ်တော့ စိတ်ပျက်သွားကြတယ်။ ခင်မောင်စန်း ပြောတာလည်း မှန်ပါတယ်။ သူရဲ့ချစ်လှစွာသော တွန့်တွန့်က ဟိုနေ့ထဲက သူ့ကို ခင်မောင်စန်းသေကြောင်းကြံတာပါဆိုတဲ့ တစ်ဖက်သတ်စွဲချက်နဲ့ အိမ်ပေါ်က ဖုတ်ဖက်ခါဆင်းသွားတာ။ ဒါကိုကြားထဲက ပန်းပဲဆရာဦးတောက်က ..

"ငါလုပ်ပေးလိုက်တာ ခိုင်တယ်နော့ ဟေ့ကောင် .."

ဆိုတော့ ခင်မောင်စန်း မျက်နှာကြီး ပိမ့်ကျသွားပြီး ..

"အဲဒီလောက်ကြီး ခိုင်နေလို့ ဒုက္ခရောက်နေတာပေါ့ဗျ။ ဘယ့်နှယ်ဗျာ။ ပြန်ဖြုတ်လို့လည်းမရ။ ဖျက်လို့လည်းမရ ဘာလုပ်လို့ လုပ်ရမှန်းကို မသိတော့ပါဘူး။ ဒီအတိုင်းထားတော့လည်း လူမတွန်းနိုင်လို့ သုံးမရဘူး။ နွားတပ်ဆွဲမယ် လုပ်တော့လည်း တစ်ယောက်ထဲထိုင်လို့ရတယ်။ စိတ်ညစ်ပါတယ်ဗျာ။ ခင်ဗျား .. ဟာကြီးကြောင့် .."

ဆိုတော့ လက်ဖက်ရည်ဖျော်တဲ့ဖေစန်းက ခင်မောင်စန်းအတွက် လက်ဖက်ရည် လာချရင်း ..

"အဲဒါကြောင့် ပြောတာပေါ့ကွ။ မင်းက ဘုမသိ ဘမသိ တစ်ရွာသားနဲ့ သွားပေါင်းတာကိုး။ လုပ်စမ်းပါဦး၊ အဲဒီကောင် မင်းမြေလေးပေဝယ်ပြီး ဘာလုပ်နေတာတုံး .."

ဆိုပြီးစကားပြန်ကြောင်းတယ်။ အဲဒါကို ခင်မောင်စန်းက ရှုပ်ပွနေတဲ့ သူ့ခေါင်းကိုသူ ပြန်ကုတ်လိုက်ပြီး ..

"သူ့မြေလေးပေပေါ် နတ်ကွန်းလိုလို လူတစ်ယောက်ထိုင်စာတဲတစ်လုံး ထိုးနေတာပဲဗျာ။ နောက် ပေါက်တူးတွေ ဂေါ်ပြားတွေနဲ့ ဘာလုပ်နေမှန်းမသိပါဘူး။ မြေတူးသံတွေတော့ ကြားမိသလိုပဲ။ ဒါပေမယ့် ကျုပ်လည်း မိန်းမစိတ်ကောက်ပြီးအိမ်ကဆင်းသွားလို့ လွမ်းနေတာနဲ့တင် သူ့ကိုဂရုမစိုက်နိုင်ပါဘူး .. ဟူး .. ဟူး .."

အီးတီ မြေတူးနေတယ်ဆိုတာနဲ့ အားလုံးစိတ်ဝင်စားသွားကြတယ်။ ပြီးတော့ တအံ့တဩ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြတယ်။ သူတို့ ထင်သလိုပုံမဟုတ်တော့ အံ့အားသင့်နေပုံရတယ်။ ဒီကောင် ဘာသဘောနဲ့ ဘာလုပ်နေတာလဲပေါ့။

"နို့ .. နေပါဦး၊ မင်းက သူ့နတ်ကွန်း၊ အဲ .. တဲကို တစ်ခါမှ သွားမကြည့်ဘူးလား .."

ဦးမောင်ငိုအမေး .. ဒါကို ခင်မောင်စန်းက စိတ်ပျက်သလို ဟန်မျိုးနဲ့ ..

"သြော် .. ကိုယ့်အပူနဲ့ကိုယ် .. ထမင်းစားလည်းတွန့် .. မျက်နှာသစ်လည်းတွန့် .. အိပ်ရာထတော့လည်းတွန့် .. နဲ့ ..။ မိန်းမထိုင်လွမ်းနေတာနဲ့တင် မအားပါဘူးဆိုနေ .. ဘယ့်နှယ် လုပ်ကြည့်ရမှာတုံး .."

"ဟ .. မင်းက စွတ်တွန့်နေ ဒီကောင် ဒီလိုထူးထူးဆန်းဆန်းလုပ်နေတာကို လွှတ်မထားပဲ .. မင်းကြည့်ထားသင့်တယ်နော် .. တော်ကြာ မြေအောက်လိုဏ်ခေါင်းတူးပြီး တစ်ခုခု မဟုတ်တာလုပ်နေမှဖြင့် .."

ငချေးရဲ့စကားကြောင့် ခင်မောင်စန်း ခေါင်းထောင်သွားတယ်။ ပြီးတော့ ဂရုမစိုက်သလို ဟန်မျိုးနဲ့ ..

"သူ့ဘာသာသူ ဘာလုပ်လုပ်၊ ငါ့တွန်တွန့် မထိရင်ပြီးရော .."

သိတယ်မဟုတ်လား။ ခင်မောင်စန်းက ကတွန့်သမား။ ကတွန့် မထိရင် ဘာလုပ်လုပ်။

"မဟုတ်သေးဘူးနော် .. မင်းတွန့်တွန့်က .."

"ဟော့ကောင် .. မင်းငါ့မိန်းမကို တွန့်တွန့်လို့မခေါ်နဲ့ကွ၊ တွန့်တွန့်ဆိုတာ ငါ့မိန်းမအတွက် ငါတီထွင်ထားတဲ့ သီးသန့်စကားလုံး .. မင်းတို့ ခေါ်ရင် ကာတွန်းကို ကာတွန်းပဲခေါ်"

ခင်မောင်စန်းက သူ့ရင်ဘတ်ကိုသူ တဘုန်းဘုန်းပုတ်ရင်း ပြောတယ်။ ဒါကို ငချေးက ပျာပျာသလဲနဲ့ ခေါင်းညိတ်ပြီး ..

"အေးပါကွာ .. ကာတွန်းက ထားပါဦး။ ကိုယ့်မြေပေါ်မှာ လာနေတဲ့လူကိုတော့ ဘာလုပ်နေတယ်ဆိုတာကို မင်းသိသင့်တယ်"

ငွေးစကားကို ခင်မောင်စန်းက လက်ဖက်ရည်တစ်ကျိုက် သောက်ချလိုက်ပြီး ..

"စိတ်မဝင်စားဘူးကွာ .. ဘာလုပ်ချင်လဲ .."

ခင်မောင်စန်းရဲ့အဖြေကြောင့် အားလုံးပျော့ကျသွားတယ်။ သူတို့ရဲ့သစ်တော မပြုန်းတီးရေးနဲ့၊ ကမ္ဘာဖျက် စီမံကိန်းဖြိုခွဲရေးအစီအစဉ်ရေးဆွဲတာ မအောင်မြင်တော့မယ့်အရိပ်အယောင်မြင်လို့လေ ..။ ပြောမယ့်သာပြောတာပါ။ သူတို့တွေ တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြတော့ ခင်မောင်စန်းလည်း အီးတီ မြေလေးပေတည်းဝယ်ပြီး ဘာလုပ်လဲဆိုတာကို သရိုးသရီတော့ ဖြစ်သွားတယ်။ ဒါကြောင့် ..

"အင်း .. အိမ်ပြန်ရောက်ရင်တော့ သူ့တဲကလေးကို လေ့လာဦးမှ .."

ဆိုပြီး တေးထားလိုက်တယ် ..။

ooooo

ဟင် .. အီးတီတဲလေးထဲ ဝင်လိုက်တာနဲ့၊ တဲအောက်ကြမ်းခင်းမှာ လူတစ်ကိုယ်စာ အပေါက်မြင်တော့ ခင်မောင်စန်း အံ့အားသင့်သွားတယ်။

ဒီအပေါက်က ဘာလုပ်တာပါလိမ့်။

ရုတ်တရက် သူစဉ်းစားမရ ဖြစ်နေတယ်။ အောက်မှာကလည်း မြေကျင်းကြီးတူးထားတာလည်း မည်းမှောင်နေတယ်။ နောက်ခြေနှစ်ဖက်ကို ချပြီး အပေါက်ကို ခွထိုင်ကြည့်လိုက်တယ်။

"ဩော် .. ဒီလိုကိုး .."

သူ သဘောပေါက်သွားတယ် .. သဘောလည်း အကျကြီးကျသွားတယ်။

"တယ် .. စနစ်ကောင်းတဲ့ကောင် .. ဒါတောင် ဒီကောင်ရဲ့ ကမ္ဘာ့အဆင့်မီ ဗိုးချဲလ်ကို .. ဟင့်"

သူ့ဆရာတီအတွက် ဂုဏ်ယူနေရင်းက ဗိုးချဲလ်အရောက်မှာ မကာတွန်းကို သတိရသွားပြီး .. ဟင့် .. မိသွားတာပါ .. ပြီးမှ စိတ်ကိုပြန်ထိန်းလိုက်ပြီး ဟန်ကျပန်ကျအောင် လေထဲမှာ ဟိုဟိုဒီဒီ တိုးလိုက်ပြီး နေရာပြင်ကြည့်တယ် ..။

"အံမယ် .. လေလေးတဖြူးဖြူးနဲ့ .. အေးတေးတေးဟ"

တိုးတိုးဖွဖွ ရေရွတ်ပြီး ဘေးဘီဝဲ့ကြည့်လိုက်တော့ ..

"ဟာ .."

ဘေးနားမှာ ထောင်ထားတဲ့ သောက်ရေအိုးတစ်လုံး၊ သူပိုအံ့အားသင့်သွားတယ်။ အိမ်သာနဲ့ သောက်ရေအိုး၊ သူဘာယ်လိုမှ ဆက်စပ်စဉ်းစားလို့မရဖြစ်နေတယ်။ အသေအချာ စဉ်းစားကြည့်တယ်။ အတော်ကြာမှ သူ သဘောပေါက်သွားတယ်။

"သြော် .. အိမ်သာမတက်ခင် ရေသောက်ရတာကိုး .."

ဆိုပြီး ရေတစ်ခွက်ကို ခပ်ပြီးမြိန်မြိန်ကြီး သောက်ချလိုက်တယ်။

"ဟား .. ကောင်းလိုက်တာ ..။ စိမ့်နေတာပဲ .."

ရေသောက်ပြီး သူ့စိတ်ထဲ သရိုးသရီဖြစ်လာသလို ခံစားရတယ်။ ဝမ်းပဲသွားချင်သလို ဗိုက်ထဲရစ်လာသလို ဖြစ်လာတယ်။ ဒါကြောင့် ..

ooooo

"တောက် .. ဘယ်ကောင်လဲကွ၊ ငါ့ကျောင်းထဲ အင်အင်း ဝင်ပါသွားတာ .."

မနက်အစောကြီး၊ ကျောင်းထဲကအီးတီ အော်သံကြောင့် ခင်မောင်စန်း လန့်နိုးသွားတယ်။ အီးတီ ဘယ်အချိန်တည်းက ခြံထဲရောက်နေတယ်ဆိုတာ သူမှ မသိဘဲကိုး။ ဒါကြောင့် အိမ်ရှေ့ ကမန်းကတန်း ထွက်လာပြီး ..

"ဆြာတီ .. မနက်အစောကြီး ဘာဖြစ်လို့လဲ .."

ခင်မောင်စန်း အမေး။ ဒါကို အီးတီက သူ့အိမ်သာထဲက မျက်နှာရှုံ့မဲ့ထွက်လာပြီး ..

"ဒီလိုလေ .. ဘယ်မိမဆုံးမ ဖမဆုံးမသားလဲမသိဘူး .. ကျုပ်ကျောင်းထဲ မစင်စွန့်ထားတာ .."

ဆိုတော့ ခင်မောင်စန်း မျက်နှာပျက်သွားပြီး ..

"မိမဆုံးမ ဖမဆုံးမ မဟုတ်ရပါဘူးဗျာ။ မြေရှင်ကျွန်တော် ခင်မောင်စန်းကိုယ်တိုင် စိတ်ပါပြီး အတိုလေး တစ်တုံး စွန့်မိတာပါ .."

ဆိုတော့ အီးတီမျက်နှာပျက်သွားပြီး ..

“အာ .. ခင်ဗျားနဲ့ကတော့ ဒုက္ခပါပဲ။ ဘယ်သူက ခင်ဗျားကို ဒီကျင်းထဲ မစင်စွန့်ရတယ်ပြောဖူးလို့လဲ ..”

“ဟင် .. ခင်ဗျားပဲ ပြောတော့ အိမ်သာဆို၊ ဒီထဲမှာ ဒါပဲလုပ်ရတာဆို ..”

ဆိုတော့ အီးတီ မျက်နှာအကြီးအကျယ်ပျက်သွားပြီး ..

“ဒါ .. နာမည်က အိမ်သာတော့ အိမ်သာ။ ဒါပေမယ့် ဟိုလို အိမ်သာမဟုတ်ဘူး။ ကျုပ် .. ကျုပ်အတွက် .. အာ .. ပြောရတာခက်ပါတယ်ဗျာ”

ဆိုပြီး သူ့ဆေးဆိုင်ဘက် သုတ်ခြေတင် ပြန်ထွက်သွားတယ်။

ခင်မောင်စန်းခမျာလည်း သူ့ကိုကြည့်ပြီး အူကြောင်ကြောင်ကျန်ခဲ့တော့တယ်။

“နာမည်က အိမ်သာ၊ ဒါပေမယ့် ဟိုလိုအိမ်သာမဟုတ်ဘူး။ ဘာကို ပြောတာပါလိမ့်”

ခင်မောင်စန်း ခေါင်းလေးကုပ်ပြီး အတိုလေးကို ဘယ်လိုဖုံးရမလဲဆိုတာ စဉ်းစားနေမိတယ်။

ooooo

မနက်အစောကြီး မှုန်တီမှုန်ဝါးနဲ့ ခင်မောင်စန်း လက်ဖက်ရည်ဆိုင် ရောက်လာတော့ ဦးဖေစန်းတောင် အံ့အားသင့်သွားတယ်။

ခါတိုင်းဆို နေမြင့်တဲ့အထိ မိန်းမနဲ့နပ်နေတဲ့ကောင်က အခုမှဘာလို့ အစောကြီးနိုးနေတာလဲပေါ့။

"ကိုဖေစန်းကြီး လက်ဖက်ရည်တစ်ခွက်ဗျာ"

သူ့စကား အဆုံးခင် လက်ဖက်ရည်ဖေစန်းက ..

"ဖျော်ပြီးပါပြီကွ၊ စန်းကြီးရ .. နို့နေစမ်းပါဦး၊ ဒီနေ့မှ ထူးထူးခြားခြား မင်းအစောကြီးကို နိုးနေပါရော့လား .."

ဆိုတော့ ခင်မောင်စန်းက စိတ်ညစ်သလို ဟန်မျိုးနဲ့ ..

"အီးတီကြောင့်ပေါ့ဗျာ။ အီးတီကြောင့်ပေါ့ .."

အီးတီအသံကြားတာနဲ့ ဦးဖေစန်းကြီး ခေါင်းထောင်ထသွားတယ်။ ဒါက သူ့ဆိုင်ကနံနက်ခင်းသတင်းစာရဲ့ ပထမစာမျက်နှာလေ ..။

"အီးတီ ဘာဖြစ်လို့လဲကွ .."

ဦးဖေစန်းအမေး။ ဒါကို ခင်မောင်စန်းက မျက်နှာရှုံ့မဲ့လိုက်ပြီး ..

"ဘာမှမဟုတ်ပါဘူးဗျာ ..။ သူ့အိမ်သာမှာ အတိုလေးတစ်တုံး စွန့်မိလို့တဲ့ ထအော်နေတာ .."

သူ့စကားကြားတော့ ဦးဖေစန်း မျက်နှာတင်းမာသွားပြီး ..

"အောင်မာ .. သူ့အိမ်သာမှာ မြေရှင်က မစင်ဝင်စွန့်တာဘာဖြစ်လဲ .. တောက် .. ဖင်ဘဝင်မြင့်လို့ .."

ဦးဖေစန်းရဲ့ဒေါသသံကြောင့် ခင်မောင်စန်းလည်း အနာဟောင်းကို ဆွပေးသလိုဖြစ်သွားပြီး ..

"အေးလေဗျာ .. သူက အိမ်သာဆိုလို့ ကိုယ်သွားတာဘာဖြစ်လဲ ..။ အောင်မာ ဒီကောင်က အိမ်သာထဲ ဘာ လုပ်ထားတယ်ထင်လဲ .."

"ဘာလုပ်ထားလဲ .."

ဦးဖေစန်းရဲ့ အားတက်သရောအမေး။ ဒါကို ခင်မောင်စန်းက သိတယ်မဟုတ်လား။ စကားထောက်ရှိရင် အတင်းပိုတုတ်လို့ကောင်းတဲ့ လူတွေရဲ့ထုံးစံအတိုင်း ..။

"အိမ်သာထဲ သောက်ရေအိုးထည့်ထားတာဗျ .. သောက်ရေအိုးထည့်ထားတာ .. ဟင်း .."

"အဲဒီတော့ .."

"အဲဒီတော့ .. ကျုပ်လည်း ခပ်သောက်ပစ်ခဲ့တာပေါ့ဗျာ .. ဟားဟား .. ဘာရမလဲ"

"ဒါမှ တို့ရွာသားကွ။ ဘယ်တော့မှ အကြောမခံနဲ့ ။ အင်အင်းလည်းပါ။ ရေလည်းသောက် .. တောက် .. မင်းဘဝကတော့ အားကျသကွာ .."

နှစ်ယောက်သား အတိုင်အဖောက်တွေ ညီနေတာ။ ပစ်မှတ်ကလည်း တူနေတာကိုး။ နှစ်ယောက်လုံး ပြောပြောပြီး အားတွေရနေတာ။

"ဒါနဲ့ နေပါဦး။ မင်းအဲလိုလုပ်တော့ ဒီကောင်က ဘာပြောသေးလဲ"

ဦးဖေစန်းအမေး။ ခင်မောင်စန်းက မျက်မှောင်ကြုတ် စဉ်းစားလိုက်တယ်။ အတော်ကြာမှ ..

"သူက ပြောတယ်"

"ဘာတဲ့ .."

"ဒါအိမ်သာတော့ အိမ်သာပဲ။ ဒါပေမယ့် အိမ်သာမဟုတ်ဘူး .. တဲ့"

"ဟေ .."

ခင်မောင်စန်းအဖြေကြားတော့ ဦးဖေစန်း မျက်လုံးပြူးသွားတယ်။ နောက် တိုးတိုးဖွဖွနဲ့ ..

"အိမ်သာတော့ အိမ်သာပဲ၊ ဒါပေမယ့် အိမ်သာမဟုတ်ဘူး။ အိမ်သာတော့ အိမ်သာပဲ .. ဒါပေမယ့် အိမ်သာ မဟုတ်ဘူး"

ဆိုတဲ့ စကားကိုရေရွတ်ပြီး အသေအချာစဉ်းစားနေတယ်။ အဲဒီအချိန်မှာပဲ ..

"ဟော့ .. မောင်စန်းနဲ့ ခင်မောင်စန်းတို့ပါလား .. မနက်အစောကြီး ဘာတွေတွတ်ထိုးနေတာတုံး .."

ဆိုတဲ့ အော်သံကြားလို့ ကြည့်လိုက်တော့ ဦးမောင်ငို။ ကျောပိုးအိတ်တွေ ဘာတွေနှင့် ..။

"ဟား .. ဦးမောင်ငိုပါလား ..။ မနက်အစောကြီး အထုပ်တွေအပိုးတွေနဲ့ ဘယ်တုံး .."

သူတို့အမေးကို ဦးမောင်ငိုက ပြုံးပြီး ..

"မြို့ကိုလေကွယ် .. ယာခင်းအတွက် လိုအပ်တဲ့ ပစ္စည်းကလေးနည်းနည်း ဝယ်စရာရှိလို့ .."

ဟုတ်လည်းဟုတ်တယ်၊ ဦးမောင်ငိုက သူ့ယာခင်းအတွက် လိုအပ်တဲ့ပစ္စည်းတွေကို မကြာခဏ မြို့ကို တက်ဝယ်နေကျ ..။

"ဖေစန်း .. မင်းရော ဘာမှာဦးမှာလဲ .."

ဦးမောင်ငိုက ဦးဖေစန်းကိုလှမ်းမေးတယ်။ ဒီလိုပဲ ဦးမောင်ငို မြို့တက်ရင် ဦးဖေစန်းက သူ့ဆိုင်အတွက် လိုအပ်တာ မှာနေကျ။

"ဒီတစ်ခေါက်တော့ မှာစရာမရှိပါဘူးဗျ။ တစ်နေ့က မစိန်မယ်မြို့တက်လို့မှာလိုက်ပြီးပြီ .. အဲ .. ဒါပေမယ့်"

ဆိုပြီး သတိရသွားသလိုနဲ့ ခင်မောင်စန်းကို ဝေ့ကြည့်တယ်။ ခင်မောင်စန်းကလည်း ကြောင်တောင်တောင်နဲ့ သူ့ကိုပြန်ကြည့်နေတယ်။ ဦးဖေစန်းက ဘာမှမပြောဘဲ ဦးမောင်ငိုနား ခပ်သွက်သွက်သွားကာ နှစ်ကိုယ်ကြားအသံဖြင့် ..

"ဒီမယ် .. မောင်ငို၊ ခင်ဗျား မြို့ရောက်ရင် .."

"အင်း .."

ဦးဖေစန်းက ဘေးဘီဝေ့ကြည့်ကာ၊ လေသံကိုအတတ်နိုင်ဆုံး နှိမ့်ပြီး ..

"အီးတီအကြောင်း စုံစမ်းခဲ့ပေးစမ်းပါ"

"အီးတီ .."

ဦးဖေစန်းစကားကြောင့် ဦးမောင်ငို မျက်လုံးဝိုင်းသွားတယ်။ ပြီးတော့ သူလည်းလေသံကို နှိမ့်၍

"အေး .. ငါလည်း အဲဒါပဲ သိချင်နေတာ။ ငါဒီတစ်ခေါက် မြို့တက်တာလည်း အဲဒီအကောင့်အကြောင်း စုံစမ်းဖို့လည်း ပါတယ်"

ဦးမောင်ငိုစကားကို ဖေစန်းကပါ အားပါပြီး ..

"အေး .. ဒီကောင့်အကြောင်းသာ အသေအချာ စုံစမ်းခဲ့စမ်းပါဗျာ ..။ ဒီကောင် ဘာလုပ်တယ်ဆိုတာ အတိအကျ သိချင်လို့ပါ"

"စိတ်ချပါဗျာ ..။ မောင်ငိုပါ။ သိချင်တဲ့ကိစ္စဆို အမေပါငိုအောင်လုပ်ခဲ့နိုင်သူပါ .. ကဲ .. သွားပြီ"

ခြေလှမ်းပြင်ပြီးမှ ခင်မောင်စန်းဘက်လှည့်ကာ ..

"ခင်မောင်စန်းရေ .. သွားပြီဟေ့ .. မြို့ကို ဘာမှာဦးမလဲ"

ဆိုပြီး လှမ်းမေးလိုက်သေးတယ်။ ဒါကိုခင်မောင်စန်းက ဘုမသိဘမသိနဲ့ ..

"ဘာမှမမှာတော့ဘူး ဦးမောင်ငိုရေ .. မှာစရာငွေကလည်း မရှိသေးဘူး၊ ရှိရင်တော့ တွန့်အတွက် ပဒုမ္မာစလေးတော့ လိုချင်သား"

လို့ လှမ်းပြောလိုက်သေးတယ်။ ဟိုလူကြီးကတော့ သူမှာရင်တောင် မီမှာမဟုတ်တော့ဘဲ ခြေလှမ်းမျိုးနဲ့ ထွက်သွားတာ တုံတုံတုံနဲ့မှုန် .. လို့။

ooooo

ခင်မောင်စန်း လက်ဖက်ရည်ဆိုင်ကနေ အစောကြီးပြန်လာတယ်။ ဒီလိုအစောကြီး ပြန်လာရခြင်း အကြောင်းရင်းက အိပ်ရေးမဝတာလည်းပါတယ်။ နောက်ပြီးလူစုံရင် သူ့ရဲ့ လှည်းဝိုးချဲလ်ကြီးအကြောင်းနဲ့ အီးတီရဲ့မြေအကြောင်း မေးကြတာ မခံနိုင်လို့ပဲ ..။ အဲဒါကြောင့် လက်ဖက်ရည်ဆိုင်မှာ ဘယ်သူမှမရောက်ခင်မှာပဲ အိမ်ကို အရောက်ပြန်ခဲ့တာ။

ဒါပေမယ့် ..

"ဗျို့ .. ကိုခင်မောင်စန်းကြီး ..၊ အစောကြီး လက်ဖက်ရည်ဆိုင်က ပြန်လာတာလားဗျ"

အသံကြားလို့ ကြည့်လိုက်တော့ ..

အီးတီ ..

အီးတီ ပြုံးရွှင်သောမျက်နှာဖြင့် သူ့ဆေးဆိုင်ထဲကနေပြီး ..

"လာပါဦးဗျ၊ မကာတွန်းအတွက် ဆေးလေး ပေးလိုက်ချင်လို့ .."

"ဒီမှာ ကျုပ်ရဲ့ ချစ်လှစွာသော ကတွန့် ခင်ဗျားရဲ့ စုတ်ပြတ်သတ်နေတဲ့အကြဲကြောင့် အိမ်ပေါ်က ဆင်းသွားတာ ခင်ဗျားမသိဘူးလား"

သူ့စကားကို အီးတီက ပြုံးရွှင်တဲ့ မျက်နှာနဲ့ ..

"သိပါတယ် .. ကိုခင်မောင်စန်းရယ် .. ဒါပေမယ့် ဆေးဆိုတာမျိုးက အထားကြာရင် ပုပ်သိုးသွားတတ်တာ မှမဟုတ်တာ။ ဘယ်လောက်ကြာကြာသိမ်းထားသိမ်းထား သိမ်းထားလို့ရတာပဲ။ နောက်ပြီး ခင်ဗျားရဲ့မကာတွန်းက လည်း ပြန်မလာမှာ မဟုတ်တာ"

အမှန်ဆို ခင်မောင်စန်းက အီးတီကို ကြည့်ရတာမဟုတ်ဘူး။ ဒါပေမယ့် မကာတွန်းအသံ ကြားတာနဲ့ ခြေလှမ်းက အလိုလိုရပ်သွားတယ်။ ဒီအညာကိုသိတဲ့ အီးတီက ..

"လာပါဗျ။ ကိုခင်မောင်စန်းရ မကာတွန်း လမ်းကောင်းကောင်း လျှောက်နိုင်ဖို့အရေးက ဆေးအဓိကဗျ။ ဆေးမှန်မှန်သောက်သွားရင် ဒီဘဝ မကောင်းရင်တောင် နောင်ဘဝသေချာတယ်။ နောက်ပြီး ကိုခင်မောင်စန်းကို ကျွန်တော် ကူညီစရာတစ်ခုရှိတယ်"

ကူညီစရာရှိတယ် ဆိုတဲ့စကားက ခင်မောင်စန်းရင်ကို ငြိစေတယ်။ ဒါကြောင့် အီးတီဆေးဆိုင်ဘက်လှည့်ပြီး ..

"ပြောစမ်းပါဦး ..၊ ခင်ဗျားရဲ့ အကူအညီဆိုတာ .."

အီးတီက ခင်မောင်စန်းကို မကြည့်ဘဲ ဆေးတွေကိုသာ လက်လှမ်းမီရာ လှမ်းစပ်ပြီး ..

"ရော့ .. ဒါကတော့ မကာတွန်းအတွက် သုံးခွက်စာ .. မှန်း .. ကိုခင်မောင်စန်းမျက်လုံး .."

ဆိုပြီး ခင်မောင်စန်းမေးကို ပိုင်စိုးပိုင်နင်းဆွဲပြီး ဟိုဘက်ဒီဘက်လှည့်ကြည့်တယ်။

"အင်း .. မျက်လုံးတောင် အတော်ပြန်တည့်နေပြီ။ ဆေးကိုသာ မှန်မှန်ဆက်သုံးသွား သူတည့်ချင်တဲ့ အချိန်မှာ ဖက်ခနဲပြန်တည့်သွားလိမ့်မယ် .."

ခင်မောင်စန်းက အီးတီ ပြောနေတာတွေကို စိတ်မဝင်စားဘူး။ သူစိတ်ဝင်စားနေတာက ခုန အီးတီရဲ့ အကူအညီဆိုတာ ..။

"လုပ်စမ်းပါဦး ..၊ ဘာအဆင်မြင့်စေချင်လို့လဲ .."

ဆိုတော့ အီးတီက ..

"ဒီလိုဗျ။ ခင်ဗျားတို့အတွက် ကျွန်တော် အိမ်သာလေး ဆောက်ပေးချင်လို့ .."

"ဟေ .."

အီးတီစကားကြောင့် ခင်မောင်စန်း မျက်လုံးပြူးသွားတယ်။ ပြီးတော့ မယုံသလိုနဲ့ ..

"ဘယ် .. ဘယ်လို .."

သူ့အမေးကို အီးတီက မိန့်မိန့်ကြီးပြုံးပြီး ..

"ဟုတ်တယ်ဗျ။ ကျုပ်က ခင်ဗျားတို့ ကျန်းမာရေးရနေနိုင်အောင် အိမ်သာလေးဆောက်ပေးမလို့။ ခင်ဗျားက ကိစ္စမရှိပေမယ့် ခြေထောက်မသန်တဲ့ မကာတွန်းအတွက်က ကိစ္စရှိတိုင်းတောထဲပြေးနေရတဲ့ အခက်အခဲရှိတယ်လေ .. ဟုတ်ဘူးလား .."

ခင်မောင်စန်း ပါးစပ်အဟောင်းသားနဲ့ အီးတီကို တအံ့တသြကြည့်တယ် .. ပြီးမှ ..

"ခင်ဗျား .. ခင်ဗျား တကယ်ပြောနေတာလား .."

ဆိုတော့ အီးတီက ခေါင်းကိုမြိန်မြိန်ကြီးညိတ်ပြီး ..

"တကယ်ပြောတာပေါ့ဗျ .. ကျုပ်က လိမ်ပါ့မလား"

"ခင်ဗျား အိမ်သာလို သောက်ရေအိုးလည်းပါရမှာနော် .."

“ပါမှာပေါ့ဗျာ”

“ဒါဆို .. ဒါဆို .. ဘယ်တော့လဲ ..”

ခင်မောင်စန်းရဲ့အလောတကြီးအမေး ..။ အီးတီက တစ်လုံးတည်းပြန်ဖြေတယ်။

“အခု ..”

ပြီးတာနဲ့ သူ့ဆိုင်တံခါးကို ဆွဲပိတ်လိုက်တယ်။

ooooo

အီးတီ သူ့ဘာသာသူ ပေါက်တူးတွေယူလာပြီး ခင်မောင်စန်းရဲ့ခြံထဲ မြေနေရာလိုက်ကြည့်တယ်။ ပြီးတော့ သူ့ဘာသာသူ တွက်ချက်ပြီး ခင်မောင်စန်းရဲ့ အိမ်ရှေ့တည့်တည့် ဖိနပ်ချွတ်နေရာနားမှာ မြေနေရာ သတ်မှတ်လိုက်တယ်။

"ဒီနားက တူးလို့ အကောင်းဆုံးပဲ ကိုခင်မောင်စန်းရေ"

ဆိုတော့ ခင်မောင်စန်းလည်း လန့်သွားပြီး ..

"ဟင် .. အိမ်သာက အိမ်ရှေ့တည့်တည့်မှာ"

ခင်မောင်စန်းအမေးကို အီးတီက ..

"ဘာဖြစ်လို့လဲ ကိုခင်မောင်စန်းရ .. ကိုယ့်အိမ်မှာ အိမ်သာရှိကြောင်း လူတိုင်းမြင်တော့ စကားနဲ့ ကြွားနေစရာ မလိုဘူးပေါ့ ဟုတ်ဘူးလား။ ဟာ .. ကာတွန်းပြန်လာရင် .."

"ပြန်လာရင် အံ့အားသင့်ပြီး ပျော်သွားမှာပေါ့။ အားလား။ ဒီရွာမှာ ကိုခင်မောင်စန်းလို ဘယ်သူက ကိုယ်ပိုင် အိမ်သာရှိလို့လဲ .. ကဲ .. ပြောနေတာ ကြာတယ် .. တူးပြီဗျာ .."

ခွပ်ခနဲ ပေါက်တူးပေါက်ပြီး မြေစတူးတော့တာ။ စတူးပြီဆိုတာနဲ့ တစ်ချက်မှမနားဘူးနော်။ ချွေးတလုံးလုံး ကျသည်အထိကို အသည်းအသန်တူးတာ။

သူမြေတူးနေတာကို ခင်မောင်စန်းက ..

"ကျုပ် .. ကျုပ်လည်း ကူပါရစေ"

ဆိုတာကို အီးတီက ..

"ရပါတယ် .. ကိုခင်မောင်စန်းရ ..။ ကျွန်တော်တစ်ယောက်တည်း ဒါနပြုပါရစေ။ သွားသွား ခပ်ဝေးဝေး မှာသွားနေ .. အေးအေးဆေးဆေးမှိန်းနေ .."

ဆိုပြီး မြေကျင်းနားကိုတောင် ပေးမကပ်ဘူးဗျ။ သူလုပ်သမျှကို ခင်မောင်စန်း ငေးကြည့်နေရတာ။

ဒါကိုတောင် အီးတီက ..

"ဟ .. ကိုခင်မောင်စန်း မျက်လုံးကြီးပြူးကြည့်နေရတာ ပင်ပန်းပါတယ် .. ကြည့်မနေနဲ့ .. အသာလေး မှိန်းနေ .."

ခင်မောင်စန်းခဗျာ မမှိန်းချင်ပဲ မှိန်းနေရတာ လူကိုတောင့်လို့။ မမှိန်းချင်လို့လဲမရဘူးလေ။ သူမျက်လုံး ဖွင့်လိုက်တာနဲ့ပဲ အီးတီက ဘာရယ်ကြောင့်လဲ မသိဘူး။ အတင်းကြီးမှိန်းခိုင်းနေတော့တာ ..။ မြေကျင်းတူးလို့ ငါးပေ လောက်ရရော၊ မနက်ကမှ မြို့ကို ဈေးဝယ်ထွက်မယ်ဆိုပြီး ထွက်သွားတဲ့ဦးမောင်ငို အမောတကောနဲ့ ဖုန်တွေ မှုံနေလောက်အောင် အပြေးပြန်ရောက်ချလာပြီး ..

"ခင်မောင်စန်း .. ခင်မောင်စန်း .."

အမောဆို့မတတ် ဦးမောင်ငိုရဲ့ခေါ်သံကြောင့် ခင်မောင်စန်း ထွက်ကြည့်တယ်။

“ဘာ .. ဘာကိစ္စတုံး ဦးမောင်ငိုရဲ့ .. ရေးကြီးသုတ်ပျာနဲ့ ..”

ဦးမောင်ငိုက ချက်ချင်း ပြန်မပြောနိုင်သေးပဲ ..

“ရေ .. ရေလေးတစ်ခွက်လောက် အရင်တိုက်ပါကွာ ..”

ဆိုတော့ ခင်မောင်စန်းက ..

“ဟိုဘက် အီးတီအိမ်သာမှာ သောက်ရေအိုးရှိသဗျ”

ဆိုတော့ ဦးမောင်ငိုလည်း ဣန္ဒြေတောင်မဆောင်နိုင်တော့ဘဲ အီးတီအိမ်သာထဲ ဆောင့်ကြောင့် ဝင်ထိုင်လိုက်ပြီး ရေတစ်ခွက်ကို တစ်ရှိန်ထိုးမော့ချလိုက်တယ်။ သူ့ခမျာ ဘယ်လောက်အလောတကြီး လာရတယ် မသိဘူး။ မြို့ကပါလာတဲ့ ပစ္စည်းတွေတောင် အိမ်ပြန်မထားနိုင်ဘဲ ဒီအတိုင်းအားလုံး မလာတာ။ ပြီးတော့ ခင်မောင်စန်းရှိရာပြန်လာတော့ ..

“အောင်မလေးဗျ”

ရုပ်ပျာရုပ်ပျာနဲ့မို့ အီးတီရဲ့တူးလက်စ မြေကြီးကျင်းကြီးထဲစွတ်ခနဲ ပြုတ်ကျသွားတယ်။ ကျင်းထဲမှာ မြေကြီးဆက်မတူးဘဲ ဟိုကြည့်ဒီကြည့်လုပ်နေတဲ့ အီးတီကိုမြင်တော့ အံ့အားသင့်သွားတယ်။

“ဟင် .. မင်း .. မင်း ..”

“ခင်ဗျား .. ခင်ဗျားကြီး”

ဟုတ်တယ်လေ .. အီးတီက သူ့ဖိးလ်နဲ့ သူ့အိမ်သာကျင်းထဲ တွယ်ချက်ကောင်းနေတုန်း ဝုန်းဆို ဆောင့်ကြောင့်ကြီးကျပြီး မျက်နှာချင်းနှစ်လက်မလောက်အကွာက ချွေးတစ်လုံးလုံးနဲ့ မျက်နှာစိမ်းကြီးတစ်ချပ်ဖတ်ခနဲ ပေါ်လာတာကို ..

“ခင်ဗျားကြီး .. နမော်နမဲ့နဲ့ .. ဘယ်လိုဖြစ်လာတာလဲ .. ဟင်း .. လူကိုလန့်သွားတာပဲ .. ကလူကလူ .. မျက်နှာကြီးကလည်း ချွေးတွေ စိုအိစိုအိနဲ့ .. ရွံ့စရာကြီး .. ထွီ ..”

"မင်းကများ .. မင်းကများ .."

ဆိုပြီး ကျင်းပေါ် ပြန်ကုပ်ကပ်တက်လာတယ်။ ပြီးတော့ ခင်မောင်စန်းကို လက်ဆွဲပြီး အီးတီ မကြား နိုင်လောက်တဲ့နေရာ ခေါ်သွားတယ်။ အီးတီနဲ့ အတော်ဝေးတဲ့နေရာရောက်မှ ..

"မင်း .. မင်း အဲဒီမြေနေရာကိုရော အီးတီကို ရောင်းလိုက်တာလား"

သူ့အမေးကို ခင်မောင်စန်းက ခေါင်းခါပြီး ..

"မရောင်းပါဘူးဗျ .. သူ့ဘာသူ စေတနာနဲ့ ကျွန်တော့်အတွက် အိမ်သာကျင်း လာတူးပေးနေတာ"

"ဟာ .. ဒုက္ခပဲ .."

ဦးမောင်ဝိုရဲ့ရေရွတ်သံ ..။ ဒါကို ခင်မောင်စန်းက ..

"ဘာဒုက္ခလဲဗျ ..။ သူ့ဘာသာသူ ကျွန်တော်အတွက် စေတနာနဲ့လာတူးပေးနေတဲ့ဟာကို .."

ဦးမောင်ဝို မျက်နှာကိုရှုံ့မဲ့ပြီး ခေါင်းကိုခပ်သွက်သွက်ခါတယ်။ ပြီးတော့ ပါးစပ်က ကယောင်ကတမ်းနဲ့ ..

"မဟုတ်ဘူး မဟုတ်ဘူး .. ဒီကောင် .. ဒီကောင် .. စေတနာ မဟုတ်သေးဘူး"

ဆိုပြီး ရေရွတ်တယ်။ ဒါကို ခင်မောင်စန်းက မျက်လုံးလေးပြူးပြီး ..

"ဒီကောင် .. အဲလေ .. အီးတီ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ .. ဟာ .. တောက် .. ပြောရခက်ပါတယ်လေ"

ဆိုပြီး ကြိတ်မနိုင်ခဲမရဟန်မျိုးနဲ့ ခေါင်းကုတ်တယ်။ ပြီးမှ စဉ်းစားမိသွားသလို ဟန်မျိုးနဲ့ ..

"ဒါဖြင့် .. ဒီလိုလုပ် .. အဲဒီကျင်းကို သူ့အစား ငါတူးပေးမယ်"

"ဟင် .."

ခင်မောင်စန်း အံ့အားသင့်သွားတယ်။ ဟုတ်တယ်လေ .. အံ့အားသင့်မယ်ဆိုလည်း အံ့အားသင့်စရာ။ မြေကျင်းတူးတာတောင် အလကားလာလုပြီး တူးနေကြတယ်ဆိုတော့ စဉ်းစားသာကြည့် ..။ အဲဒါကြောင့် ခင်မောင်စန်း ဇဝေဇဝါဟန်မျိုးနဲ့ ခေါင်းကုတ်ပြီး ..

"မဟုတ်သေးဘူးလေ .. ဟိုမှာ အီးတီကလည်း အလကားတူးပေးနေတဲ့ဟာကို .. ကျုပ်ကို ပင်ပန်းမှာ စိုးလို့တဲ့ .. မျက်လုံးတောင်မပြူးခိုင်းဘူး .. တစ်ခါတည်း မှိန်းခိုင်းနေတာ .."

"အေးလေ .. အဲဒါကြောင့် ပြောတာ။ ငါလည်း အလကားတူးပေးမယ်လို့ ..။ မင်းကွာ .. တစ်ရွာတည်းသား အချင်းချင်း ပေးတူးပါကွာ .. တစ်ရွာသားကိုအားမကိုးပါနဲ့။ ကဲ .. သွားပြောစမ်းပါကွာ။ အဲဒီကျင်းကို ငါဆက်တူးမယ်လို့ .."

ဆိုပြီး ခင်မောင်စန်းကို အီးတီရှိရာကို တွန်းလွှတ်ပြီး သူကိုယ်တိုင်လည်း မြေကျင်းတူးဖို့ အကျီကို ချွတ်လိုက်တယ်။

ခင်မောင်စန်းလည်း ယောင်ကန်းကန်းနဲ့ အီးတီမြေကျင်းတူးရာ သွားပြီး ..

"ဗျို့ .. ဆြာတီ .. ဗျို့ .. ဆြာတီ .."

ခင်မောင်စန်းခေါ်သံကြားလို့ အီးတီမြေကျင်းထဲက ဇောချွေးပျံနေတဲ့ မျက်နှာကြီးမျိုးနဲ့ ပေါ်လာပြီး ..

"ဘာတုံး .. ကိုခင်မောင်စန်းရ .."

"ဟိုမှာဗျာ .. ဦးမောင်ငိုက ဒီကျင်းကို သူဆက်တူးပါရစေဆိုပြီး ပူဆာနေလို့ .."

ခင်မောင်စန်းစကားလည်းကြားရော အီးတီ ပျာပျာသလဲ ဖြစ်သွားပြီး ..

"ဟာ .. ဒါတော့ မဖြစ်နိုင်ဘူး။ သူတူးချင် သူ့ဘာသာသူတစ်နေရာရှာတူးပါစေ။ ကျုပ်တူးတဲ့ ကျင်းကိုတော့ ခေါင်းပုံဖြတ်ပြီး အတူးမခံနိုင်ပါဘူး"

ဆိုပြီး မြေကျင်းကို ခုနကထက်ပိုပြီး အားကုန်ဆက်တူးနေတော့တာ။ ဒါကိုကြားသွားတဲ့ ဦးမောင်ငိုက သူတို့ရှိရာ ခပ်သွက်သွက်လျှောက်လာကာ ..

"ဘာခေါင်းပုံဖြတ်တာလဲကွ။ ခေါင်းပုံဖြတ်နေတာက .. မင်း .. ဖယ်စမ်းပါကွာ .. တစ်ရွာသားက လူပါးဝလို့ ဒီမှာ မြေလာတူးနေရတယ်လို့၊ ဖယ် .. ငါတူးမယ်"

မြေကျင်းထဲဆင်းဖို့လုပ်တော့ အီးတီက သူ့မြေကျင်းကို ပြည့်အောင် ခွထားပြီး ..

"ဟော့လူ .. ပေး မတူးနိုင်ဘူး။ ဒါ ကျုပ်နေရာဗျ .. ခင်ဗျား .. တူးချင် တခြားမှာသွားတူး .. တခြားသွားမတူးချင်ရင် .. အဲဒီမှာ ကိုခင်မောင်စန်းနဲ့ပဲ မှိန်းနေကြ .."

ဆိုပြီး ဦးမောင်ငိုကို အတင်းပြန်တွန်းတင်တော့တာ။ ဒါကို ဦးမောင်ငိုကလည်း လျှော့ပေးမယ်ထင်လား ..

"ဟော့ကောင် .. မင်းဖယ် .. ငါဆက်တူးမယ် .. ငါဆက်တူးမယ် .. မင်းတူးချင်ရင် .. မင်းရွာမှာမင်းပြန်တူးလှည့် .. ဒီရွာမှာတော့ ဘာကျင်းမှလာမတူးနဲ့ .. မင်းဘာသာမင်း လွတ်လွတ်လပ်လပ်သွားမှိန်းနေလိုက်"

လို့အော်ပြီး အတင်းဆင်းတယ်။ ဟိုကလည်း အတင်းကို တွန်းတင်တယ်။ သူတို့နှစ်ယောက် ကျင်းထဲမှာ ယောက်ယက်ခတ်နေတာမြင်တော့ ခင်မောင်စန်း မနေသာတော့ဘူး။

"နေ .. နေကြပါဦးဗျာ။ နေကြပါဦး .. ကျွန်တော်ရှင်းပေးပါ့မယ် .. ကျွန်တော် ရှင်းပေးပါ့မယ် .."

ဆိုမှ နှစ်ယောက်လုံး ငြိမ်သွားတယ်။ ငြိမ်တယ်ဆိုတာ မြေတူးဖို့သာငြိမ်သွားတာ လူက မရိုးမရွနဲ့။ ဒါကို ခင်မောင်စန်း ကပဲဆက်ပြီး ..

"ဒီလိုလုပ်ပါဗျာ .. ခင်ဗျားတို့နှစ်ယောက် ညီတူမျှတူ တစ်ယောက် တစ်ဖက်နှစ်ပေစီ တူးပေးကြပေါ့ ဟုတ်ပြီလား .."

ဆိုတော့ နှစ်ယောက်လုံးက ခေါင်းကို ခပ်သွက်သွက်ခါပြီး .. အီးတီကစလို့ ..

"အဲ .. အဲလိုမဖြစ်လို့ပေါ့။ ကိုခင်မောင်စန်းရာ .. ဒါတစ်ယောက်တည်းလုပ်ရမယ့်အလုပ်ဗျ. .. ရှယ်ယာပါလို့ မကောင်းဘူး"

အီးတီစကားကို ဦးမောင်ငိုက ရင်ကော့ပြီး ..

"ကဲ .. ဒီလိုရှင်းနေရင်ကြာတယ်ကွာ .. ဒီမှာ ခင်မောင်စန်း"

"ဗျာ .. ဦးမောင်ငို"

ခင်မောင်စန်း အလန့်တကြား ပြန်ထူးတယ်။ ဒါကို ဦးမောင်ငိုက ..

"ငါ .. ခပ်ရှင်းရှင်း ပြတ်ပြတ်ပဲပြောမယ်။ ဟောဒီမြေကို ငါ့အခမဲ့တူးပေးမယ့်အပြင်၊ မြေတူးခအတွက် မင်းကို ပိုက်ဆံထပ်ပေးမယ်ကွာ .. ကိုင်း ပြတ်ကရော"

"ဗျာ .."

ဦးမောင်ငိုစကားကြောင့် ခင်မောင်စန်း ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ ပြီးတော့ မယုံသလိုဟန်မျိုးနဲ့ ..

"တကယ် .. တကယ်ပြောတာလား .. ဦးမောင်ငို .."

"တကယ်ပေါ့ကွ .. မင်းသာဒီမြေ ငါ့ကို ပေးတူးရင် မြေတူးခ တန်ရာတန်ကြေး ပိုက်ဆံပေးပြီးတဲ့အပြင် .. ကမ္ဘာ့အလှဆုံး အိမ်သာတစ်လုံးပါ အဆစ်ထပ်ဆောက်ပေးမယ်"

သူ့စကားကြားတာနဲ့ အီးတီကပါ ..

"ဟာဗျာ .. ဒီလောက်တော့ ကျုပ်လည်း တတ်နိုင်ပါတယ်ဗျ .. ကြာတယ်ဗျာ .. ကျုပ်ကိုသာ ဆက်ပြီးပေးတူး .. ကမ္ဘာ့အဆင့်မီ **Royal** အိမ်သာကြီးတစ်လုံး ဆောက်ပေးပြီးတဲ့အပြင်၊ ကျုပ် ခင်ဗျားကို ငွေငါးရာ ထပ်ဆောင်း ပေးမယ်"

"ငါက တစ်ထောင်ကွာ .. ကဲ .. မှတ်ကရော"

ဦးမောင်ငိုက တစ်ခွန်းအတင်မခံ ပြန်ပြောတယ်။ ဒါကိုအီးတီက အားကျမခံ ..

“ဒါဆို ကျုပ်က ထောင့်ငါးရာဗျာ ..။ ဆောက်ပေးတဲ့ အိမ်သာ ရေနံချေးဝနေရမယ်”

“ငါက နှစ်ထောင်ကွာ .. ပြတ်ကရော .. အိမ်သာကိုပါ နှစ်ထပ်အိမ်သာဆောက်ပေးမယ် .. ကိုင်း ..”

ဆိုတော့ အီးတီက ဆက်ပြောမလို့လုပ်စဉ် ခင်မောင်စန်းက လက်ကာပြပြီး ..

“တော် .. တော်ပါပြီဗျာ .. ဒီလောက်ရရင် တော်ပါပြီ .. ကဲ .. ဒီတစ်ခါတော့ ကိုယ့်ရွာသားကိုယ် ဦးစားပေး လိုက်ပါ့မယ်။ ဦးမောင်ငိုပဲ နှစ်ထပ်အိမ်သာနဲ့၊ ငွေနှစ်ထောင် ပေးပြီးဆက်လုပ်ပါ။ ဒါပေမယ့်အိမ်သာနှစ်ထပ်လုံးမှာ သောက်ရေအိုးတစ်လုံးစီတော့ ပါပေ့စေ”

“စိတ်ချ .. ငါ့ကောင် ရေအိုးကိုတောင် ရိုးရိုးအိုးမဟုတ်ဘူး။ ကြွေအိုးအစစ် ထားပေးမယ် .. မင်းအေးအေး ဆေးဆေး မိန်းနေတော့”

ဆိုပြီး ပြောတယ်။ အီးတီကတော့ ဘာမှမတတ်နိုင်ဘူး။ တောက်တစ်ချက်ခေါက်ပြီး ..

“ခင်ဗျားဗျာ ..။ စေတနာစော်ကားတဲ့လူ”

ဆိုပြီး ခင်မောင်စန်းကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ထွက်သွားတော့တယ်။ ခင်မောင်စန်းကတော့ အပြုံး မပျက်ဘူး။ ဝမ်းသာအားရ ရယ်တောင်ရယ်လိုက်သေး။ အေးလေ ရယ်နိုင်မှာပေါ့။ အလကားနေရင်း အိမ်သာတစ်လုံး ရတဲ့အပြင် ငွေနှစ်ထောင်ပါ ထပ်ရလိုက်သေးတာဆိုတော့ ..။ ရတာမှလက်ငင်းရတာနော်၊ ဦးမောင်ငို ပေါက်တူး ကိုင်တာနဲ့ ငွေအရင်ရှင်းရတာ။

ooooo

ဦးမောင်ငိုပါ ခင်မောင်စန်းခြံထဲ အိမ်သာကျင်းဝင်တူးနေတယ်ဆိုတဲ့ သတင်းက တစ်ရွာလုံးကို တစ်မဟုတ်ချင်း ပျံ့နှံ့သွားတယ်။

အီးတီသာမက ရွာကလူတွေကပါ ဦးမောင်ငို အိမ်သာကျင်းဝင်တူးနေပြီဆိုတော့ မအံ့သြပဲ နေနိုင်ကြရိုးလား။ နောက်ပြီး တူးတာကလည်း ခင်မောင်စန်းခြံထဲမှာပဲလေ ..။ မြေလည်းတူးရသေး။ ငွေလည်းပေးရသေးဆိုတော့ ဘာသဘောနဲ့ လုပ်နေကြတယ်ဆိုတာ အားလုံး အံ့အားသင့်ကုန်ကြတယ်။ ခင်မောင်စန်းကို မေးကြည့်တော့လည်း အူကြောင်ကြောင်ပဲ။

"မသိဘူးဗျ။ အစကတော့ သူတို့စေတနာနဲ့တူးပေးမယ်တဲ့။ နောက်မှ အပြိုင်အဆိုင်တွေဖြစ်ပြီး ပိုက်ဆံတွေ ပေးကြတာဗျ။ ကျုပ်လည်း အလကားရတော့ ယူထားတာပေါ့ဗျာ။ အဟဲ .."

တဲ့။ ဒါနဲ့ ဦးဖေစန်းက ..

"မင်း သူတို့ကို ဘာလို့တူးချင်ကြတာလဲလို့ မမေးဘူးလား"

ဆိုတော့ ခင်မောင်စန်းက ..

"မမေးပါဘူးဗျာ..။ သူတို့တူးချင်လို့ တူးတာလို့ပဲ သဘောထားလိုက်တယ် .. အံ့မယ် .. ကျုပ်ကိုတောင် ပြောကြသေးတယ် .. မိုန်းနေ မိုန်းနေတဲ့"

သူ့အဖြေကို ဦးဖေစန်း မရိုးမရွဖြစ်သွားတယ်။

ဟိုက ဒီလောက်တောင် စိတ်ဝင်တစား တူးနေဆွနေတာကိုတောင် သူက အေးအေးဆေးဆေး မိုန်းနေသေးတာကိုး ..။

"ဒါပေမယ့် .. မောင်ငို မြို့တက်ပြီး ပြန်လာတာနဲ့ ဘာလို့ ဒီလိုဖြစ်သွားတယ်ဆိုတာတော့ .. မင်းသိသင့်တယ်ကွ"

ဦးဖေစန်းစကားကြောင့် ခင်မောင်စန်း တွေဝေသွားတယ်။ ပြီးမှ ခေါင်းတညိတ်ညိတ်လုပ်ပြီး ..

"အဲဒါတော့ ဟုတ်တယ်ဗျ .. ဒီကိစ္စဟာ အီးတီနဲ့ ပတ်သက်နေလားမသိဘူး"

နှစ်ယောက်စလုံး အသံတိတ်သွားတယ်။ ကြည့်ရတာ နှစ်ယောက်လုံး ဒီကိစ္စကို အကြိတ်အနယ် စဉ်းစားနေပုံရတယ်။ အတော်ကြာမှ ဦးဖေစန်းက ..

"ဟုတ်ပြီ ..။ မနက်ဖြန်မနက် ငါမြို့တက်မယ်။ ပြီးရင် .. အီးတီဆိုတဲ့ကောင်အကြောင်းကို အသေအချာ ထပ်စုံစမ်းခဲ့မယ်"

ဦးဖေစန်းက အားနဲ့မာန်နဲ့ ပြောတယ်။ ခင်မောင်စန်းကတော့ မိုန်းလို့ ..

ooooo

အဲဒီနေ့က တစ်ရွာလုံး လက်ဖက်ရည်ငတ်တဲ့နေ့ပဲ။ တစ်ဆိုင်တည်းရှိတဲ့ ဖေစန်းလက်ဖက်ရည်ဆိုင် ပိတ်ထားလို့လေ။ စုံစမ်းကြည့်တော့ ဦးဖေစန်းကြီး မနက်ကတည်းက ဆိုင်းမဆင့်ဗုံမဆင့် မြို့တက်သွားလို့ပဲ။

မြို့တက်သွားရခြင်းအကြောင်းရင်းကတော့ သိတယ်မဟုတ်လား။ အီးတီအကြောင်းစုံစမ်းဖို့လေ ..။ သူတို့ကသာ စိတ်ဝင်တစားနဲ့စုံစမ်းနေကြတာပါ။ အီတီနဲ့ ဦးမောင်ငိုကတော့ မနက်အစောကြီး ခင်မောင်စန်းတို့ခြံသွားပြီး ကိုယ့်မြေကိုယ်တူးဖို့ ပြင်နေကြပြီ။ ဦးမောင်ငိုက သူ့မိန်းမဒေါ်အင်းမပါခေါ်ပြီး နှစ်ယောက်တစ်ပြန်စီ တူးဖို့လာကြတာ။ အဲဒီမှာ မြေကျင်းဆီရောက်တယ်ဆိုရင်ပဲ ပြဿနာကစတော့တာပဲ ..။

“ဘယ်ကောင်လဲကွ .. ငါ့မြေကျင်း ဝင်တူးသွားတာ”

ဦးမောင်ငိုရဲ့ ဒေါသတကြီးအသံ။

“ဟော့ .. ပြောနေတယ်လေ .. ငါ့ကျင်းထဲ ဘယ်သူဝင်တူးသွားတာလဲလို့ ..”

သူ့အော်သံကြားတော့ ခင်မောင်စန်း အိပ်ချင်မူးတူးနဲ့ထလာတယ်။ အီးတီက သူ့ကျင်းထဲကနေ ခိုးကြည့်နေတယ်၊ ပြီးတော့ ဖတ်ခနဲ ပြန်ဝပ်နေလိုက်တယ်။

"မနက်စောစောစီးစီး .. ဘာဖြစ်နေတာလဲ ဦးမောင်ငိုရဲ့"

ခင်မောင်စန်းရဲ့အမေး ..။ ဒါကို ဦးမောင်ငိုက ..

"ဒီမှာလေ .. ငါ့မြေကျင်းထဲ .. ဘယ်သူ .. ခိုးတူးသွားလဲမသိဘူး .. "

ခင်မောင်စန်း ခေါင်းကုတ်တယ်။ သူ့ခမျာ စဉ်းစားနေပုံရတယ်။ ပြီးတော့မှ အီးတီကျင်းဘက် လှမ်းကြည့်ပြီး ..

"ညတုန်းကတော့ အီးတီကို ဒီကျင်းထဲမြင်မိတာပဲ"

ဆိုတော့ ဦးမောင်ငိုက ဒေါသတကြီးနဲ့ ..

"ဘယ်မှာလဲကွ .. အဲဒီ အီးတီ"

ဆိုပြီး သူ့ကျင်းထဲကခုန်တက်ကာ အီးတီကျင်းဘက် ခြေလှမ်းကျဲကြီးနဲ့ လှမ်းသွားတယ်။ ကျင်းထဲမှာ မျက်စိသူငယ် နားသူငယ်နဲ့ ထိုင်နေတဲ့ အီးတီကိုလည်းမြင်းရော ဦးမောင်ငို ပိုတင်းသွားပြီး ..

"ဟေ့ကောင် .. မင်းညတုန်းက ငါ့မြေကျင်းထဲ ဝင်တူးသေးတယ်ဆို .. ကျင်းထဲက ဘာရသွားသေးလဲ .. ဟေ့ကောင် .. မြန်မြန်ပြော .."

ဆိုတော့ အီးတီက သွားလေးဖြဲပြီး ..

"ဘာမှ မတွေ့ပါဘူး .. ဦးမောင်ငိုရာ .. အဟဲ .."

ဆိုတော့ ဦးမောင်ငိုက

"ဟေ့ကောင် .. ဘာမှမတွေ့လို့မဖြစ်ဘူး .. မင်းတစ်ခုခုတွေ့ကို တွေ့ရမယ် .. ဘာတွေ့လဲ မင်းမှန်မှန် ပြောစမ်း .."

သူ့စကားကို အီးတီက ဟိုကြည့်ဒီကြည့်နဲ့ ..

"ဟိုလေ .. တီကောင်နှစ်ကောင် မိတ်လိုက်နေတာတွေ့တယ်"

"ဟော့ကောင် ဘယ်တီကောင်မှ မိတ်မလိုက်ဘူးကွ .."

"ဟုတ်လား .. ကျွန်တော်က နှစ်ကောင်လုံးနေတော့ ဒါပဲထင်တာ"

ဆိုတော့ ဦးမောင်ငိုဘာမှပြန်မပြောသာဘူး။ ဘာမှမတွေ့ဘူးဆိုတော့မှ ဘာမှလည်း လုပ်လို့မရတော့ဘူး။ ဒါနဲ့ပဲ ညစ်တွန်းတွန်းပြီး ..

"မရဘူးကွာ .. မင်း ငါ့ကျင်းထားသလို .. မင်းကျင်း ငါပြန်တူးမယ် .. လာ .. အင်းမ .. ဒီနေရာ အရင်တူးမယ်"

ဆိုပြီး သူ့မိန်းမဒေါ်အင်းမကိုပါ ခေါ်လိုက်တယ်။ ဒေါ်အင်းမကလည်း သိတယ်မဟုတ်လား .. လာပါပြီတော် .. ဆိုပြီး ချက်ချင်း ရောက်လာတယ်။ သူတို့နှစ်ယောက်ကိုလည်း ကျင်းနှုတ်ခမ်းမှာ မြင်ရော အီးတီလည်း မျက်လုံး ပြူးပြီး ..

"ဟ .. ဟ .. လုပ်ကြပါဦး .. ဘာလုပ်ကြမှာလဲဗျ .. ဘာလုပ်ကြမှာလဲ .."

ဆိုတာကို ဦးမောင်ငိုက ရင်ကော့ပြီး ..

"လက်စားပြန်ချေမှာလေ .. မြေ ပြန်တူးပစ်မှာ"

"ဟုတ်တယ် .. ကိုယ့်ကို တစ်ပေတူးရင် သူ့ကိုတစ်ပေ ပြန်တူးမှ အင်းမတို့က ကျေနပ်တာ .."

သူ့စကားကို သူ့မိန်းမ မအင်းမကပါ ထောက်ခံတယ်။ ဒီတော့ အီးတီလည်း မျက်ကလဲဆန်ပြာ ဖြစ်သွားပြီး ..

"ဟ .. ဟ .. အဲလိုမလုပ်နဲ့လေ .. အဲလိုမလုပ်နဲ့လေ .. ဗျို့ .. ကိုခင်မောင်စန်း .. ဒီမှာ .. ဒီလူကြီးကို ပြောစမ်းပါဦး .."

လို့ အော်ကာ အကူအညီတောင်းတယ်။ဒါကို ခင်မောင်စန်းက စိတ်ရှုပ်သလိုခေါင်းကုပ်ပြီး ..

"မသိတော့ပါဘူးဗျာ ..ခင်ဗျားတို့ ဘာသာ ခင်ဗျားတို့ ညှိယူကြ .. ကျုပ်နဲ့မဆိုင်ဘူး .."

ဆိုတော့ ဦးမောင်ဒိုက ကျင်းထဲဆင်းပြီး အီးတီကို ကုပ်ကပ်မကာ ကျင်းပေါ်မြှောက်ပစ်လိုက်တယ်။ ဒါကို ဒေါ်အင်းမကလည်း အီးတီရဲ့ နံကြားကို "အင်းဟာ" ဆိုပြီး နင်းကာ ကန်လွှတ်လိုက်တယ်။ ဟိုက ဗလအားကိုးနဲ့ အနိုင်ကျင့်နေတော့ အီးတီကလည်း ဘာမှမတတ်နိုင်တော့ဘူး ..။

"ဟော့လူတွေ .. ကျုပ် ခင်ဗျားတို့မြေတူးတာ နှစ်ပေပဲရှိတာနော်"

ဆိုပြီးအော်တယ်။ ဟိုက ဂရုမစိုက်တော့ပါဘူး။ မြေကြီးကို ကော်ပြီး သူ့ပါးစပ်ထဲတောင် လှမ်းပစ်လိုက်သေးတယ်။

သူတို့လည်း အီးတီမြေမှာ စိတ်ကြိုက်နှစ်ပေတူးပြီးမှ (ဘာမှ မထူးခြားလို့လား မသိဘူး ..) သူတို့မြေကို ပြန်လာပြီး တူးတော့တာ .. ဦးမောင်ဒိုတူးရင် ဒေါ်အင်းမကမြေသယ်။ ဒေါ်အင်းမတူးရင် ဦးမောင်ဒိုက မြေသယ်ပေါ့။ သူတို့နှစ်ယောက် တက်ညီလက်ညီ လုပ်လို့လားမသိဘူး။ တစ်မနက်တည်းတူးတာတောင် အီးတီ သုံးလေးရက် တူးစာလောက် နက်သွားတယ်။

သူတို့သာ အသည်းအသန်ဖြစ်နေတာ ခင်မောင်စန်းကတော့ အေးအေးဆေးဆေးပဲ။ ဘာမှလည်း ဝင်မပြော ဘူး။ ဘာမှလည်း ဝင်မလုပ်ဘူး။ သူကိုလည်း ဘယ်သူကမှ ကျင်းနား အကပ်မခံကြဘူး။ အနားလာကပ်ရင် မိုန်း နေဖို့ပဲ အပြောခံရတယ်။ အီးတီကျင်းနားသွားရင် အီးတီက သူ့ကိုတစ်နည်းနည်းနဲ့ပထုတ်တယ်။ ဦးမောင်ဒို ကျင်းနားသွားရင်လည်း ဦးမောင်ဒိုတို့က ချော့ပြီး ထိသွားသလို မြေကြီးကို လှမ်းပက်လိုက်၊ ဂေါ်ပြားကြီး ပစ်တင် လိုက် လုပ်တယ်။ ဒါကြောင့် ခင်မောင်စန်းဆို သူတို့ တူးနေတဲ့ကျင်းနား ယောင်လို့တောင် မလှည့်တော့ဘူး။

မှိန်းနေပဲ ..။ ဒီလိုနဲ့ နေ့လယ်ပိုင်း ရောက်လာတယ်ဆိုပါတော့။

ooooo

ရှာလမ်းတစ်လျှောက် ဖုန်တလုံးလုံးထအောင် ပြေးလာတဲ့ ဦးဖေစန်းကို တွေ့ကြရပြန်တယ်။ ဘာတွေ ဘယ်လို အရေးကြီးလာတယ်ရယ်တော့မသိဘူး။ ဘယ်သူ့ကိုမှလည်း နှုတ်မဆက်အားဘူး။ ဘယ်သူ့ကိုမှလည်း ဂရု မစိုက်တော့ဘူး။ ဘာလို့ဒီလောက်အရေးကြီးလာလဲဆိုတာ .. ဘယ်သူမှ မသိဘူး။ ဘယ်ကိုသွားမယ်မှန်းလဲ မသိဘူး။

ဒါပေမယ့် ..

ခင်မောင်စန်းတို့ အိမ်ရှေ့လည်းရောက်ရော ဝိဆိုချိုးဝင်လိုက်တယ်။

"ခင်မောင်စန်း .. ခင်မောင်စန်း .."

ဦးဖေစန်းရဲ့ သံကုန်ခြစ်အော်သံ။ မြေကျင်းတူးနေတဲ့ အီးတီနဲ့ ဦးမောင်ငို ခေါင်းထောင်ကြည့်တယ်။ ဦးဖေစန်း မြို့ကပြန်လာတာကို တွေ့တော့ သူတို့ကိုမမြင်အောင် ကျင်းထဲဝပ်နေလိုက်တယ်။ ခင်မောင်စန်း အိမ်ရှေ့ ထွက်ကြည့်တယ်။

"ဘာတွေများ .. အရေးကြီးလာလဲ ဦးဖေစန်းရဲ့ .."

ခင်မောင်စန်းအမေးကို ဦးဖေစန်း ရုတ်တရက်ပြန်မဖြေနိုင်သေးဘူး။ ဘေးနားက ဦးမောင်ငိုတည်ထားတဲ့ ရေအိုးထဲက ရေတစ်ခွက်ခပ်သောက်လိုက်တယ်။ ပြီးမှ ခင်မောင်စန်းကို ဟိုနှစ်ယောက်မကြားနိုင်တဲ့ နေရာဆွဲခေါ်သွားပြီး ..

"ခင်မောင်စန်း .. မင်းအဖေဦးလူလုကြီး မဆုံးခင် မင်းကိုဘာမှာသွားသေးလဲ"

"ဘာရယ် .."

သူ့ရဲ့မဆီမဆိုင်အမေးကြောင့် ခင်မောင်စန်း ကြောင်သွားသေးတယ်။ ကြောင်မှာပေါ့ ခင်မောင်စန်းအဖေ သေတာ နှစ်နှစ်ဆယ်ကျော်ပြီကိုး၊ ဒါကို ဦးဖေစန်းက အလောတကြီးနဲ့ ..

"ပြောစမ်းပါဦးကွ .. မင်းအဖေ ဦးလူလုကြီး မဆုံးခင် မင်းကို ဘာပြောသွားသေးလဲလို့ .."

သူ့အမေးကို ခင်မောင်စန်းက ခေါင်းလေးကုတ်ပြီး ..

"အင်း .. ဘာမှတော့ ထွေထွေထူးထူး ပြောသွားတာမရှိပါဘူး။ သူ့ဘာသာသူ အသက်ငင်ပြီး အစောကြီး သေပစ်လိုက်တာပဲ .. တစ်ခွန်းတော့ပြောခဲ့တယ် .. တိုးတိုးလေးပဲ .."

"ဘာ .. ဘာ .. ဘာပြောသွားလဲ"

"အင်း .."

ခင်မောင်စန်း လေးလေးနက်နက်စဉ်းစားနေပုံကို ဦးဖေစန်းက စိတ်မရှည်တော့ဘူး .. ခင်မောင်စန်းကို ကိုင်လှုပ်ပြီး ..

"ဘာ .. ဘာပြောသွားလဲဟင်"

ခင်မောင်စန်းက မျက်မှောင်ကြုတ်ပြီး ..

"အင်း .."

"အေးလေ .. ဘာပြောသွားလဲ မြန်မြန်ပြော .."

"ဟာ .. ခင်ဗျားကြီးကလဲ .. အင်း .. လို့ တိုးတိုးလေးပြောပြီး အသက်ထွက်သွားတာဗျ"

ဦးဖေစန်းက သူလိုချင်တဲ့အဖြေမရလို့ ခေါင်းကိုခပ်ပြင်းပြင်းကုပ်လိုက်ပြီး ..

"အာ .. ခွီးထဲမှ .. ငါမေးတာ အဲဒီလို မဟုတ်ဘူးလေကွ .. အသက်မငင်ခင်မှာ .. ဟိုလေ .. အမွေကိစ္စတွေ ဘာတွေနဲ့ပက်သက်ပြီးတော့ .."

"အမွေကိစ္စ"

ဦးဖေစန်းစကားကို ခင်မောင်စန်းက သံယောင်လိုက်တယ်။ ပြီးတော့ စဉ်းစားတယ်။ သူ့အဖေသေတာ နှစ်နှစ်ဆယ်တောင်ကျော်ပြီဆိုတော့ တော်ရုံ ပြန်စဉ်းစားလို့မရ ဖြစ်နေတယ်ထင်တယ်။

"အဖေ .. ဘာပြောခဲ့လဲဆိုတော့ .. အင်း .. အဖေက .."

ဆိုပြီး ခေါင်းကုတ်လိုက် စဉ်းစားလိုက် ဖြစ်နေတယ်။ အတော်ကြာမှ ..

"သြော် .. သတိရပြီ ..။ သတိရပြီ .."

"ဘာ .. ဘာတဲ့လဲဟင် .."

ဦးဖေစန်း အလောတကြီးမေးတယ်။ ဒါကို ခင်မောင်စန်းက မျက်မှောင်ကြုတ်ပြီး ..

"ဟိုလေဗျာ .. အဖေ အသက်မငင်ခင်မှာ ပြောတယ် .. အင်း .."

ဦးဖေစန်းရဲ့မျက်လုံးတွေ အရောင်လက်နေတယ်။

"သူကတဲ့ .."

"အင်း .."

"မင်းကို ငါက အမွေပေးစရာ ဘာမှမရှိဘူးတဲ့ .."

"ဟာကွာ .. မင်းကလည်း .."

သူထင်သလို မဟုတ်တော့ ဦးဖေစန်း ပြန်ပျော့သွားတယ်။ ဒါပေမယ့် ခင်မောင်စန်းက ဆက်ပြီး ..

"ဒါပေမယ့် မင်းအတွက် ငါမြေတော့ ထားခဲ့ပေးမယ် .. တဲ့ ..၊ မင်းသုံးတတ်ရင် ဒီမြေက ရွှေပဲ .. တဲ့။

"ဒီမြေက ရွှေ .. ဟုတ်လား"

ဦးဖေစန်းမျက်လုံး အရောင်လက်သွားတယ်။ နောက် အလောတကြီးနဲ့ ..

"နောက် .. နောက် သူ ဘာပြောသေးလဲ"

ခင်မောင်စန်းက ခဏစဉ်းစားလိုက်ပြီး ..

"အင်း .. ဘာမှတော့ ဆက်မပြောဘူးဗျ။ သူ့အနောက်ဘက်ကို ကြည့်ပြီး တစ်ခုခုပြောဖို့ လုပ်သေးတယ် .."

"ဒါပေမယ့် အသံမထွက်နိုင်တော့ဘူး"

ခင်မောင်စန်းစကားကိုလည်း ကြားရော ဦးဖေစန်း အသံမထွက်နိုင်တော့ဘူး။ သူခများ ဘယ်ကစပြီး ဘာပြန်ပြောရမှန်းလဲ မသိတော့ဘူးထင်တယ်။ အသံတိတ်ပြီး ငြိမ်နေတယ်။ ဒါကို ခင်မောင်စန်းကပဲစလို့ ..။

"အဖေဆုံးတဲ့အကြောင်း အခုမှ ဘာလို့လာမေးနေတာလဲ ဦးဖေစန်း"

ခင်မောင်စန်းအမေးကြောင့် ဦးဖေစန်းထိပ်ခနဲ လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။

"ဟိုလေ ဟို .. ဟို မင်းအဖေကို ငါက သတိရသွားလို့ပါကွာ .. ဟဲဟဲ .. နောက် နှစ်လည်ဆွမ်းတွေ ဘာတွေ ကပ်တာ မတွေ့လို့ .."

ဆိုပြီး မလုံမလဲဖြေတယ်။ ပြီးတော့ ခြံထဲကိုလည်း နေရာမလပ်လိုက်ကြည့်တယ်။ ဒါကို ခင်မောင်စန်းက ..

“နေပါဦးဗျ။ ခင်ဗျား အီးတီအကြောင်း စုံစမ်းမေးမယ်ဆိုပြီး မြို့တက်သွားတာ၊ သူ့အကြောင်း ဘာသိခဲ့ရလဲ လုပ်စမ်းပါဦး”

ဆိုတော့မှ ဦးဖေစန်းမျက်နှာ ဝင်းလက်သွားပြီး ..

“အေး .. ငါလည်းအဲဒါကိုပြောမလို့ကွ .. ဒီလိုကွာ”

ဆိုပြီး စကားကို ထပ်မဆက်သေးဘဲ ကိုယ်ရှိန်သတ်လို့ ခင်မောင်စန်းကို အသေအချာကြည့်တယ်။ ပြီးမှ ..

“မင်း .. ငါ့ကို မြေနည်းနည်းရောင်းပါလား”

“ဟင် ..”

မဆီမဆိုင် သူ့စကားကြောင့် ခင်မောင်စန်း ကြောင်သွားတယ်။ နောက်မှ .. ဇဝေဇဝါနဲ့ ..

“အီးတီအကြောင်း စုံစမ်းတာနဲ့ မြေရောင်းတာ နဲ့ ဘာဆိုင်လို့လဲ ..”

“ဒီလိုလေကွာ”

ခင်မောင်စန်းအမေးကို ဦးဖေစန်းက ရုတ်တရက် မဖြေဘူး။ သူ့ခမျာလည်း စကားလုံးရွေးနေပုံရတယ်။ အတော်ကလေးကြာမှ ..

“အခု မြို့မှာက လူတိုင်း အိမ်သာကိုယ်စီနဲ့ ဖြစ်နေကြပြီကွ။ အီးတီဆိုလည်း .. အင်း .. မြို့မှာ ကိုယ်ပိုင်အိမ်သာနဲ့အပြင် အများသုံးအိမ်သာပါ တီထွင်နိုင်ပြီကွ။ အဲဒါကြောင့်ငါလည်း အီးတီလို ကိုယ်ပိုင်အိမ်သာ ဆောက်ချင်လို့ ..”

သူ့စကားကြောင့် ခင်မောင်စန်း မျက်လုံးပြူးသွားတယ်။

“ဟင်..ခင်ဗျားကလည်း .. အိမ်သာဆောက်မယ်။ ကိုယ့်အိမ်မှာ ကိုယ်ဆောက်လေဗျာ ..”

ဆိုတော့ ဦးဖေစန်းက စပ်ဖြဲဖြဲမျက်နှာနဲ့ ..

"ဒီလိုကွ .. အဟဲ .. အိမ်သာဆိုတာကလည်း ရမ်းဆောက်လို့ မရဘူးကွ။ ရမ်းဆောက်ရင် ကျန်းမာရေး ထိခိုက်တယ်"

"သူက ဆောင့်ကြောင့်ထိုင်ရတဲ့ ကိစ္စဆိုတော့ မြေဓါတ်က အရေးကြီးတယ်"

"အဲဒီတော့ .."

ခင်မောင်စန်းရဲ့အမေး .. ဦးဖေစန်းက အပိုးမသေတဲ့မျက်နှာနဲ့ ..

"အဲဒီတော့ ငါအသေအချာတွက်ချက် လိုက်တဲ့အခါ မင်းရဲ့မြေက အိမ်သာဆောက်လို့ အကောင်းဆုံးပဲကွ"

"မြေသက်တမ်းအရရော .. အရသာအရရောပေါ့ကွာ .."

ခင်မောင်စန်း မျက်နှာရှုံ့မဲ့လိုက်တယ်။

"မြေကြီးပဲ သူစားဖူးတာ ကျနေတာပဲ .."

ဆိုတာကို ဦးဖေစန်းက အပိုးသတ်လို့ မရတဲ့မျက်နှာနဲ့ ..

"စားဖူးစရာမလိုဘူးလေကွာ .. ရေကြောမြေကြောနပ်ရင် ကြည့်လိုက်တာနဲ့သိပါတယ်ကွ .. အဟဲ .. အဲဒီတော့ မြေနည်းနည်းလေး ရောင်းပေးပါကွာ .. နော် .. နော်"

ဦးဖေစန်းက ကလေးများ မုန့်တောင်းသလို ခင်မောင်စန်းလက်ကို ဆွဲကိုင်ပြီး တောင်းတယ်။ ခင်မောင်စန်းက စိတ်ရှုပ်သလို ဟန်မျိုးနဲ့ ..

"မြေမရောင်းချင်တော့ပါဘူး။ အခုတောင်အိမ်ရှေ့အိမ်သာတစ်လုံး အိမ်ဘေးအိမ်သာတစ်လုံး ဘာလုပ်ရမှန်းကို မသိတော့ဘူး"

ဦးဖေစန်းက အူယားဖားယားနဲ့ ..

"အဟဲ .. ငါက အဲလိုမဟုတ်ပါဘူး။ မင်းအဖေဩန်ပြသွားတဲ့ အနောက်ဘက်ကို ယူမှာပါ"

"အဖေ ညွှန်ပြသွားတဲ့ အနောက်ဘက်"

ဦးဖေစန်းစကားကို ခင်မောင်စန်းက ဇဝေဇဝါနဲ့ သံယောင်လိုက်တယ်။ ဒါကို ဦးဖေစန်းက ချက်ချင်း စကားလွှဲပြီး ..

"မဟုတ်ပါဘူးကွာ .. ငါပြောတာ မင်းအဖေလက်ထက်ကတည်းက အိမ်နောက်ဖေးကိုပြောတာပါ။ အဟဲ .. လုပ်ပါကွာ .. လေးပေတည်းပါ။ ငါဈေးကောင်းပေးပါ့မယ်"

ဈေးကောင်းပေးပါမယ်ဆိုတော့ ခင်မောင်စန်း စိတ်ဝင်စားသွားတယ်။

"တကယ်ဈေးကောင်းပေးမှာနော်"

ဆိုတော့ ဦးဖေစန်းက ခေါင်းကို ခပ်သွက်သွက်ညိတ် ရင်ဘတ်ကို တဘုတ်ဘုတ်ပုတ်ပြပြီး ..

"တကယ်ပါကွာ .. မညာပါဘူး"

"ဒါဆို .. အရင်ဈေးထက် နှစ်ဆပေးရမယ်"

"အရင်ကထက် နှစ်ဆ"

"အေးလေ ပေးချင်ပေး မပေးချင်လဲနေ .. ဟိုဘက်မှာ ဦးမောင်ငိုတို့က မြေလည်းတူးပေးသေး။ ငွေလည်း နှစ်ထောင် ပေးသေး .."

"ငွေပေးပြီး မြေတူးတယ်"

ဦးဖေစန်း မျက်လုံးလေးပြူးပြီး သံယောင်လိုက်တယ်။ နောက်လက်ကလေး နှစ်ချောင်းထောင်ပြီး ငြိမ် နေတယ်။ သူ့ခမျာ စဉ်းစားနေပုံရတယ်။ အတော်ကြာမှ ဝင်းလက်တဲ့မျက်နှာနဲ့ ..

"ပေးမယ်ကွာ .. ပေးမယ် ..။ အခုချက်ချင်း နှစ်ဆပေးမယ်"

ဆိုပြီး ဈေးဝယ်ဖို့ ယူသွားတဲ့ ပိုက်ဆံအိတ်ကို ထုတ်တယ်။ ပြီးတော့ ခင်မောင်စန်းဘက်လှည့်ပြီး ..

“ကဲ .. ဘယ်လောက်လဲပြော”

“အင်း .. အရင်က တစ်ပေနှစ်ထောင်၊ အခု လေးထောင်ဗျာ။ လေးပေဆိုတော့ သောင်းခြောက်ထောင်”

ဦးဖေစန်း မျက်လုံးပြူးသွားတယ်။ သောင်းခြောက်ထောင်ဆိုတဲ့ငွေက နည်းတာမှတ်လို့။ တခြားမြေဆိုရင်တောင် တစ်ပေနှစ်ထောင်လောက်နဲ့ ဝယ်လို့ရတယ်လေ။ ဒါကြောင့် ..

“မင်း .. မင်းဟာကများတယ်ကွ။ နည်းနည်း မလျှော့နိုင်ဘူးလားကွာ ..”

ဆိုတော့ ခင်မောင်စန်းက ခပ်မာမာပဲ ..

“မလျှော့နိုင်ဘူးဗျာ။ ကျုပ်က သိပ်ရောင်းချင်နေတာ မဟုတ်ဘူး။ ခင်ဗျားတို့ လိုချင်တယ်ဆိုလို့သာ ရောင်းရတာ .. မလိုချင် မဝယ်နဲ့ ..”

ဆိုပြီး လှည့်ထွက်သွားတော့ ဦးဖေစန်းကလည်း ကပျာကယာ ခင်မောင်စန်းလက်ကိုဆွဲကာ ..

“အေး .. အေးပါကွာ .. ဝယ်ပါ့မယ်။ ရော့ .. ဒီမှာ ငါ့ဆိုင်ရင်းလေး အပြုတ်ခံပြီး ပေးမယ်။ ရော့ .. ငွေသောင်းခြောက်ထောင် ..”

ဆိုပြီး ပိုက်ဆံတွေကို ခင်မောင်စန်းလက်ထဲ ထိုးထည့်ပြီး ပေါက်တူး၊ တူရွင်းတို့ အဆင်သင့်မပါလာတော့ ဆိုင်အတွက် သုံးဖို့ဝယ်လာတဲ့ ဇွန်းတို့ ခရင်းတို့ ယောက်မတို့နဲ့ အလောတကြီးတူးတော့တာ။ သူရတဲ့ မြေက ခင်မောင်စန်းတို့ အိမ်နောက်ဘေးမှာလေ ..

ooooo

ခင်မောင်စန်းတို့ခြံထဲမှာ ရတနာသိုက်ရှိတယ် ..

အဲဒီသတင်းက ရွာထဲကို ညတွင်းခြင်း ပျံ့နှံ့သွားတယ်။

အဲဒီသတင်းကို စဖြန့်တဲ့သူက ရွာလေးရဲ့ ထန်းရည်ဆိုင်တစ်ဆိုင်တည်းရဲ့ပိုင်ရှင်ဖြစ်တဲ့ ဦးပတစ်ရဲ့မိန်းမ မပန်းကျင်ပဲ ..။

စသိခဲ့တာက ဦးပတစ်။ သူက မြို့ကိုသွားရင်း အီးတီအကြောင်း စုံစမ်းရင်းနဲ့သိခဲ့တာ။ သူကတဆင့် သူ့မိန်းမ မပန်းကျင် ကိုပြောလိုက်တော့။

မိန်းမပါးစပ်က သိတယ်မဟုတ်လား။ ဘယ်သူ့ကိုမှမပြောနဲ့ကစပြီး တစ်ရွာလုံး နှံ့သွားတော့တာ။ အီးတီရဲ့ အဖေက မြို့မှာ ရွှေဆိုင်နဲ့အပေါင်ဆိုင်ဖွင့်ထားတာတဲ့။ ဟိုးအရင်က ခင်မောင်စန်းရဲ့အဖေဦးလူလုရှိတုန်းက အီးတီရဲ့ အဖေအပေါင်ဆိုင်မှာ ဦးလူလုက ရွှေဒင်္ဂါးပြားတွေ လာလာရောင်းဖူးတယ်။ အခု သူ့ဆီကို ရွှေဒင်္ဂါးပြားတွေ လာလာ မရောင်းတာကြာလို့ စုံစမ်းလိုက်တော့ ဦးလူလုဆုံးပါးသွားတာ သိခဲ့ရတယ်။

ဦးလူလှရှိတုန်းကဆို၊ သူ့ဆီ ရွှေဒင်္ဂါးလာရောင်းရင် တစ်ခါတစ်ခါကို လေးငါးကျပ်သား အနည်းဆုံး ရောင်းတတ်တာ။

ဒါကြောင့် ခင်မောင်စန်းရဲ့မြေထဲမှာ ရတနာသိုက်ရှိကို ရှိရမယ်ဆိုပြီး သိလာတာတဲ့။

အဲဒီလို သိတာနဲ့ သူ့သားအီးတီကို ဒီရွာကို လွှတ်ပြီး ရတနာသိုက်အရှာ လွှတ်လိုက်ရောဆိုလားပဲ။

အဲဒီသတင်းကိုပဲ ဦးမောင်ငိုနဲ့ ဦးဖေစန်းတို့ အရင်ကြားပြီး ခင်မောင်စန်းခြံထဲမြေဝယ်ကာ ရတနာသိုက်ဝင်ရှာနှင့်ကြတယ်လေ။

အဲဒီလိုပဲ .. ရတနာသိုက်ရှာဖွေရေးကို တစ်ရွာလုံး စိတ်ဝင်စားကုန်ကြတယ်။ ဒီသတင်းကို သိုးသိုးသန့်သန့်ကနေ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာတော့ ဦးဖေစန်းနဲ့ ဦးမောင်ငိုတို့က ပျာပျာသလဲနဲ့ ရွာသားအားလုံးကိုစုပြီး အရေးပေါ်အစည်းအဝေး ခေါ်လိုက်တယ်။ ခပ်ရှင်းရှင်းပြောရရင်တော့ ကြိတ်ဝိုင်းပေါ့။ ခေါင်းဆောင်ဦးဖေစန်းကပဲ စပြီး ..

"ခင်ဗျားတို့ ပြောသလို ခင်မောင်စန်းရဲ့ မြေထဲမှာ ရတနာတွေ မြှုပ်ထားတယ်ဆိုတာ မှန်တယ်။ ဒါပေမယ့် ဘယ်နေရာမှာ မြှုပ်ထားတယ်ဆိုတာ ဘယ်သူမှမသိဘူး။ ကျုပ်တို့လည်း ဒီသတင်းကိုမြို့ရောက်မှ အီးတီရဲ့အဖေအပေါင်ဆိုင်က သိခဲ့ရတာ။ အခု ဒီသတင်းကို တစ်ရွာလုံး သိရပြီဆိုတော့ တစ်ရွာလုံး တူးချင်ကြမှာပဲ။ အဲဒီတော့ ဒီရတနာတွေကို ခင်မောင်စန်းကိုပဲ အသိပေးပြီး သူ့ကိုပဲ ပေးတူးလိုက်မှာလား .. ဒါမှမဟုတ် ကျွန်တော်တို့ ရွာသားတွေရော တူးပိုင်ခွင့်မရှိဘူးလား .."

ဆိုတော့ တစ်ရွာလုံး လောဘသားတွေ မဟုတ်လား။

"ကျုပ်တို့လည်း တူးပိုင်ခွင့်ရှိတာပေါ့ဗျာ .. သူ့ခြံထဲရှိပေမယ့် .. တစ်မျိုးစဉ်းစားရင် ဒီရတနာတွေဟာ ကျုပ်တို့ရွာထဲ ရှိတာပဲ ကျုပ်တို့လည်း တူးခွင့်ရှိတယ်"

ဆိုပြီး ဆူညံကုန်ရော ဒါကို ဦးမောင်ငိုကလက်ကာပြပြီး ..

"ဒါဆို ခင်မောင်စန်းကိုတော့ မသိစေနဲ့။ သူသိသွားရင် သူ့ဘာသာ သူတူးပြီး ယူသွားလိမ့်မယ်"

ဆိုတော့ ဒါကို အားလုံးက လက်ခံကြတယ်။

"ဟုတ်တယ်။ ဒီသတင်းကို ခင်မောင်စန်းကို ပေးသိလို့မဖြစ်ဘူး။ သူသိသွားရင် ဒီအခွင့်အရေးဆုံးရှုံးသွားမှာ .."

"မှန်တယ်။ ရွာထဲမှာရှိတဲ့ ရတနာကို ရွာသားအားလုံးနဲ့ သက်ဆိုင်တယ်"

ဟုတ်သည်ရှိ မဟုတ်သည်ရှိ ရွာနဲ့ချီပြီး ပတ်သက်ပစ်တော့တာ။ ဒါကို ဦးမောင်ငိုက လက်ကာပြပြီး ..

"ဒါ့အပြင် ကျွန်တော် ဆွေးနွေးလိုတာက အကယ်၍ ရတနာရသူကရတဲ့ ရတနာအားလုံးယူခွင့်ရှိပေမယ့် တစ်ရွာလုံး ဝယ်ယူထားတဲ့မြေဖိုးကို ပြန်လည်ပေးဆောင်ရမယ်"

အဲဒီအဆိုကို တစ်ရွာလုံး ပိုသဘောကျကြတယ်။

"ဟုတ်တယ် .. မှန်တယ်။ ဒါဖြစ်သင့်တယ်။ ဒါမှ ရတနာမရလည်း မြေဖိုးပြန်ရမှာပဲ .. ကောင်းတယ် .. ကောင်းတယ် ..။ ဒါလုပ်သင့်တာပဲ .."

ဆိုပြီး ထောက်ခံကြတယ်။

ဟုတ်တယ်လေ။ မြေကို ကိုယ်က ဘယ်ဈေးနဲ့ပဲဝယ်ထားဝယ်ထား ရတနာသိုက်ရသူက မြေဖိုးပြန်ပေးမယ်ဆိုတော့ မရှုံးဘူးပေါ့။ ဒါနဲ့ပဲ ..

"ကဲ .. အားလုံးသဘောတူရင် လက်မှတ်ထိုးကြပါ"

ဆိုပြီး သဘောတူညီမှုလက်မှတ်ထိုးကြတယ်။ ထိုးတာမှ ရွာလုံးကျွတ်ပဲ။ စာမရေးတတ်တဲ့ ကလေးတောင် မကျန်ဘူး။ ခုနက ပြောသလို အားလုံး လောဘသားတွေမဟုတ်လား။

ဒီလိုနဲ့ပဲ ..။

နောက်တစ်နေ့ မနက်လင်းအားကြီးမှာပဲ ခင်မောင်စန်းတို့အိမ်ရှေ့မှာ လူတွေပြည့်နေတော့တာကိုးဗျ။ အားလုံးကလည်း ပေါက်တူးပေါက်ပြားကိုယ်စီနဲ့ တက်ကြွနေကြပြီ။ ခင်မောင်စန်းက အိပ်ရာက မထသေးဘူး။

"ခင်မောင်စန်း ခင်မောင်စန်း .."

"ဗျို့ .. ကိုခင်မောင်စန်း ထပါတော့ဗျ .."

"ကိုခင်မောင်စန်းရေ .. အရေးကြီးလို့ဟေ့ .."

စသည်ဖြင့် ဆူညံတဲ့အော်သံကြားတော့ ခင်မောင်စန်းလန့်ပြီး နိုးလာတယ်။

"ဟာ .."

အိမ်ရှေ့မှာ တူရွင်းငန်းပြားတွေနဲ့ များပြားလှသော လူတွေကိုကြည့်ပြီး ခင်မောင်စန်း လန့်သွားတယ်။ အားလုံးကလည်း ပေါက်တူးတွေ ဂေါ်ပြားတွေ တူရွင်းတွေနဲ့ဆိုတော့ ဘာပြဿနာရှိလို့လဲဆိုပြီး တထိတ်ထိတ်နဲ့ ဖြစ်သွားသေးတယ်။ အတော်ကြာငေးကြည့်ပြီးမှ ဇဝေဇဝါနဲ့ ..

"ဘာ .. ဘာကိစ္စရှိလို့လဲခင်ဗျာ .."

ရှေ့ဆုံးမှာရှိနေတဲ့ ပန်းပဲဆရာဦးတောက်က ..

"ဘာကိစ္စလဲ ဟုတ်လား .. မြေကိစ္စပေါ့ကွ .. မြေကိစ္စ .."

ဦးတောက်ရဲ့ခပ်မာမာစကားကြောင့် ခင်မောင်စန်း မျက်လုံးပြူးသွားတယ်။ ပြီးတော့ အီးတီ၊ ဦးမောင်ငိုနဲ့ ဦးဖေစန်းတို့ တွင်းတွေကို လှည့်ပတ်ကြည့်ပြီး...

"မြေကိစ္စဟုတ်လား .. မြေတွေက ဘယ်ပြောင်းသွားလို့လဲ"

ခင်မောင်စန်းရဲ့မအူမလည်စကား ..။ ဒါကို ဦးတောက်ရဲ့နောက်က ခွေးလေးက ..

"မြေတွေက ဘယ်မှ မပြောင်းပါဘူးဗျ။ မြေတွေက ဒီအတိုင်း ရှိပါတယ်။ အဲလို ဒီအတိုင်းရှိတဲ့ ခင်ဗျား မြေတွေကို ကျုပ်တို့က ဝယ်ချင်လို့ဗျ"

သူ့စကားကို ခင်မောင်စန်းက ခေါင်းကုတ်တယ်။ အိပ်ချင်မူးတူးလည်းဖြစ်နေတော့ သိပ်စဉ်းစားလို့လည်းမရ ဖြစ်နေပုံရတယ်။ အတော်ကြာမှ ..

"ခင်ဗျားတို့က ကျုပ်မြေဝယ်ပြီး ဘာလုပ်ကြဦးမှာလဲ .."

သူ့စကားကြောင့် အားလုံး လှုပ်လှုပ်ရှရှ ဖြစ်သွားကြတယ်။ အဲဒီအချိန်မှာပဲ သူ့ကျင်းထဲ မြေတူးရင်း ဝင်အိပ်နေတဲ့ အီးတီနိုးလာပြီး ..

"ဟင် .."

တူရွင်းတွေ၊ ပေါက်ဆိန်တွေ၊ ဓားတွေနဲ့ ခင်မောင်စန်းကိုဝိုင်းထားတဲ့ ရွာသားတွေကို ကြည့်ပြီး သူမျက်လုံးပြူးသွားတယ်။

နောက် လက်ညှိုးကိုတောင်ထိုး၊ မြောက်ထိုးလုပ်ပြီး ..

"ဟင် .. ဒီ .. ဒီလူတွေက .."

ဆိုတော့ ခင်မောင်စန်းက စိတ်ရှုပ်သလိုဟန်မျိုးနဲ့ ခေါင်းကုတ်ပြီး ..

"မသိတော့ပါဘူးဗျာ .. သူတို့လည်း ခင်ဗျားတို့လို မြေဝယ်မလို့တဲ့"

အဲဒီစကားကိုလည်းကြားရော အီးတီမျက်နှာ အကြီးအကျယ်ပျက်သွားတယ်။

"ဟင် .. မြေ .. မြေဝယ်မယ် .. ဘာလုပ်ဖို့လဲဟင် .."

ဆိုတာကို ထန်းတောပိုင်ရှင် ဦးပတစ်က ..

"မင်းတို့လိုပဲ အိမ်သာကျင်းတူးဖို့ပေါ့ကွ။ အိမ်သာကျင်းတူးဖို့"

ဆိုတော့ ကျန်တဲ့ရွာသားတွေအားလုံး သတိရသွားပြီး ..

"ဟုတ်တယ် .. တို့လည်း အိမ်သာကျင်းလိုအပ်တယ်"

"မှန်တယ် .. လူတစ်ကိုယ် .. အိမ်သာတစ်လုံး ရှိကိုရှိရမယ်"

"လူ့အဆင့်အတန်းမြင့်မားဖို့ အိမ်သာကိုယ်စီဆောက်ကြစို့"

စသည်ဖြင့် အော်သံတွေ ဆူညံသွားတယ်။ သူတို့အော်သံလည်း ကြားရော၊ အီးတီသူ့ကျင်းထဲက ပြေးတက်လာပြီး ..

ဦးဖေစန်းရဲ့ကျင်းနား ပြေးသွားကာ ..

"ဒီနေရာ ကျုပ်ထပ်ဝယ်တယ်ကိုခင်မောင်စန်း .. ခင်ဗျားဒီနေရာကို ဘယ်သူ့မှ မရောင်းနဲ့"

ဆိုတော့ ခင်မောင်စန်းရော ရွာသားတွေပါ ပိုပြီးလှုပ်လှုပ်ရွရွ ဖြစ်ကုန်တယ်။

"ဘာလို့ မရောင်းရမှာလဲကွ။ ဝယ်သူရှိရင် ရောင်းရမှာပဲ .."

"ဟုတ်တယ် .. ကိုယ့်ရွာသား အချင်းချင်း ရောင်းကိုရောင်းရမယ်။ မရောင်းမရှိ၊ ရောင်းမှရှိမည်"

ဆိုတဲ့ အော်သံတွေ ဆူညံသွားတယ်။ ဒါကိုအီးတီက မြေပေါ်မှောက်အိပ်လိုက်ပြီး ..

"မရဘူး .. ဒီမြေဟာ .. ငါ့မြေ .. ငါပိုင်တဲ့မြေ"

ဆိုပြီး သွေးရူးသွေးတန်းအော်ကာ ခြေကားယားလက်ကားယားနဲ့ မှောက်အိပ်နေတော့တာ။ အပြင်က လူတွေကလည်း ..

သူ့အပြုအမူကိုကြည့်ကာ ဒေါသထွက်သွားပြီး ..

"မရဘူး။ ဒီကောင့်ကို ဆွဲဖယ်ကွာ ..။ ဒီမြေကို ငါတို့ဝယ်မယ်"

"ဟုတ်တယ် .. တို့ရွာကမြေ တို့ရွာသားပဲဝယ်ရမယ် .."

"ချကွာ .. ဒီကောင်မထရင် ခြေထောက်ကဆွဲပြီး လွှင့်ပစ် .."

စသည်ဖြင့် လက်သီးလက်မောင်းတန်း အော်ကြတယ်။ အခြေအနေက ရုတ်ရုတ်သဲသဲပဲ။ ဟိုကလည်း ဝင်ဆွဲတော့မယ်။ အီးတီကလည်း မထဘူး။ ဒါနဲ့ပဲ ခင်မောင်စန်းက အိမ်ပေါ်ကပြေးဆင်းကာ ကြားကကြားဝင်ပြီး ..

"နေ .. နေကြပါဦးဗျာ .. ကျုပ်ရှင်းပြပါရစေဦး။ ကျုပ်ရှင်းပါရစေဦး တောင်းပန်ပါတယ်"

ဆိုတော့ အားလုံးနည်းနည်းတော့ တန့်သွားတယ်။ခင်မောင်စန်းက အားလုံးကို ဝေ့ကြည့်တယ်။ တစ်ရွာလုံးရှိ လူအားလုံးကလည်း သူ့ကိုမလုံမလဲနဲ့ ပြန်ကြည့်တယ်။ အခြေအနေအားလုံး ငြိမ်သွားမှ ခင်မောင်စန်းက ..

"ကဲ .. ခင်ဗျားတို့ မြေဝယ်တာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် ကျုပ်ရောင်းမှ ဖြစ်မှာလေ"

ဆိုတော့ အားလုံးက မျက်နှာငယ်လေးနဲ့။ ခင်မောင်စန်းမျက်နှာကို တွေတွေကြီး ကြည့်ကာ ..

"မြေလေးတော့ ရောင်းပေးပါကွာ .. အိမ်သာဆောက်ကြည့်ချင်လို့ပါ .."

"အား .. ပြောရင်းဆိုရင်း ဝမ်းကရစ်လာပြီ .. အိမ်သာရှိမှ ဖြစ်တော့မှာ"

ဆိုပြီး ဝိုင်းတောင်းပန်ကြတယ်။ ဒါကို ခင်မောင်စန်းက မျက်မှောင်ကြုတ်စဉ်းစားပြီး ..

"အင်း .. ခင်ဗျားတို့ အားလုံး ကျုပ်မြေကိုမှ ကျင်းတူးပြီး အိမ်သာဆောက်ချင်ကြတာဆိုတော့ .. အင်း .. ရိုးတော့ မရိုးတော့ဘူးနော် .."

ဆိုတော့ အားလုံးမျက်စိမျက်နှာ ပျက်ကုန်တယ်။ ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ..

"အဲလိုတော့ မလုပ်ပါနဲ့ကွာ .. အဲလို ဟုတ်ပါဘူးကွာ .. ငါတို့က ရိုးရိုးအင်အင်းပါချင်လို့ပါ .."

"ဟုတ်ပါတယ်ကွာ .. အဲဒီအတွက်တစ်ခုတည်းပါ။ ကျန်တာ ဘာမှမပါဘူးနော် .. ဟုတ်တယ်နော် .. ဟုတ်တယ်ဟုတ်တယ် ..။ ဟိုလေ ဟိုတစ်ရွာသားတစ်ယောက်တည်း ဖင်ဘဝင်မြင့်တာမခံချင်လို့"

ဆိုပြီး သွားဖြဲလေးနဲ့ ရှင်းပြကြတယ်။ ဒါကို ခင်မောင်စန်းက ..

"မရောင်းတော့ရင် ကောင်းမယ်ထင်တယ်"

ဆိုတော့ အားလုံးဝုန်းဝုန်း ဝုန်းဝုန်းနဲ့ ပွက်ကုန်ကြပြီး ..

"အဲ .. အဲလိုတော့ မလုပ်ပါနဲ့ကွာ .. ငါ .. ငါတို့ကိုလည်း အများနည်းတူ နည်းနည်းတော့ ရောင်းပေးပါ"

"ဟုတ်ပါတယ်ကွာ .. အိမ်သာလေးဆောက်ဖို့ မြေနည်းနည်းလေး လိုချင်လို့ပါ"

"တကယ်ပြောတာပါကွာ တကယ့်ကို နည်းနည်းလေးပါ"

ဆိုပြီး ဝိုင်းတောင်းပန်ကြတယ်။ ဒါကို ခင်မောင်စန်းက စိတ်ရှုပ်သလိုဟန်မျိုးနဲ့ ဒူးကိုထောက် သက်ပြင်းကို ချပြီး ..

"ကဲ .. ခင်ဗျားတို့ ဒီလောက်လိုချင်နေမှတော့ ရောင်းမယ်ဗျာ"

ဆိုပြီး မြေပေါ်မှောက်အိပ်နေတဲ့ အီးတီဘက်လှည့်ပြီး ..

"ကဲ .. ကိုအီးတီ .. ခင်ဗျား အဲဒီမြေကို ဘယ်လောက်ပေးမလဲ ပြော .."

ဆိုတော့ အီးတီက အလျင်အမြန်ပဲ ..

"တစ်ပေတစ်သောင်း ပေးမယ်ကွာ"

အီးတီအဖြေကို ကြားတော့ အားလုံး ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြတယ်။ သူပြောတဲ့ ဈေးက လုံးဝ မတန်တဆ ဈေးကြီး ဖြစ်နေတယ်။

အရင်က ဒီမြေတွေ တစ်ပေမှ နှစ်ထောင်လောက်ရှိတာ မဟုတ်လား။ အခု တစ်ပေတစ်သောင်းဆိုတော့ သူတို့စိတ်ထဲမှာ ဘယ်လိုမှ ခန့်မှန်းနိုင်းယှဉ် စဉ်းစားလို့မရ ဖြစ်နေတယ်။ ဒါနဲ့ပဲ အားလုံး ခေါင်းချင်းဆိုင် တိုင်ပင်ကုန်ကြတယ်။

"ဟော့ကောင် .. တစ်ပေတစ်သောင်းတောင်တဲ့။ လေးပေဆိုရင်ပဲလေးသောင်း ဖြစ်နေပြီနော် .. လေးပေ ပတ်လည်ဆို တစ်သိန်းခြောက်သောင်းပဲ .."

"အေးကွ .. ဈေးက မတန်တဆ ဈေးကြီးဖြစ်နေတယ်"

"ဟုတ်တယ် .. ကိုယ့်ဘာသာကိုယ်နေရင် အလှမပျက် ချွေးမထွက်ပဲ နေရမှာ .."

"ဒါဆို မဝယ်တော့ဘူးလား .."

အားလုံးမဝယ်ချင် မရင်းချင်ကြတဲ့ဘက်ကို ရောက်နေတယ်။ ဒါကိုသိတဲ့ ခင်မောင်စန်းက ခပ်မာမာ ခါးထောက်ပြီး ..

"ကဲ .. ဘယ့်နှယ်လဲ .. ခင်ဗျားတို့ အိမ်သာတစ်လုံးကို လေးသောင်းပေးပြီး ဘယ်သူဆောက်ချင်ကြမလဲ .. ဒါကြောင့်ပြောတာ .. ကျွန်တော့်မြေကလည်း မြေကြီးပဲ။ ဒါမျိုးပဲ ခင်ဗျားတို့ မြေကလည်းဒီလိုမြေကြီးပဲ မြေကြီးချင်း အတူတူ ကျုပ်မြေက ရွှေထွက်မှာမှ မဟုတ်တာ"

ရွှေဆိုတဲ့ အသံကြားတာနဲ့ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်တယ်။ မျက်လုံးအရောင်လက်လာတယ်။ ပြီးတော့ ခေါင်းချင်းပြန်စုကပ်ကုန်ပြီး ..

"မြေမှာပေးရမှာက တစ်သိန်းခြောက်သောင်းတည်းကွ။ ဒါတောင် ရတနာရတဲ့သူက ပြန်ချေမှာပဲ။ ရွှေ တစ်ပိဿာလောက်ရရင် မနည်းချမ်းသာပြီ"

"အိုအေ .. ရွှေတစ်ပိဿာမှ ရှိပ့ါမလား"

"တစ်ခါရောင်းရင်တောင် လေးငါးကျပ်သား ရောင်းတဲ့ဟာ တစ်ပိဿာမပြောနဲ့ လေးငါးပိဿာ အိုကွာ အချိန် တစ်ဆယ်ထိတောင် ရှိနိုင်တယ်"

သူတို့ပြောတာ ဖြစ်နိုင်တယ်။ ခင်မောင်စန်းအဖေ ဦးလူလုက ရွှေတစ်ခါရောင်းရင်တောင် လေးငါး ကျပ်သားအထိ တက်ရောင်းတာဆိုတော့ အနည်းဆုံး ပိဿာချိန်နဲ့ကိုရှိမှာ ဒါကြောင့် ..

"ဝယ်မယ်ကွာ .. လေးပေ ဝယ်ပစ်မယ်"

"ဟုတ်တယ်လေ .. ငါးလည်းလေးပေ"

"ငါကလည်း လေးပေပဲဟေ့"

ဆိုပြီးဖြစ်လာကြတယ်။ ဒီကြားထဲ ပိုက်ဆံမရှိသူတွေကပါ ..

"တို့နှစ်ယောက် ရှစ်သောင်းစီစိုက်ပြီး တစ်ကွက်ဝယ်ရအောင် .. ရရင် တစ်ယောက်တစ်ဝက်ပေါ့"

"အေး .. အဲဒါကောင်းတယ်။ တစ်ယောက်တစ်ဝက်ဆိုရင် နည်းမှာမဟုတ်ဘူး။ တစ်ယောက်ကို နှစ်ပိသာခွဲလောက် အသာလေးရမှာ"

ဆိုပြီး အားလုံးစုကုန်တယ်။

"တို့လည်း နှစ်ယောက်ပေါင်းဝယ်မယ်ဟေ့"

"ဟေ့ .. တို့က လေးဦးစပ်၊ လေးပေပဲ .."

စသည်ဖြင့် ဖြစ်ကုန်ကြရော။ ဒါကို ခင်မောင်စန်းက လက်ကာပြပြီး ..

"ဝယ်တာတော့ ဟုတ်ပါပြီ။ ဘယ်မှာလဲ ပိုက်ဆံ၊ လေနဲ့ရင်းပြီး မြေဝယ်လို့ မရဘူးနော်။ ကျုပ်လည်းကျုပ်ကတွန့်လေး ဆေးကုဖို့ လိုနေတာ။ လက်ငင်းပေးနိုင်သူကိုမှ လက်ငင်းရောင်းမယ် .."

သူ့စကားသံလည်း ကြားရော အားလုံး .. "ငွေဟုတ်လား .. ချက်ခြင်းရရစေ့မယ်" ဆိုပြီး ဝုန်းခနဲ အိမ်ပြန်ပြေးထွက်သွားပြီး ဝုန်းခနဲ ပြန်ရောက်လာကြတယ်။

လက်ထဲမှာ ငွေသားကိုယ်စီနဲ့ ..

"ကဲ .. ဟေ့ .. ဒီမှာ တစ်သိန်းခြောက်သောင်း တစ်ပြားမှမလျော့ဘူး"

"ဒီမှာလည်း တစ်သိန်းခြောက်သောင်းဟေ့ ငါ့ငွေအရင်ယူပါ။ ဒီမှာ တူးချင်လှပြီ"

"ဒီမှာလည်း ငါတို့သုံးဦးစပ်ကွ"

"ဟော့ ဒီမှာ နွားလှည်းတစ်စီးနဲ့ ငွေသား ကိုးသောင်း"

စသည်ဖြင့် ငွေတွေကို ရသလို ကြံဖန်ရှာပြီး လာပေးကြတယ်။ ခင်မောင်စန်းကတော့ အေးဆေးပဲ။

"မြည်းဖြည်း လုပ်ကြပါ။ ကျုပ်တစ်ယောက်တည်း စာရင်းမှတ်နေရလို့ပါ။ ကိုတွတ်ကြီး .. ခင်ဗျား နွားနှစ်ကောင်နဲ့ လှည်းက ခုနစ်သောင်း တန်ပါ့မလား"

"တန် .. တန်ပါတယ်ကွာ .. နွားနှစ်ကောင်လုံးက မနှစ်က ဒီရွာမှာ အလှဆုံးဆိုပြီး ဆုရထားတဲ့နွားတွေပါ။ မင်းသိပါတယ်။"

"ထားပါတော့ .. အမှန်တော့ ကျုပ်က ငွေစင်ပဲလိုချင်တာ။ ဒါပေမယ့် ငွေမရှိလို့ နွားထိုးပေးတာလည်း ယူရတာပါ"

ဆိုပြီး ခပ်နှိမ်နှိမ်တောင် ပြောသေးတာ။ ဒီလိုနဲ့ပဲ တစ်ရွာလုံးဆီက တစ်သိန်းခြောက်သောင်း တစ်သိန်း ခြောက်သောင်းနဲ့ မနည်းရသွားတယ်။ ရွာသားတွေကလည်း ဦးရာလူပဲ၊ ရတနာရှိမယ် ထင်ရတဲ့နေရာ ယူပြီး အသားကုန်တူးတော့တာ။ ခင်မောင်စန်းကတော့ အေးအေးဆေးဆေးပဲ ..။

"ကဲ .. ခင်ဗျားတို့ ကြိုက်တဲ့ နေရာမှာတူးကြ၊ ကျုပ်လည်း သူကြီး အိမ်အပ်သွားတာ တစ်ခါမှ သွား မကြည့်ရသေးလို့ .. သွားကြည့်လိုက်ဦးမယ်"

ဆိုပြီး သူကြီးအိမ်ဘက် ထွက်သွားတယ်။ သူသွားတာနဲ့ပဲ တစ်ရွာလုံး ခြံထဲ ကမန်းကတန်း ဝင်ပြီး ဦးရာလူ တူးတော့တယ်။ အဲဒီမှာ ပြဿနာရှိတာကတော့ ခင်မောင်စန်းရဲ့ ခြံတစ်ခုလုံးကျင်းတွေက ကပ်လျက်တွေ ဖြစ်နေကုန်ရော။ အဲဒီတော့ သူ့ကျင်းထဲက ပစ်တဲ့မြေကြီး ကိုယ့်ကျင်းထဲရောက် ကိုယ့်ကျင်းထဲက မြေကြီး သူ့ကျင်း ထဲပြန်ရောက် ဖြစ်ကုန်ရော။

"ဟော့ကောင် .. မင်းမြေကြီး ပစ်ရင် တခြားပစ်ကွာ။ ငါ့ကျင်းထဲ မပစ်နဲ့။"

"မင်းမြေကြီးလည်း ငါ့ကျင်းထဲ ရောက်တာပဲ ပစ်စရာနေရာမှ မရှိတာ ဘယ်သွားပစ်ရမှာလဲ"

စသည်ဖြင့် ဆူညံနေရော၊ ဟုတ်တယ်လေ .. အားလုံးက ကိုယ့်ကျင်းပဲ ကိုယ်ဂရုစိုက်နိုင်မှာပေါ့။ တခြား ကျင်းတွေတော့ ဘယ်မြင်မှာလဲ ဒီလိုနဲ့ ..

“ကဲ .. ဒါဆို ကိုယ်တူးတဲ့မြေကြီးဘယ်မှ မရောက်အောင် သူ့အိမ်အောက်ပြန်ပုံမယ်”

ဆိုပြီး ကိုယ်တူးလို့ထွက်တဲ့မြေကြီး ခင်မောင်စန်းအိမ်အောက် စုပုံကြတယ်။ ခဏခြင်းဆိုသလိုပဲ ခင်မောင်စန်း အိမ်အောက်မှာ မြေတွေနဲ့ပြည့်မတတ် ဖြစ်သွားတယ်။

ဒီလိုနဲ့ နေ့ခင်းဘက်လည်း ရောက်ရော ..

“ဟာ .. တွေ့ပြီကွ၊ တွေ့ပြီ ..”

ကျင်းထဲက ငခွေးလေးရဲ့ ကျယ်လောင်တဲ့ အာမေဋိတ်သံကြားရတော့ အားလုံးခေါင်းထောင်ကြည့်ကြတယ်။

ငခွေးလေးကိုတော့မမြင်ရသေးဘူး။ အားလုံးကတော့ စိတ်ဝင်စားစွာ ခွေးလေးကျင်းကို ခေါင်းထောင်ကြည့်နေကြတုန်း။ အတော်ကလေးကြာမှ ကျင်းထဲက ခွေးလေးခေါင်းကို မြင်ရတယ်။ သူ့မျက်နှာကလည်း အကြီးအကျယ် အံ့အားသင့်နေပုံ။ လူတွေကလည်း သူ့ကိုငေးကြည့်နေတုန်း။ သူလည်း ကျီးကြည့်ကြောင်ကြည့်နဲ့ ဘေးဘီ ဝေ့ကြည့်တယ်။ ဒါပေမယ့် သူ့မျက်စိထဲမှာ ဘာမှမြင်ပုံမရဘူး။ အတော်ကလေးကြာမှ သူ့လက်ကလေး တစ်ဖက်ထောင်လာတယ်။ အဲဒီလက်ထဲမှာမှ ဆယ်ပြားစေ့လေးတစ်စေ့။ ဆယ်ပြားစေ့ကို မြင်တော့ အားလုံး မင်သက်ကုန်တယ်။ ငခွေးလေးကတော့ဘာသံမှမထွက်နိုင်အောင် ငြိမ်သက်ရင်း ဆယ်ပြားစေ့ကိုပဲ ငေးကြည့်နေတယ်။ အတော်ကလေးကြာမှ သတိဝင်သလိုဖြစ်သွားပြီး ဘေးဘီဝေ့ကြည့်ရင်း ..

“ဟေး .. ရပြီကွ၊ ရပြီ ငါပိုင်ပြီ၊ ငါပိုင်ပြီ .. ဟားဟား”

ဆိုပြီး အားရဝမ်းသာ အော်ကာ မြေကြီးကို အားကုန်နဲ့တူးတော့တာ။ ခုနက ငေးကြည့်နေတဲ့ လူတွေကလည်း အဲဒီတော့မှ ကိုယ်စီ ကိုယ့်တွင်းပေါ်က ပြေးတက်ကာ ခွေးလေးတွင်းကို ဝိုင်းချောင်းကြတယ်။ သူ့တွင်းကို စိတ်ဝင်တစား ဝိုင်းချောင်းတာမြင်တော့ ငခွေးလေးက သူ့ဂေါ်ပြားရမ်းပြီး ..

“သွားကြ .. သွားကြ ဘာမှလာကြည့်မနေကြနဲ့ .. ဒီပစ္စည်း ငါ့ပစ္စည်း”

ဆိုပြီး သွေးရူးသွေးတန်းနဲ့ အော်ဟစ်ပြီး မောင်းထုတ်တယ်။ ချောင်းကြည့်နေသူတွေက သူ့ဂေါ်ပြားလွတ်ရာ ခုန်ရှောင်ကြတယ်။ ပြီးတော့ မနေနိုင်ဘူး။ ဘာဖြစ်မလဲ၊ ဘာတွေ့မလဲသိချင်စိတ်နဲ့ ခေါင်းတွေပူပြီး ပြန်ချောင်းကြတယ်။ ငခွေးလေးကတော့ သူတို့ကိုမမြင်ဘူး။ သူ့ဘာသူ မြေတွေတူးပြီး ..

"ဟား .. ဟား .. ရပြန်ပြီဟ .. ဟောဒီမှာ ရပြန်ပြီ .."

ဆိုပြီး မြေကြီးကိုယက်ပြီး ယူထုတ်လိုက်တယ်။

ငါးပြားစေ့နှစ်စေ့ အားလုံးကိုထောင်ပြရင်း အရောင်လက်တဲ့မျက်လုံးနဲ့ ..

"ဟားဟား .. ရပြီကွ။ အများကြီးထပ်ရပြီ။ ဟားဟား .. သူဌေးခွေးလေး။ ခွေးလေးသူဌေးဖြစ်ပြီ ဟားဟား"

"ဟား .. ဟား .. ဟား .. ဟား .."

ဆိုတဲ့ အော်ရယ်သံကြားလို့ အားလုံး လှည့်ကြည့်လိုက်တော့ ..

"အီးတီ .."

ဟုတ်တယ်။ အီးတီမှ အီးတီအစစ်။ ပထမဆုံး ဝမ်းသာစိတ်ကို လုံးဝထိန်းမရတဲ့ မျက်နှာကြီးပေါ်လာတယ်။

နောက်မှ သံသေတ္တာတစ်လုံးပိုက်ပြီး ကျင်းပေါ်ပြေးတက်လာတယ်။ သူ့ကို သံသေတ္တာနဲ့လည်း မြင်ရော လူတိုင်း အံ့အားသင့်သွားတယ်။

"ဟာ .. တကယ် .. တကယ်ရသွားပြီ .. တကယ်ရသွားပြီ"

"ဟုတ်တယ် .. သေတ္တာလိုက်ရတာ"

ဆိုတဲ့ အသံတွေ ဆူညံသွားတယ်။ လူတိုင်း အာရုံကလည်း အီးတီဆီမှာပဲ ရှိတော့တယ်။ ခုနက ငါးပြားစေ့နှစ်စေ့နဲ့ ဆယ်ပြားစေ့တစ်စေ့ ရထားတဲ့ ခွေးလေးတောင် အီးတီကိုင်ထားတဲ့ သေတ္တာကို ကြောင်တောင်တောင်နဲ့ လိုက်ကြည့်တယ်။ ဒါကို အီးတီက သူ့သေတ္တာကို ဝတ်ထားတဲ့ လုံချည်နဲ့ ကွယ်ဝှက်လိုက်တယ်။ ပြီးတာနဲ့ ..

"ရွှေတွေ .. ရွှေတွေ .. ငါရပြီ .. ငါရပြီ .. ဟားဟားဟား"

ဆိုပြီး သံသေးသံကြောင်နဲ့ အော်ကာ သေတ္တာပိုက်ပြီး ပြေးထွက်သွားတော့တယ်။ အဲဒီတော့မှ လူတွေလည်း သတိရသွားပြီး ..

"ဟာ .. ဟိုကောင် သေတ္တာရသွားပြီ လိုက် လိုက်"

"ဟုတ်တယ်ဟေ့ .. မလွတ်စေနဲ့ လိုက်ကြ လိုက်ကြ"

ဆိုပြီး အဲ့တီနောက် တစ်ရွာလုံး ပြေးလိုက်သွားကြတာ ရွာလမ်းတစ်လျှောက် ဖုန်လုံးကြီး ထလို့ ..။

ooooo

ရွာထိပ် တောစပ်ကလေးမှာ သေတ္တာကလေးပိုက်ပြီး ထိုင်နေတဲ့ အီးတီကိုတွေ့ရတယ်။ ရွာသားတွေကတော့ သူ့ပတ်ပတ်လည် ခြုံတွေမှာရှိပြီး ဝိုင်းချောင်းကြည့်နေကြတယ်။ အီးတီမသင်္ကာလို့ လှည့်ကြည့်ရင် ဝပ်နေလိုက်ကြပေမယ့် အီးတီ သေတ္တာကို ပြန်ကြည့်ချိန်ဆို ခေါင်းတွေတန်းစီပြီး ပြန်ထွက်လာကြတယ်။

အီးတီကလည်း သိပ်မကြည့်ပါဘူး။ သူ့ဟာနဲ့သူ အလုပ်တွေရှုပ်နေတာ။ အီးတီသေတ္တာက သော့ကြီးကြီးတစ်လုံးနဲ့ ခပ်ထားတော့ ဖွင့်ရခက်ပုံရတယ်။ နောက်မှ ဘေးဘီဝဲ့ကြည့်ပြီး ခဲ ခပ်ခပ်ကြီးကြီးတစ်လုံး ယူလိုက်တယ်။ ပြီးတော့ သေတ္တာသော့ကို အဲဒီခဲကြီးနဲ့ ထုပြီးဖွင့်တယ်။

သေတ္တာသော့ကလည်း နှစ်ပေါင်းမြားစွာ ကြာနေပြီမို့ သံချေးတွေနဲ့ ဖွင့်လို့မရဘူး။ ဝိုင်းကြည့်နေကြသူတွေ အားလုံးက အီးတီကို ကြည့်ပြီး မချင့်မရဲဖြစ်နေကြတယ်။ ပန်းပဲဆရာ ဦးတောက်ဆို အီးတီတစ်ချက်ထုတိုင်း သူ့ဗလကြီးနဲ့ အိစ်အိစ်ဆိုပြီး လိုက်ထုတယ်။ သဘောက အီးတီ အားပိုရှိလာအောင်ပေါ့။

အီးတီခမျာလည်း ချွေးတလုံးလုံးနဲ့ ကြိုးစားရှာပါတယ်။ ဒါပေမယ့် သော့က ဘယ်လိုမှ မပွင့်ဘူး ဖြစ်နေတယ်။ လက်ထဲရှိတဲ့ ခဲလုံးတစ်လုံးလည်း ကြေသွားတယ်။ ဒါနဲ့ နောက်ထပ်ပိုကြီးတဲ့ ခဲလုံးကြီးယူပြီး ထုတော့မှ သော့က ဖြောင်းခနဲ ပြုတ်ထွက်သွားတယ်။

အဲဒီအသံလည်းကြားရော ချောင်းနေကြတဲ့ ခေါင်းတွေ ထောင်သွားတယ်။

"ဟင် .."

အီးတီရဲ့ အာမေဋိတ်သံ။ အားလုံး ပိုစိတ်ဝင်စားကြတယ်။ သေတ္တာထဲကရွှေတွေ တစ်ခေါင်းကြီးတွေ့လို့လားပေါ့။ အီးတီသေတ္တာထဲကတစ်ခုကို ဆွဲထုတ်လိုက်တယ်။ သူတို့ထင်သလို ရွှေမဟုတ်ဘူး။ စာရွက်ကလေးတစ်ရွက်ပဲ။ သူတို့စိတ်ဝင်တစား ကြည့်နေတုန်းမှာပဲ အီးတီစာရွက်ကို ဖြန့်ဖတ်လိုက်တယ်။

စာရွက်ကလေးက အနွမ်းကလေးပါ။ နှစ်အတော်ကြာကြာတည်းက ရေးသားတဲ့စာရွက်မျိုး ..

"ဟာ .."

စာရွက်ကိုဖတ်ပြီး အီးတီ မျက်လုံးပြူးသွားတယ်။ နောက် စာရွက်ကိုဖင်ပြန်ခေါင်းပြန် ပြန်ကြည့်တယ်။

ပြီးမှ ..

"ဟုတ်ပြီကွ .. ငါထင်တာမှန်သွားပြီ။ မှန်သွားပြီ။ အေး .. ရတနာတွေ ငါရပြီဟေ့ .. ငါရပြီ .."

ဆိုပြီး စာရွက်ကို လုံးချေပစ်လွှတ်ကာ ရွာဘက် သုတ်ခြေတင်ပြန် ပြေးထွက်သွားတယ်။ သူလည်းပြေးထွက်သွားရော ရွာသားအားလုံး ခုန်ထွက်လာပြီး စာရွက်ကို ပြေးလုကြတယ်။ ဒါပေမယ့် သိတယ်မဟုတ်လား။ ဦးဖေစန်းတို့ကမြန်တယ်။ သူအရင်ဆုံး စာရွက်ကိုရပြီး ကမန်းကတန်း ဖြန့်ဖတ်လိုက်တယ်။ ပြီးတာနဲ့ ..

"ဟုတ်ပြီကွ .. ဟုတ်ပြီ။ ရတနာတွေရှိတဲ့နေရာကို ငါသိပြီ။ ငါသိပြီ .."

ဆိုပြီး ..

"ခင်မောင်စန်းရေ .. ခင်မောင်စန်းရေ .."

လို့ အသံကုန်ခြစ်အော်ကာ ရွာဘက် သုတ်ခြေတင်သွားပြန်တယ်။ အဲဒီတော့မှ ရွာသားအားလုံး စာရွတ်ကို ဆွဲယူဖတ်လိုက်မှ ...

*ခင်မောင်စန်း*

*အဖေ ပြတ်ပြတ်ပဲ ပြောမယ် ..*
*ဘာကြောင့်လဲဆိုတော့ အဖေက ခပ်ပြတ်ပြတ်သမားကိုးကွ*
*ကိစ္စကတော့ အမွေကိစ္စလို့ ပြောချင်လည်းရတယ်*
*မပြောလို့လည်းမရဘူး .. ဘာကြောင့်လဲဆိုတော့ လူ့ဘဝဟာ*
*ဒွိဟတွေ များသကိုးကွ .. အေးလေ လိုရင်းကို*
*ဟိုဒင်းဒီဒင်းတွေ မပိုင်းပဲ တိုရှင်းစွာ ပြောရရင်တော့ကွာ ..*
*မင်းအတွက် အမွေက အိမ်အောက်မှာရှိတယ် ဆိုရင်မင်းပျော်သွားမလားပဲ ..*
*.. ဟဲ .. ဟဲ .. မပျော်နဲ့ဦး .. တကယ့်*
*ပျော်စရာကြုံရင် အသက်အောင့်ပြီး ခဏစောင့်ရတယ်လို့*
*အဖေရဲ့အဖေ ပြောဖူးတာလား စာအုပ်ထဲဖတ်ရတာလား ..*
*မမှတ်မိတော့ပါဘူးကွာ .. ကဲကဲ .. ရပြီပျော်တော့ ..*
*ပျော်တော့ .. အဲဒီအမွေကိုရရင်လေ ..*
*ဉာဏ်ရှိသလိုသုံး .. မသုံးချင်လည်းထားထား ..*
*အဲလိုမှ မထားချင်ဘူးဆိုလည်း သုံးမယ်ဆိုသုံးပေါ့ကွာ ..*
*အော် .. အဲဒီလိုမှမသုံးချင်ဘူးဆိုရင်လေ ထားထားလိုက် ..*
*သိလား ..*

*မင်းအဖေ ..*
*ခပ်ပြတ်ပြတ်လူလူ ..*

အဲဒီစာကိုလည်းမြင်ရော .. အားလုံးမျက်လုံးပြူး သွားကြတယ်။

"ဟာ .. ရတနာသေတ္တာက သူ့အိမ်အောက်မှာတဲ့ .."

"ဟာ .. ဒါကြောင့် ဟိုနှစ်ယောက် ဦးအောင်ပြေးသွားကြတာ"

"လိုက် .. လိုက်မီအောင်လိုက်ကြဟေ့ .."

ဆိုပြီး ဝရုန်းသုန်းကားနဲ့ တရကြမ်း ရွာဘက်ပြန်ပြေးသွားကြတယ်။ ရွာဆိုတာကလည်း ခုန သူတို့ ပြေးလာတဲ့ ဖုန်လုံးတောင် မပျောက်သေးဘူး။ အခုတင်ပြန်ပြေးသွားတဲ့ ဖုန်လုံးထပ်သွားတာဆိုတော့ ဘေးရွာများက ကြည့်ရင် ဖုံးကြဲခံရသလားတောင် ထင်ရတယ်။

ooooo

“ဗျို့ .. ကိုခင်မောင်စန်း ကိုခင်မောင်စန်း”

“ခင်မောင်စန်း .. ခင်မောင်စန်း ..”

အီးတီနဲ့ ဦးဖေစန်း ပြန်ရောက်လာချိန်မှာ ခင်မောင်စန်းကအိမ်မှာ ရှိမနေဘူး။ သူကြီးခြံထဲမှာ ဂေါ်ပြား တစ်လက်ကိုကိုင်ပြီး ဟိုဘက်ကြည့် ဒီဘက်ကြည့်လိုက်နဲ့ ယောင်တောင်တောင် လိုက်ကြည့်နေတယ်။

သူတို့ခေါ် သံကြားမှ ခင်မောင်စန်းက မြေနည်းနည်းတူးထားတဲ့ ကျင်းထဲက ထွက်လာတယ်။

“ဟာ ..”

ခင်မောင်စန်းကို သူကြီးခြံထဲ မြေကျင်းတူးနေတာတွေ့တော့ အားလုံး အံ့အားသင့်သွားတယ်။ သူ့ တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲလို့ မလုံမလဲနဲ့ ကျင်းပေါ်တက်လာပြီး ..

“ဘာ .. ကိစ္စလဲဗျ ..”

ဆိုတော့ အားလုံးက ..

"မင်း .. မင်းဒီမှာ ဘာလုပ်နေတာလဲ"

ရွာသားတစ်ယောက်ရဲ့အမေး၊ ဒါကိုခင်မောင်စန်းက သွားလေးဖြဲပြီး .. ရှက်ကိုးရှက်ကန်းနဲ့ ..

"အဟဲ .. ဘာရယ်မဟုတ်ပါဘူး။ ခင်ဗျားတို့ မြေကျင်းတူးတာတွေ့လို့ ကျုပ်လည်းသူကြီးအိမ်အတွက် အိမ်သာကျင်း လာတူးပေးတာ .. ခင်ဗျားတို့ကို အားကျလို့ပေါ့ဗျ။ အဟဲ .. တူးလို့တော့ အကောင်းသားဗျ .."

ဆိုပြီး ဖုန်ခါရင်းပြောတယ်။ အားလုံးက သူ့ကို မသင်္ကာတဲ့မျက်လုံးမျိုးနဲ့ ကြည့်နေတုန်း။ ဒါကိုရိပ်မိတဲ့ ခင်မောင်စန်းက ခပ်တည်တည်နဲ့ရင်ကော့ လိုက်ပြီး ..

"ဘာတွေ အရေးကြီးလာပြန်တာလဲ။ ကျုပ်မှာ မြေလည်းထပ်ရောင်းစရာမရှိတော့ဘူး။ အဲ .. ရောင်းပြီးသား မြေဖိုးတွေလည်း ပြန်မပေးဘူးနော်"

ဆိုတော့ ဦးဖေစန်းနဲ့ အီးတီက ..

"ငွေပြန်ပေးစရာမလိုပါဘူးကွာ .. အခုဟာက မင်းဆီက ထပ်ဝယ်ဖို့ပါ"

"ထပ်ဝယ်မယ်"

သူတို့စကားကြောင့် ခင်မောင်စန်း မျက်လုံးပြူးသွားတယ်။ နောက် သူတူးနေတဲ့ မြေကျင်းထဲကို ပြန် လှည့်ကြည့်တယ်။ ဒါကို ဦးဖေစန်းက ..

"အေး .. ထပ်ဝယ်မလို့ပါကွာ .. ထပ်ဝယ်မလို့ပါ"

ဆိုတော့ ခင်မောင်စန်းက ..

"ဟင် .. ကျုပ်ပြောပြီးပြီလေ .. ကျုပ်မှာထပ်ရောင်းစရာမြေ ရှိမှ .. မရှိ .. တာ"

သူ့စကားမဆုံးခင် .. ရွာလမ်းတလျှောက် ဖုန်တလုံးလုံးထအောင်ပြေးလာတဲ့ ရွာသားတွေကိုမြင်တော့ အံ့အားသင့်သွားတယ်။ သူကသာ အံ့အားသင့်နေတာ ရွာသားတွေအားလုံးက သူ့ဆီပြေးလာပြီး ..

"ရောင်းပေး .. ရောင်းပေး .. ပါဦးကွာ"

"လိုချင်လို့ပါကွာ .. လိုချင်လို့ပါ"

စသည်ဖြင့် ခင်မောင်စန်းကို ကုတ်ဆွဲလက်ဆွဲနဲ့ အသည်းအသန် ပြောတော့တာ။ ဒါကိုခင်မောင်စန်းက အူကြောင်ကြောင်နဲ့ ..

"နေ .. နေကြပါဦးဗျာ .. ဘာ .. ဘာတွေများဖြစ်လာကြတာလဲ .. ကျွန်တော့်ကိုလည်းပြောကြပါဦး"

ဆိုတော့ ဦးမောင်ငိုက စပြီးမလုံမလဲမျက်နှာနဲ့ ..

"မင်း .. မင်းဆီက ဟိုလေ .. မြေ .. မြေလေးနည်းနည်း ထပ်ဝယ်ချင်လို့ပါ"

သူ့စကားကိုကြားတာနဲ့ ခင်မောင်စန်း မျက်လုံးပြူးသွားတယ်။

"မြေ .. ဟုတ်လား .."

သူ့အလန့်တကြားအသံကို တစ်ရွာလုံး ခေါင်းညိတ်တယ်။

"ဟင် .. ကျုပ်မှာမြေမှ ရောင်းစရာမရှိတော့ဘဲ .. ဘယ်မြေကို ရောင်းရမှာလဲ .."

ဆိုတော့ ဦးတောက်ကစပြီး ..

"မင်းရဲ့အိမ်အောက်က မြေဝယ်ချင်လို့ကွ။ အိမ်အောက်ကမြေ"

သူ့စကားကို တစ်ရွာလုံးက ..

"ဟုတ်တယ် .. ခင်ဗျားအိမ်အောက်က မြေရောင်းပေးပါ။ အိမ်အောက်ကမြေရောင်းပေးပါ"

"အိမ်အောက်က မြေပဲလိုချင်တယ်"

ဆိုတော့ ခင်မောင်စန်းက စိတ်ရှုပ်သလို ခေါင်းကိုကုပ်ပြီး ..

"ဘာတွေ ဖြစ်နေကြတာလဲဗျာ ..။ စောစောက ခင်ဗျားတို့ပဲ အိမ်အောက်ထဲမြေတွေ ဖို့ထည့်နေပြီး အခု အိမ်အောက်ကမြေ လိုချင်ပြန်ပြီတဲ့။ အိမ်အောက်ကမြေ ဘာလုပ်ကြဖို့လဲဗျာ။ ပြောကြပါဦး .."

ဆိုတော့ မြို့အတွေ့အကြုံ ရှိတဲ့ အီးတီကပဲ ..

"အများသုံးအိမ်သာလေ .. အများသုံးအိမ်သာ ဆောက်ချင်လို့ပါ"

အဲဒီတော့မှ အားလုံး သတိရသွားပြီး ..

"ဟုတ်တယ်ဟေ့ .. အများသုံးအိမ်သာ အများသုံးအိမ်သာ ဆောက်မလို့"

"မှန်ပါ၊ တစ်ရွာတစ်လုံး အများသုံးအိမ်သာ"

ဆိုပြီး ထအော်လိုက်ကြပြန်တယ်။ ဒါကိုခင်မောင်စန်းက ..

"ဟင် .. ခင်ဗျားတို့က ကျုပ်အိမ်အောက် အိမ်သာဆောက်မယ်ဆိုတော့ ကျုပ်က ဘယ်မှာသွားနေရမှာလဲ တစ်ခြံလုံးလည်း အိမ်သာနဲ့ပြည့်နေပြီ"

ဆိုတော့ ဦးမောင်ငိုက ..

"ဟိုလေ .. ဒီလိုပါ။ ငါတို့က မင်းရဲ့အိမ်ကို အိမ်သာဆောက်ဖို့ တစ်လငှားလိုက်မယ်။ ပြီးရင် မင်းပြန်ယူပေါ့ ဟုတ်ဘူးလား"

"တစ်လ ငှားမယ်"

ခင်မောင်စန်းက သံယောင်လိုက်တယ်။ ပြီးတော့ မျက်မှောင်ကြုတ်ပြီး"

"ခင်ဗျားတို့ တစ်လငှားတာတော့ဟုတ်ပါပြီ။ အဲဒီတစ်လအတွင်း ကျုပ်က ဘယ်သွားနေရမှာလဲ"

ဆိုတော့ ဦးတောက်က ..

"ဟိုလေ .. မင်းလည်း ကာတွန်းနဲ့ မတွေ့တာကြာပြီမဟုတ်လား .. ကာတွန်းဆီ လိုက်သွားပေါ့"

ကာတွန်းအသံ ကြားတာနဲ့၊ ခင်မောင်စန်းက မျက်လုံးအရောင်လက်သွားတယ်။ နောက် ..

"ကတွန့် .. ကတွန့်"

ဆိုပြီး တိုးတိုးဖွဖွ ရေရွတ်တယ်။ နောက်မှ ဝင်းလက်သောမျက်နှာဖြင့် ..

"ဟုတ်တယ် .. ဟုတ်တယ် .. ကျုပ်လည်း တွန့်တွန့်လေးနဲ့ မတွေ့ရတာ ကြာပြီ"

ဆိုပြီး သရေကျသွားသလို မျက်မှောင်ကြုတ်ကာ ..

"ဒါပေမယ့် နေပါဦး .. ခင်ဗျားတို့အားလုံး အိမ်သာဆောက်ဖို့ဆိုပြီး ကျုပ်မြေအားလုံးဝယ်ပြီးပြီ .. အခု အိမ်ကိုပါ အများသုံးအိမ်သာ ဆောက်ဦးမယ်ဆိုတော့"

သူ့စကားမဆက်သေးဘဲ အားလုံးကိုဝေ့ကြည့်ကာ ..

"မရိုးဘူးနော်"

သူ့စကားကို အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး မလုံမလဲနဲ့

"ရိုးပါတယ်ကွာ .. တကယ် အများသုံးအိမ်သာ ရွာမှာလိုလို့ပါ"

ဆိုတော့ အီးတီကပါ ..

"ဟုတ်ပါတယ် .. ခင်မောင်စန်းရာ .. ရွာတစ်ရွာကို အများသုံးအိမ်သာတစ်လုံးနှုန်း လုပ်ရမယ်လို့ ပြောကြလို့ပါ"

ဆိုတော့ ခင်မောင်စန်းက စိတ်လျှော့သလိုဟန်မျိုးနဲ့ ..

"ခင်ဗျားတို့ကို အိမ်ငှားခဲ့မယ်ဗျာ"

ဆိုတော့ တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားပြီး ..

"ကောင်းတယ် .. ကောင်းတယ် .. မင်းနဲ့တွန့်တွန့်လေးနဲ့ အချစ်ခရီးလမ်း ဖြောင့်ဖြူးအောင် ငါတို့ တစ်ရွာလုံး ဆုတောင်းပေးပါ့မယ်။ အိမ်ကို ဘယ်လောက်နဲ့ငှားခဲ့မလဲပြော ..

"မင်း .. ကာတွန်း မျှော်နေလောက်ပါပြီကွာ .. အမြန်သွားလိုက်ပါ။ အိမ်ငှားခကိုသာ ပြောပါ"

ဆိုတော့ ခင်မောင်စန်းက တစ်ချက် စဉ်းစားလိုက်ပြီး ..

"အိမ်ငှားခအနေနဲ့ တစ်လကို ငါးသောင်းလောက်ပဲ ယူမယ်ဗျာ .. ကျုပ် ပိုလည်း မယူပါဘူး"

သူ့စကားကိုကြားတာနဲ့ အားလုံး မျက်လုံးပြူးသွားတယ်။ မပြူးခံနိုင်ရိုးလား။ သူပြောတဲ့ ဈေးက မြို့မှာ အိမ်ငှားမယ်ဆိုရင်တောင် နန်းတော်လောက်ရှိတဲ့ အိမ်မျိုးရနိုင်တာကိုး။ ရွာမှာဆို ဘာအိမ်ငှားငှား။ သူကြီးအိမ်ငှား ရင်တောင် တစ်လတစ်ရာလောက်ပဲ ပေးရမယ့်ဟာကို သူ့အိမ်က ငါးသောင်းတဲ့ ..။

ဒါကြောင့် တစ်ရွာလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကုန်ကြတယ်။ ပြီးမှ အာနည်းနည်းသွက်တဲ့ ဦးမောင်ငိုက ..

"မင်း .. မင်းဟာက မများလွန်းဘူးလားကွာ .. အိမ်ငှားခ တစ်လငါးသောင်းဆိုတော့ ဟိုလေ .. တခြားမှာ ဆို .. အိမ်ငှားခမှန်းရာတည်း .. နောက်ပြီး...မြို့မှာ အိမ်ငှားခ ငါးရာတစ်ထောင်လောက်ပဲရှိတာ"

ဆိုတော့ ခင်မောင်စန်း မျက်မှောင်ကြုတ်ပြီး ..

"ကျုပ်လည်း အဲဒါပဲစဉ်းစားနေတာ။ တွန့်တွန့်ကို စာရေးပြီးတော့ပဲ မှာလိုက်ရင်ကောင်းမလားလို့။ အသွား အပြန်လမ်းစရိတ်က နည်းတာမဟုတ်ဘူး။ တစ်ထောင်လောက်တော့ ကျမှာနော် .."

သူ့စကားကြားတော့ တစ်ရွာလုံး ပျာပျာသလဲ ဖြစ်သွားကြတယ်။ သူမသွားရင် မဖြစ်ဘူးလေ။ ရတနာ တူးဖော်ဖို့ကိစ္စ ပျက်ကုန်မှာပေါ့။ ဒါကြောင့် ..။

“သွားတော့ သွားလိုက်ပါကွာ။ မင်းတွန့်တွန့်က အဲလေ .. ကာတွန်းက မျှော်နေရှာမှာပေါ့။ နောက်ပြီး သူက အိမ်ပေါ်က ဆင်းထားတဲ့လူဆိုတော့ မင်းလာခေါ်တာပဲ လိုချင်ရှာမှာပေါ့။ အိမ်ငှားခ ငါးသောင်းလည်း ပေးပါ့ မယ်ကွာ။ နော် .. နော်”

ဆိုတော့ ခင်မောင်စန်းက ..

“မရဘူးဗျာ .. လမ်းစရိတ် တစ်ထောင်ပါပေးမှ .. သွားတော့မယ် .. တဲ့”

ရွာသားတွေလည်း မတတ်နိုင်တော့ဘူး။ မြေကလည်းတူးချင် .. ရတနာကို ရှာချင်နေကြပြီကိုး .. ဒါနဲ့ပဲ

“အေး .. အေးပါကွာ .. ငါတို့ ပေးပါ့မယ် ..။ ကဲ .. ရွာသားတွေ .. အားလုံးလာကြ”

ဆိုပြီး ရွာသား အားလုံးစုပြီး ခေါ်သွားတယ်။ စုခေါ်သွားတာက တိုင်ပင်ဖို့။ ခင်မောင်စန်းကို ငွေငါးသောင်း ပေးဖို့။ ငွေကလည်း တစ်ယောက်မှာမှ ပြည့်အောင်မရှိတော့ဘူးလေ။ ဟိုမြေလေးပေမှာတင် တစ်သိန်း ခြောက်သောင်းဆီ ထိထားကြတာ မဟုတ်လား။ ဒါကြောင့် ..

“ကဲ .. ငါတို့လည်း ပိုက်ဆံက အဲသည်လောက်အထိ ဘယ်သူမှ မရှိကြတော့ဘူး။ အဲဒီတော့ တစ်အိမ်ထောင်စီကို အချိုးကျတွက်ပြီး ထည့်ကြရမယ်။ ရွှေတွေရလာလို့ရှိရင်၊ အချိုးကျပြန်ခွဲယူကြမယ်။ သဘောတူ လား”

ဆိုတော့ အားလုံးက ..

“သဘောတူပါတယ် .. ငြင်းစရာမရှိပါဘူး”

ဆိုပြီး ဖြစ်ကုန်ကြတယ်။ ငြင်းလည်း မငြင်းနိုင်ကြတော့ဘူးလေ။ လုပ်စရာက ဒီတစ်နည်းပဲ ရှိတော့တာ။ ဒါကို အီးတီက ..

“ကျုပ်လည်း တစ်အိမ်ထောင် ပါမှနော့”

ဆိုတော့ ရွာသားအားလုံးက မျက်နှာရှုံ့မဲ့ပြီး ..

“ဒါ ရွာသားတွေနဲ့ဆိုင်တဲ့ကိစ္စ မင်းနဲ့မဆိုင်ဘူး”

“ဟုတ်တယ် .. ဒီကောင့်ကို ဝင်မရှုပ်စေနဲ့ .. ဒီကောင်က လူလည်ကြီးသားသမီး”

“ရွာထဲက ရွှေကို တစ်ရွာသား ခွဲမပေးနိုင်ဘူးဟေ့”

ဆိုတော့ အီးတီ မျက်ရည်ဝိုင်းသွားတယ်။ ပြီးမှ မျက်နှာငယ်လေးနဲ့ ..

“ဒီ .. ဒီကိစ္စဟာ ကျွန်တော်အရင်သိတာပါဗျာ .. ဒါကြောင့် အဲဒီမျက်နှာလေးထောက်ပြီး ရှယ်ယာတစ်ခုတော့ ပေးသင့်ပါတယ်”

သူ့စကားကို ရွာသားအားလုံးက ခေါင်းခါပြီး ..

“မလိုပါဘူး၊ မင်းအရင်ဆုံးသိရင် တို့ရွာသားတွေကို စေတနာသန့်သန့်နဲ့ပြောပါလား။ အခုဟာက မင်းဘာသာ မင်းတစ်ယောက်တည်း လောဘတက်ပြီး အရင်လာခိုးတူးနေပြီးတော့။ မင်းကို ရှယ်ယာပေးဖို့မပြောနဲ့၊ ရွှေတွေရလာရင် တစ်ပဲသားတောင်မပေးဘူး ။”

ဆိုတော့ အီးတီ ခေါင်းငိုက်စိုက်ကျသွားတယ်။ သူ့ခမျာလည်း ရွှေတွေရဖို့ တခြားရွာကတောင်လာပြီး ကြိုးစားရတာလေ။ အခုလို ရတနာတွေရခါနီးမှ အပယ်ခံလိုက်ရတာဆိုတော့ စိတ်ထိခိုက်သွားပုံရတယ်။ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျပြီး ..

“အေးလေ .. ခင်ဗျားတို့က ကျုပ်ကိုအလိုမရှိတော့လည်း ကျုပ်က ဘာတတ်နိုင်မှာလဲ..ကျုပ်က တစ်ရွာသားပဲ ..။ ဒါပေမယ့် ကျုပ်ကတော့ စေတနာကောင်းစွာပဲ ခင်ဗျားတို့ ကံကောင်းပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်”

ဆိုပြီး ခေါင်းငိုက်စိုက်ချ ထွက်သွားတော့တယ်။ ရွာသားတွေကတော့ သနားရကောင်းမှန်းမသိပါဘူး .. သူတပါးကိုသာ လောဘတက်တယ်လို့ ပြောနေတာ။ သူတို့ကိုယ်တိုင်က လောဘတွေတက်ပြီး ငွေတွေ ရေနေကြပြီးတော့လေ ..။

ooooo

"ကဲ ခင်ဗျားတို့ အိမ်ငှားတာတော့ ဟုတ်ပါပြီ။ ကျုပ်အိမ်ပြောင်းဖို့ ပစ္စည်းတွေ လှည်းပေါ် တင်ပေးကြဦး"

ခင်မောင်စန်းရဲ့စကား တစ်ရွာလုံး မငြင်းနိုင်ဘူး။ သူမြန်မြန်သွားလျှင်ပြီးရောဆိုပြီးတော့ အိမ်ပေါ်က ပစ္စည်းတွေအားလုံးကို အခုခင်မောင်စန်းလှည်း၊ စောစောက ဦးမောင်ငိုလှည်းပေါ် ပစ္စည်းတွေပြောင်းပေးလိုက်တယ်။ ပစ္စည်းတင်တာတောင် ခင်မောင်စန်းက ..

"ဟ .. ဟိုပစ္စည်းတွေက ကွဲတတ်တယ်ဗျ။ ဖြည်းဖြည်းတင်ပါ ..။ ဒီပစ္စည်းတွေက အရေးကြီးတယ်။ အသေအချာလေး ချပေးပါ"

ဆိုပြီး ခပ်တည်တည်နဲ့ လှည်းထိပ်ပိုင်းထိုင်ပြီး ဆရာကြီးအထာနဲ့ ခိုင်းနေတော့တာ။ ခဏသွားမယ်သာ ပြောတာ ယူတဲ့ပစ္စည်းတွေကလည်း ဗီရိုကစပြီး ဇွန်းတစ်ချောင်းတောင် မကျန်ဘူး။ အကုန်ထည့်ယူသွားတော့တာ။ ပစ္စည်းအားလုံးစုံတော့မှ ခင်မောင်စန်းက ..

"ကဲ .. သွားပြီဗျို့ .. အဲ .. မှာစရာတော့ရှိတယ်"

ရွာသားတွေ မရိုးမရွနဲ့ သူ့ကိုပြန်ကြည့်တယ်။

"ကျုပ်က အိမ်ကိုတစ်လပဲ ငှားတာနော်။ အဲ .. ကျုပ်အိမ်တော့ တစ်ခုမဖြစ်စေနဲ့ .. ဖြစ်ရင် ခင်ဗျားတို့ ပြန်လျော်ရမယ်။ ကုန်ကုန်ပြောမယ်ဗျာ။ ကြမ်းတစ်ချောင်းကျိုးရင်တောင် ကြမ်းတစ်ချောင်းဖိုး ခင်ဗျားတို့ ပြန်လျော်ရမယ်။ အဲဒီအတွက် ဘယ်သူက အာမခံမလဲ"

ဆိုတော့ ရွာသားတွေအားလုံးတစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြတယ်။ ပြီးမှ .. အားလုံးသံပြိုင်နဲ့ ..

"အေးပါကွာ .. တစ်ရွာလုံး .. အာမခံပါတယ်ကွာ .. မင်းအိမ်ဘာမှ မဖြစ်စေရပါဘူး"

သူတို့စကားကို ခင်မောင်စန်းက ခေါင်းညိတ်တယ်။

"ကောင်းပြီလေ .. တခြားလူတွေ မသိဘူး။ လူကြီးတွေဖြစ်တဲ့ ဦးဖေစန်း၊ ဦးတောက်၊ ဦးမောင်ငိုတို့တော့ မညာရဘူးနော်"

ဆိုတော့ လူကြီးသုံးယောက်လည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ..

"အေးပါ .. မညာပါဘူးကွာ .. ကတိပေးပါတယ် .. မင်းအိမ် တစ်ခုခုဖြစ်ရင် တန်ဖိုးအတိုင်း ပြန်လျော်ပေးပါ့မယ်"

ဆိုပြီး ကတိပေးကြတယ်။ အဲဒီတော့မှ ခင်မောင်စန်းက ..

"အင်း .. အဲဒီလို ဝန်ခံကတိပေးမှ ကျုပ်လည်း သွားရတာ စိတ်ချရတာပေါ့ဗျာ .. ကဲ .. သွားပြီဗျို့ .. ဟိုင်း .. ဟား .."

ဆိုပြီး သူ့လှည်းကြီးကို မောင်းထွက်သွားတော့တယ်။

အဲဒီတော့မှ ရွာသားတွေအားလုံး လှုပ်လှုပ်ရွရွတွေ ဖြစ်သွားကြတယ်။ နောက် သူတို့တူးထားတဲ့ မြေကျင်းတွေကို ဖြတ်ပြီး ခင်မောင်စန်းအိမ်နား ကပ်သွားကြတယ်။ အိမ်တစ်လုံးတည်းကို တစ်ရွာလုံးက ဝိုင်းကြည့်နေကြတယ်။ မြေကြီးတွေကို သူတို့ဖို့ထားတာ အိမ်ကြမ်းပြင်ကိုတောင် တိုက်နေပြီကိုး။ ဒါနဲ့ပဲ ..

"ကဲ .. ဒါကို ဘယ်လို စတူးကြမလဲ"

ခွေးလေးရဲ့စကား။ ဒါကို ဦးမာတောက်က ..

"အကောင်းဆုံးကတော့ အိမ်ကြမ်းပြင်ကို ခွာပြီး တူးတာက အလွယ်ဆုံးဖြစ်လိမ့်မယ်"

"အိမ်ကြမ်းပြင်ကို ခွာပြီးတူးတာကတော့ ဟုတ်ပါရဲ့ .. ခင်မောင်စန်းပြန်လာရင် ဘယ်လိုလုပ်မှာလဲ"

ဦးမောင်ငိုက ပြောတယ်။

"လွယ်ပါတယ်ကွာ။ သူပြန်လာတဲ့အချိန်မှာ ကြမ်းခင်းတွေ ပြန်ကပ်ပေးလိုက်ရုံပေါ့ကွာ။ နောက်ပြီး ရတနာသေတ္တာသာရရင် ဒီအိမ်မျိုးအလုံးနှစ်ဆယ် ပြန်ဆောက်ပေးလို့ ရပါတယ်"

ဦးဖေစန်းက ဖြတ်ပြောတယ်။ သူ့စကားကို ရွာသားအားလုံးက ပေါက်တူးတွေ၊ ဂေါ်ပြားတွေ မြှောက်ပြီး..

"ဟုတ်တယ်။ ဒါမှန်တယ်။ အဲဒီအတိုင်း လုပ်သင့်တယ်"

အော်ကာ အိမ်ပေါ်တက်၊ ကြမ်းတွေခွာပြီး စတူးတော့တာပဲ။ တူးတာမှ တက်ညီလက်ညီပဲ တစ်ယောက်နားတာနဲ့ တစ်ယောက်ဝင်တူးတော့တာ။ နေရာလပ်မရှိလို့ မတူးရတဲ့သူတွေတောင် သူမတူးရသေးကောင်းလားဆိုပြီး ပေါက်ပြားတွေကိုကိုင်ပြီး တရှူရှူကိုဖြစ်နေတာ။

ဒီလိုနဲ့ပဲ ..

"ဟာ .. ဟင်"

"အလို"

သူတို့ရှေ့မှာ မြင်နေရတဲ့ အိမ်ရဲ့အခြေခံအုတ်မြစ်ကိုတွေ့လိုက်ရတော့ အားလုံးကြောင်ငေးကုန်ကြတယ်။ အားလုံး လူရုပ်လည်း မပေါ်တော့ဘူး။ ချွေးတွေရော၊ ဖုန်တွေရော၊ လောဘဇောတွေရောနဲ့ တစ်ယောက်ကို တစ်ယောက် ကောင်းကောင်း မမှတ်မိချင်ကြတော့ဘူး။

လောဘနဲ့ လိုချင်စိတ်ကြီးလို့သာ တူးနေကြတာ။ ရွှေနဲ့တူတာဆိုလို့ ကြွတ်ကြွတ်အိတ်အဝါလေးတောင် မတွေ့ရသေးဘူး။ အခု ဒီလို အုတ်မြစ်ကို တူးလိုက်ရင် အိမ်ကသေချာပေါက်ပြိုပြီ။ ဒါကြောင့် ဘာဆက်လုပ်လို့ရ

မုန်းမသိဖြစ်နေကြတာ။ အုတ်မြစ်ဆိုတာကလည်း ပင်မတိုင်လေးတိုင်မှာသာ ပါတယ်လေ။ အခုဆက်တူးစရာက အဲဒီ လေးတိုင်အောက်က မြေကြီးပဲ ကျန်တော့တာ။

"ကဲ .. ဘယ်လို ဆက်လုပ်ကြမလဲ"

ဦးဖေစန်းက အမေး ..

"ဒီအတိုင်းဆို အောက်ဆက်တူးနေလို့လည်း ရှိတော့မှာ မဟုတ်ဘူး။ ဘယ်သူကမှ အုတ်မြစ်ထက်ကျော်ပြီး မြှုပ်ကြမှာမဟုတ်ဘူး"

ရွာသားတွေအားလုံး အတွေးကိုယ်စီနဲ့ ငြိမ်ကုန်ကြတယ်။ ဒါကို ဦးမောင်ငိုက ..

"ငါ့အနေနဲ့ ဒီလောက်လေးပဲ ကျန်တော့တာ ဆက်တူးလိုက်ချင်တယ်"

"တူးလိုက်ရင် ပြိုကျသွားမှာပေါ့ကွ ခွီးထဲမှပဲ"

"မတူးလိုက်လို့ အဲဒီအောက်မှာ ရွှေတွေမြှုပ်ထားရင် ဘယ်လိုလုပ်မှာလဲ"

သူတို့နှစ်ယောက် စကားများနေကြတာကို ဦးတောက်က ..

"မောင်ငို .. ပြောတာ မှန်တယ်ကွ။ ဒီလောက်ထိတူးလာပြီးမှတော့ ဒီနည်းနည်းလေးကျန်တာကို ဆက်တူး လိုက်တာ ကောင်းမယ် .. မှန်ရင်စံ .. မှားရင်ခံပေါ့ကွာ .."

"ဒါဆို အိမ်ပြိုသွားတော့ရော .."

"အိမ်ပြိုသွားတော့ အားလုံးငွေစုပြီး ပြန်ဆောက်ပေးလိုက်ရုံပေါ့ကွာ .. ဟုတ်ဘူးလား"

ဆိုတော့ တစ်ရွာလုံးက ဦးတောက်ဘက်က ထောက်ခံကြတယ်။

"ဟုတ်တယ် .. တစ်ခြံလုံး တူးလာပြီး ဒီနေရာလေးမှ မချန်နိုင်တော့ဘူး .. ဆင်ကောင်ကြီးအမြီးမှ တစ်နေ မယ်"

"နောက်ပြီး ဦးလူလုရဲ့ သိုက်စာထဲမှာလည်း ဒီအောက်မှာ အသေအချာရှိမယ်လို့ ရည်ညွှန်းထားတာပဲ"

"တူးသင့်တယ် .. ဒီနေရာလေး နည်းနည်းကျန်တော့တာပဲ ..။ မတူးချင်တဲ့သူတွေနေကြ .. ကျုပ်တို့က ဆက်တူးမှာပဲ .."

ဆိုပြီး ဆူညံသွားတယ်။ အားလုံးကတော့ လောဘသားတွေပီပီ နောက်ဆုံးကျန်တဲ့ ကြက်မတဝပ်စာ မြေနေရာလေးကို အလွတ်မခံချင်ကြတော့ဘူး။

ဟုတ်တယ်လေ .. နောက်ဆုံးတူးဖို့ ကျန်နေတဲ့နေရာလေးမှာမှ ရတနာတွေမြှုပ်ထားရင် ဘယ့်နှယ် လုပ်မှာတုံး၊ သေပြီ စန်းစန်းညွှန့် .. ပဲ .. (စန်းစန်းညွှန့်ဆိုတာ ကိုရီးယားလို ဆရာလို့ခေါ်တာ–စကားချပ်)။ ဒါကြောင့် အားလုံးက ဆက်တူးဖို့ တညီတညာတည်း ဆုံးဖြတ်လိုက်ကြတာ။

"ကဲ .. တူးတာတော့ ဟုတ်ပါပြီ ..။ အိမ်ပြိုသွားရင် အားလုံးစုပြီး လျော်ကြရမှာနော်"

"လျော်မယ် .. လျော်မယ် .. အိမ်ဖိုးအားလုံး စုပြီးပြန်လျော်မယ်"

"ကဲ .. ဒါဆို .. ဒီအိမ်တိုင်အောက် တူးကြမယ်။ ဘယ်သူတူးမှာလဲ"

ဘယ်သူ တူးမှာလဲဆိုတော့ အားလုံး အသံတိတ်သွားတယ်။ တကယ်တူးရမယ်ဆိုတော့ ဘယ်သူမှ မတူးရဲကြဘူးလေ။ ကိုယ်တူးနေတုန်း အိမ်ပြိုကျရင် သေပြီ စန်းစန်းညွှန့်ပဲ။ ဒါကို ငခွေးလေးက ..

"ကျွန်တော်တူးမယ် ..။ ကျွန်တော်နဲ့အတူ ကိုတွတ်ကြီးရယ်၊ ငနီရယ်၊ မောင်သီးရယ် ကူပေး .."

ဆိုတော့ ဟိုလူတွေလည်း ဘာမှမတတ်နိုင်တော့ဘူး။ အားလုံးစုံမှ မြေနေရာကြည့်ပြီး ..

"ကဲ .. ရတနာမြှုပ်မယ်ဆို အနောက်ဘက်က ပိုနီးစပ်တယ်။ အနောက်ဘက်တိုင်က စတူးရအောင်"

ဆိုပြီး အနောက်ဘက်တိုင်မှာ လူစုတယ်။ သူတို့လုပ်တော့ ဦးမောင်ငိုတို့၊ ဦးဖေစန်းတို့ မနေနိုင်တော့ဘူး။

"ငါတို့လည်းကူမယ်ကွာ"

ဆိုတော့ အရှယ်ကောင်းတွေ အားလုံးပါ ထွက်ပြီး ကူဖို့လုပ်တယ်။ ဒါကို ငခွေးလေးက ..

"ကဲ .. ကျုပ် ဒီကနေ တူရွင်းနဲ့တူးထုတ်မယ်။ ခင်ဗျားတို့က အိမ်ကြီးပြိုကျလာရင် ဒေါက်နဲ့ထောက်ဖို့လုပ် .."

ဆိုပြီးဒေါက်တွေရှာပြီး အိမ်ကြီးပြိုလာရင်ထောက်ဖို့ လုပ်ကြတယ်။ ဒေါက်တွေဆိုတာကလည်း ဝေးဝေး မရှာနိုင်ဘူး။ ရတနာတွေရလာရင် မမြင်လိုက်ရမှာစိုးလို့ အနီးနားက သစ်ကိုင်းခြောက်တွေ ထင်းတုံးတွေရှာပြီး ခုကြတာ။

သူတို့ဖာသာသူတို့ ခိုင်တယ်ထင်ရတဲ့ အချိန်ကျမှ ငခွေးလေးက ..

"ကဲ .. ကျုပ်စတူးပြီ။ ဉာဏ်ပိုင်မှ ကံဆိုင်မယ် .. မဆိုင်တဲ့လူတွေ ဖယ်ရှားနေကြပါ"

ဆိုပြီး အိုးတိုးအတနဲ့ သတိပေးတယ်။ အားလုံးဘေးလွတ်ရာရှောင်ပြီးမှ ငခွေးလေးက ဘုရား၊ တရား အာရုံပြုပြီး ..

"အင်းဟာ .."

ဆိုပြီး မြေကြီးကို ဘေးကနေ တူးထုတ်လိုက်တယ်။ သူတစ်ချက်တူးလိုက်တာနဲ့ အိမ်ကြီးက ဝုန်းကနဲ ကျသွားတယ်။ ဒါပေမယ့်လူတွေက အိမ်ကြီး နဲ့နေတာကို မမြင်ဘူး။ မြေကြီးထဲက ဘာကြီးထွက်လာမလဲဆိုတာကိုပဲ စိတ်တထင့်ထင့်ကိုး။

ငခွေးလေးကလည်း အိမ်ကြီးကိုမကြည့်မိဘူး။ သိတယ်မဟုတ်လား လောဘသားများက မြေကြီးကိုသာဖိဖိ ပြီး အရောင်းလက်တဲ့ မျက်လုံးမျိုးနဲ့ ဆက်တူးနေတယ်။

"ကဲဟာ .."

ဆိုတာနဲ့ အိမ်ကြီးက ဝုန်းခနဲ နိမ့်ကျလာတယ်။ ဒါပေမယ့် ငခွေးလေးက ဆက်တူးနေတုန်း .. အားလုံး ကလည်း .. မပျံ့လွင့်တဲ့စိတ်နဲ့ ကြည့်နေကြတုန်း..

"ကဲဟာ .."

"ချွင် .."

"ဟာ .."

သူ့တူရွှင်းက အမာတစ်ခုကို ထိမိသလို ခတ်မိသလို ဖြစ်သွားလို့ ငွေးတို့အဖွဲ့ ပိုပြီးစိတ်ဝင်စားသွားတယ်။ ပြီတော့ ငွေးလေးပါးစပ်ကလည်း ..

"ဟာ .. သေချာပြီ .. သေချာပြီ ..။ ကျုပ်တူရွှင်းကို အမာတစ်ခု ခေါင်းခံတိုက်မိပြီဗျ"

ဆိုတော့ ရှပိုးထိုး အားလုံး စိတ်ဝင်စားကုန်တယ်။ ခုနက အိမ်ပြိုကျမှာကြောက်လို့ ခပ်ဝေးဝေးနေကြတဲ့သူ အားလုံးလည်း သိလိုစိတ်နဲ့ အိမ်နားပြန်တိုးကပ်လာကြတယ်။ ငွေးလေးကတော့ လူတွေကိုဂရု မစိုက်နိုင်ဘူး။ တိုင်ခြေကိုသာ စိမ်းစိမ်းကြည့်ပြီး အသားကုန်ထပ်တူးလိုက်တော့ ..

"ကဲကွာ .."

သူ အားထည့်သံနဲ့အတူ လွင့်တက်သွားသော ကျောက်စတစ်ခု ..

"ဟာ.."

သူ အဲဒီကျောက်စကလေးကို ကြည့်နေစဉ်၊ သူ့ကိုယ်ပေါ် အရိပ်တစ်ခုကျလာသလို ခံစားလိုက်ရတယ်။ မော့ကြည့်လိုက်တော့ ..

"ဟာ .. အိမ် .. အိမ် .. ပြိုကျပြီ .. ပြေးကြပြေးကြ .."

ဆိုတဲ့ အော်သံနဲ့အတူ လွတ်ရာကျွတ်ရာကို စွတ်ပြေးကြတော့တာ။ အဲဒီတော့မှ ရွာသားတွေလည်း သတိရ သွားပြီး ..

"ဟာ .. ဟုတ်တယ်ဟေ့ .. အိမ်ပြိုကျပြီ ပြေးဟေ့ ပြေးဟေ့ .."

ဆိုတဲ့ အော်သံနဲ့အတူ လွတ်ရာကျွတ်ရာကို ပြေးရှောင် ပုန်းကြရတော့တာကို။ ကံကောင်းပါတယ်။ အိမ်ကြီးက လူတွေနဲ့လွတ်ရာကို ဝှန်းခနဲပြိုကျပြီး အီးတီရဲ့ရတနာသိုက် (သိုက်မဟုတ်ပါ) ဆေးဆိုင်ပေါ် မေးတင်နေတယ်။

အားလုံးကတော့ မျက်လုံးလေးအကြောင်သားနဲ့ အိမ်ပြိုကြီးကိုငေးလျက် ..။

သူတို့ထင်ထားသလို အိမ်အောက်မှာ ဘာမှမရှိ။ အားလုံးပါးစပ်လေးဟပြီး အိမ်ပြိုကြီးကိုငေးနေကြတယ်။ သူတို့ရဲ့ရတနာသိုက်ဆိုတဲ့မျှော်လင့်ချက်က ပြီးဆုံးပြီလေ။ အေးလေ အိမ်ပိပြီးအသက်မသေဘဲ ကျန်ခဲ့တာပဲ ကျေးဇူးကကြီးမားလှပြီ။ ရွာသူရွာသားတွေ အခုမှ အသိတရားလေးတစ်ခုရပြီး ကိုယ့်ဇနီး ကိုယ့်သား၊ ကိုယ့်လင်သားတွေကို ပြန်သတိရကြတယ်။ ရွာလုံးကျွတ်ကလည်း ဒီမြေတူးတဲ့နေရာမှာ လောဘဇောနဲ့ ရောက်နေကြတော့ မိသားစုတွေ ပြန်စုပြီး တစ်ယောက်လက်ကလေးတစ်ယောက်ကိုင် တစ်ယောက်ပခုံးလေးတစ်ယောက်ဖက်ပြီး ခြေကုန်လက်ပန်းကျနေကြလို့ပေါ့။

အခုမှပဲ အသိစိတ်နဲ့ သက်ပြင်းမောချနိုင်တော့တယ်။

အဲဒီအချိန်မှာပဲ .. ဝှန်းဆိုတဲ့ ပြိုလဲသံကြီးနဲ့အတူ ခင်မောင်စန်းအိမ် မေးတင်ထားတဲ့ အီးတီရဲ့ရတနာသိုက် ဆေးဆိုင်ကြီးပါ ထပ်ပြိုလဲလို့၊ အဲဒီမှတဆင့် ဈေးထဲက ဆိုင်ခန်းများ .. အဲဒီနဲ့ကပ်လျက်ဦးမောင်ငိုအိမ်၊ ဖေစန်း လက်ဖက်ရည်ဆိုင်၊ ဦးတောက်ရဲ့ပန်းပဲဖို စသည်ဖြင့် အိမ်တစ်လုံးချင်းတစ်လုံးချင်း ဆင့်ကာဆင့်ကာ လဲပြို ကျကုန်သည်မှာ ရွာတစ်ခြမ်းကိုပြောင်ရောပဲ။

“ဟာ .. သွားကုန်ပြီ .. ငါ့အိမ် .. ငါ့အိမ်”

“ငါ့ဆိုင် .. ငါ့ဆိုင်လေးတော့ ပြိုပါပြီ”

“အောင်မယ်လေး ဒုက္ခပါပဲ .. ကျွန်မအိမ်လေးပါသွားပြီ”

“ကုန်ပါပြီတော် .. ကုန်ပါပြီတော် ..”

“သေစမ်း စန်းစန်းညွန့် .. သေပြီ”

အော်လိုက်ကြတာ .. အော်လိုက်ကြတာ ကမ္ဘာပျက်တော့မယ့်အတိုင်းပဲ ..

"ဆုံးပြီ .. ဆုံးပြီ .. ရတနာမရ .. ဓါးမဆုံး .. အဲလေ .. အိမ်ပါဆုံး .. ဖြစ်ပါပြီ"

"တောက် .. ဒီလိုအဆုံးခံလို့ ဘယ်ဖြစ်မလဲ .."

လက်ဖက်ရည်ဖေသန်းရဲ့ ကြုံဝါးသံ။

"ဟုတ်တယ် .. အဆုံးမခံနိုင်ဘူး .."

"ကျုပ်လည်း သည်းမခံနိုင်ဘူးတော့ .. အရှုံးမှမဟုတ်တာ"

အားလုံး ပွက်လောညံကုန်ကြတယ်။

"နေဦး .. တစ်နေ့ ကျုပ်ခင်မောင်စန်းဆီက မြေဝယ်ဖို့ သူအိမ်စောင့်ပေးနေတဲ့ .. သူကြီးအိမ်ကိုလိုက်သွားတော့ .. ခင်မောင်စန်း သူကြီးအိမ်အောက်မှာ မြေတူးနေတာတွေ့တယ်"

ဖေသန်းရဲ့စကားကြောင့် ခုနက ပွက်လောရိုက်နေတဲ့ ရွာသူရွာသားတွေအားလုံး မီးကိုရေနဲ့ငြိမ်းလိုက်သလို ရွှတ်ခနဲငြိမ်သွားလို့။

"ဟာ .. ဟုတ်တယ် .. ဟုတ်တယ် .. ကျုပ်လည်း ခင်မောင်စန်း သူကြီးအိမ်အောက်မှာ မြေတူးတူးနေတာ ခဏခဏ တွေ့တယ်"

"ဟင် .. ဒါဆို .."

အားလုံးအခုမှ အတွေးတစ်ခုပေါက်လာပြီး မျက်နှာကြီးတွေ သရိုးသရီ ဖြစ်ကုန်ကြတယ်။

"ဟုတ် .. ရတနာတွေက အမှန်တော့ သူကြီးအိမ်အောက်မှာ ရှိတယ်ကွ .."

ဦးပတစ်ရဲ့ အော်သံ။ အားလုံး သူ့ကို ပြန်ကြည့်နေကြတယ်။ဒါကို ဦးပတစ်က ပစ်ချထားခဲ့တဲ့ဂေါ်ပြားကို ဆတ်ခနဲ ပြန်ကောက်ပြီး ..

"ခင်ဗျားတို့အားလုံး ပြန်စဉ်းစားကြည့် .. ခင်မောင်စန်း သူ့မြေမတူးဘဲ .. ဘာလို့ သူကြီးအိမ်မှာ မြေသွားတူးနေတာလဲ .."

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်တယ်။

"အဖြေက ရှင်းနေပြီ။ အမှန်တကယ် ရတနာသိုက်က သူကြီးမြေမှာ ရှိကိုရှိရမယ်"

ဆိုတော့ အားလုံးက ..

"ဟုတ်တယ် .. သူကြီးနဲ့ ခင်မောင်စန်းတို့အဖေက အမျိုးရင်းကြီးတွေပဲ .."

"မှန်တယ် .. မှန်တယ် .. သူကြီးအိမ်အောက်မှာ သေချာပေါက် ရှိနိုင်တယ်"

"ကဲ သူကြီးအိမ်ဘက် ဆက်တူးကြရအောင်"

"အေး .. တူးကြမယ် .. တစ်လုံးတူးလည်းအိမ်ပဲ .. နှစ်လုံးတူးလည်းအိမ်ပဲ .. တူးမယ် တူးမယ် .."

ဆိုပြီး တစ်ရွာလုံး အားပါတဲ့ ခြေလှမ်းမျိုးနဲ့ သူကြီးအိမ်ဘက် လှမ်းသွားကြတော့တယ်

ooooo

"ရဂုံမြိုင်တန်းက၊ မောင်လှမ်းလို့လာခဲ့မယ် ..။ မေကညာပျိုရယ်၊ ဆီးလို့သာ ကြိုလေဦးတော့ကွယ် .."

တောတန်းတစ်လျှောက် ခင်မောင်စန်း သီချင်းလေး တအေးအေးနဲ့ ဦးမောင်ငိုဆီကရခဲ့တဲ့ လှည်းကလေးကို ငြိမ့်ငြိမ့်ကလေး မောင်းလာတယ်။ လှည်းပေါ်မှာလည်း အိမ်ရှိပစ္စည်းတွေနဲ့ ကြီးမားတဲ့ ငွေထုတ်ကြီးပါလာတယ်။

"လာမယ်ဆိုမှ၊ ကြိုမယ်ဆိုသူရယ်၊ တောအထပ်ထပ်၊ လမ်းအသွယ်သွယ်၊ မောင်ကြီး လာခဲ့တယ် .."

သူ့မျက်နှာက ပြုံးလို့ရွှင်လို့ပါပဲ။ ကြည့်ရတာ ရတနာသိုက်ကြီး တူးဖော် တွေ့ရှိခဲ့သလိုပဲ ..။

"ပင်မြင့်မှာ သဇင်ပန်းရယ်နဲ့၊ တောပန်းတွေ အစီရီရီ .."

"ဟော့ .. ခင်မောင်စန်း .."

အသံမဆုံးမီ တစ်ဖက်က လှမ်းခေါ်လိုက်သံကြောင့် ခင်မောင်စန်း လှည့်ကြည့်တယ်။ ပြီးတော့ ပြုံးရွှင်တဲ့ မျက်နှာနဲ့ ..

"ဟ .. သူကြီးတို့မိသားစုပါလား။ ဘုရားဖူးက ပြန်လာတာ မြန်လှချည်လား .."

ဆိုတော့ သူကြီးက သူ့လှည်းပေါ်က မဆင်းဘဲ ..

"မြန်မာပေါ့ကွာ .. ငါတို့ကို မြန်မာပြည်အနှံ့ ဘုရားဖူးပို့မယ်ဆိုတဲ့ လူတစ်ယောက်က မြို့မှာတင် ဘယ်လိုမှ ရှာလို့မရဘူး။ အဲဒါနဲ့ ကိုယ်တတ်နိုင်သလောက်လေးနဲ့ ပုဂံပုထိုးတွေဘက်သာ ဘုရားဖူးပြီး နိဂုံးတံတန်ခဲ့ရတယ်"

"ဟုတ်ပါ့တော် .. ဘယ်လို သေချင်းဆိုးလေးမှန်း မသိပါဘူး"

သူကြီးစကားကို သူကြီးကတော်ကပါ ဒေါသနဲ့ ပြောတယ်။ ဒါကို ခင်မောင်စန်းက ..

"မြို့မှာ သူပေးထားတဲ့ လိပ်စာအတိုင်း မစုံစမ်းဘူးလား"

ဆိုတော့ သူကြီးက ..

"ဘယ်နေပါ့မလဲကွာ .. စုံစမ်းတာပေါ့။ သူပေးတဲ့လိပ်စာက ရတနာသိုက်အပေါင်ဆိုင်တဲ့ကွ။ အဲဒီ အပေါင်ဆိုင်သွားတော့ အဲဒီကောင်က ဒီကမဟုတ်ဘူးတဲ့။ သူတို့ဆိုင်မှာတော့ ပစ္စည်းတွေ ခဏခဏ လာပေါင်ဖူးတယ်တဲ့ .. အဲဒါနဲ့ ဘယ်လိုမှစုံစမ်းလို့ မရဘူးဖြစ်သွားတာ"

"သူ့အမည်ကိုရော မသိဘူးလား သူကြီး .."

သူကြီးက ခင်မောင်စန်းအမေးကို မျက်မှောင်ကြုတ်စဥ်းစားလိုက်ပြီး ..

"အေး .. သူ့နာမည်က လူနာမည်မဟုတ်ဘူးကွ .. ဘာတဲ့ ငါလည်းမေ့တော့တော့ပဲ ..။ ဂြိုဟ်သားနာမည်ပဲ .. အီးတိုဆိုလား .. အိတိုဆိုလား .. အီးတီဆိုလား"

"နေပါဦး မင်းကရော ဘယ်တုံး"

ဆိုပြီး ခင်မောင်စန်းကို လှည့်မေးတယ်။ ဒါကိုခင်မောင်စန်းက သူ့ရဲ့မူပိုင် ဝိပွဲမျက်ဝန်း ကလည်ကလည်နဲ့ သွားလေးဖြဲပြီး ..

"ကျွန်တော့်မိန်းမ ကာတွန်းလေ..။ သူ့မိဘအိမ်အလည်သွားလို့ အဲဒါလိုက်ခေါ်မလို့"

သူ့စကားကြောင့် သူကြီးဇဝေဇဝါဖြစ်သွားတယ်။

"ဟင် .. မင်းတို့လင်မယား တစ်ခါမှ ခွဲဖူးတာမဟုတ်ဘဲနဲ့ အခုကျမှ။ နောက်ပြီး ပစ္စည်းတွေကလည်း .."

ခင်မောင်စန်းက သူကြီးစကားကို ဖြတ်ပြီး ..

"ဟုတ်တယ် .. သူကြီးရေ .. ကာတွန့်က ကျွန်တော့်ကိုစိတ်ကောက်သွားတာ။ အဲဒါကြောင့် အိမ်ရှိပစ္စည်း အားလုံးပြပြီး သွားပြန်ချော့ရမှာ .. ဟီးဟီး။ ကဲ .. သွားပြီသူကြီးရေ .. ခရီးကဝေးတော့ မှောင်မှာစိုးလို့"

ဆိုပြီး နွားလှည်းကို မောင်းထွက်လိုက်တယ်။ ဒီတော့မှ သူကြီးက ..

"အေး .. အေး .. သွားတာလည်းသွားပေါ့ ခင်မောင်စန်းရေ ..။ ဒါနဲ့ရွာမှာ ဘာတွေထူးသေးလဲ .."

ခင်မောင်စန်းက လှည်းမောင်းရင်း သူကြီးဘက်ပြန်လှည့်လို့ ..

"ဘာမှသိပ်မထူးပါဘူး သူကြီးရာ .. အရင်အတိုင်းပဲ။ အဲ .. ဒါပေမယ့် ရွာသားတွေစုပေါင်းပြီး ရေကန်ကြီး တစ်ကန်တော့ တူးထားသဗျ .. သူကြီးမြင်ရင် အံ့သြအောင် ဆိုလားပဲ .."

ခင်မောင်စန်းစကားကို သူကြီးစိတ်ဝင်စားသွားတယ်။

"ရေကန် .. ဟုတ်လား .. ဘယ်မှာ တူးကြတာလဲ"

"ကျွန်တော့်မြေနေရာမှာလား .. သူကြီးမြေနေရာမှာလား မသိပါဘူးဗျ ..။ ကဲ .. သူကြီးရေ .. သွားပြီ .. တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ မောင်ကြီး အရောက်လာခဲ့တယ် .."

ဆိုပြီး သီချင်းကို အကျယ်ကြီးဆိုပြီး ပျော်ရွှင်စွာ ထွက်သွားတော့တယ်။ သူကြီးကလည်း သူ့စကားကို မရှင်းဘူး။

"သူ့မြေနေရာမှာလား ငါ့မြေနေရာမှာလား ရေကန်တူးတယ်တဲ့။ ဘယ်လိုကြီးလဲဟ .. အူကြောင်ကြောင် ကောင်က ဘလုံးဘထွေး လုပ်ချသွားပြန်ပြီ"

ဆိုပြီး လှည်းကို ရွာဘက် လှည့်လိုက်တယ်။

"အေး .. မင်းက တောအထပ်ထပ်၊ တောင်သွယ်သွယ် .. မောင်ကြီးအရောက်လာခဲ့တယ် .. ဆိုတော့ ငါကလည်း တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ မောင်ကြီး အရောက်လာခဲ့တယ် .. ပေါ့ကွာ .. ငါ့ ဒီလို ကြောလို့ဘယ်ရမလဲ .. ဟင်း .. တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ မောင်ကြီးအရောက်လာခဲ့တယ် .."

သိတယ်မဟုတ်လား .. ဒီသူကြီးက ဘယ်သူ့ကိုမှ တစ်ခွန်းတင်ခံတာမှမဟုတ်တာ။

ooooo

ဟင် .. ခင်မောင်စန်းအိမ်ကစလို့ ပြိုကျနေပြီဖြစ်တဲ့ ရွာတစ်ခြမ်းကိုကြည့်ပြီး သူကြီး 'တောအထပ်ထပ်၊ တောင်အသွယ်သွယ်' ကနေ ဘတ်ခနဲ 'ဟင်'ဆိုပြီး မျက်လုံးပြူးသွားတယ်။ အရင်က မြေကြီးကလည်း အခုပေနစ်ရာ ပတ်လည်ကျင်းကြီး တစ်ခုဖြစ်နေပြီလေ။ သူကြီး အံ့အားသင့်စွာ ဘေးဘီ ဝေ့ကြည့်တယ်။ တစ်ရွာလုံးကလည်း သရဲခြောက်မတတ် ခြောက်ကပ်နေတယ်။ လူဆိုလို့ ကလေးတစ်ယောက်တောင် မတွေ့ရဘူး။ ခါဆိုင်းဆို ကလေး ငိုသံ၊ လူကြီးအော်သံတွေနဲ့ စည်ကားနေတဲ့ ရွာကလေးဟာ ခုတော့ တစ်စပြင်လို ခြောက်ကပ်လို့ ..။

"ဘာဖြစ်တာလဲမသိဘူး .."

သူကြီး ဇဝေဇဝါနဲ့ ရေရွတ်သံ။ သူကြီးကတော်ကြည့်တော့လည်း ကျောက်ရုပ်ကြီးတစ်ရုပ်လို ပါးစပ်ကြီး ဟပြီး ငြိမ်နေတယ်။

"ဘာတွေ ဖြစ်ကုန်ပြီလဲ မသိဘူး .. အိမ်အမြန် ပြန်သွားကြည့်မှ "

ကဘောက်တိ ကဘောက်ချာ တီးတိုးဆိုသံနဲ့အတူ၊ သူကြီးနှင်တံကို အရှိန်မြင့်လျက်။

ooooo

ကျင်းကြီးဖြစ်နေသော သူကြီးအိမ်မြေကြီး။ ရွာသားအားလုံး ပေါက်တူး၊ ဂေါ်ပြားကိုယ်စီနှင့် သူ့မြေကြီးကို အသားကုန်တူးနေကြတာတွေ့ရ၏။ သူအံ့အားသင့်စွာ ကြည့်နေတုန်းမှာပင် သူ့အိမ်ကြီးဝုန်းခနဲပြိုကျလို့။ သူကြီး ဒေါသဖြစ်လွန်းသွားတာလား၊ အံ့အားသင့်သွားတာလား မသိဘူး။ မတ်တပ်ကြီး 'ဗိုင်း' ဆို နောက်ပြန် လဲကျသွားတော့တယ်။

ဝဝဝဝဝ

“မောပါဘူး ခင်ရယ် .. သံသရာဆုံးပါစေ .. မောင်ကြီး အရောက်လာခဲ့မယ်”

ခင်မောင်စန်းရဲ့ ကျယ်လောင်တဲ့ သီချင်းသံ တောအနှံ့ပျံ့နေတယ်။ တစ်ယောက်တည်း ခရီးသွားရလို့လား မသိဘူး။ အေးအေးဆေးဆေးပဲ။ သီချင်းလေး တကြော်ကြော်အော်ဆိုရင်း လှည်းကိုလည်း ဖြည်းဖြည်းလေး မောင်းလာတယ်။ အဲဒီအချိန်မှာပဲ ..

“ဘယ်နှယ့်လဲ ခင်မောင်စန်း၊ ငွေတွေ ဘုံးဘောလအောရလာလို့ သိပ်ပျော်တာလား”

သူ့နာမည်ခေါ်သံနဲ့အတူ တောထဲက လူတစ်ယောက် ရိပ်ခနဲ ထွက်လာတယ်။ မျက်နှာကိုလည်း လူမမြင်အောင် လုံချည်ကြီးနဲ့ စည်းထားတဲ့အပြင် လက်ထဲမှာလည်း ငုက်ကြီးတောင်ဓားတစ်လက် ကျစ်ကျစ်ပါအောင် ဆုပ်ထားတယ်။

ခင်မောင်စန်းက အဲဒီလူကို ဓားကြီးနဲ့ တောကြီးမြက်မည်းထဲ မြင်လို့လန့်သွားမယ် ထင်သလား။

လန့်မသွားဘဲ .. လှည်းကိုရပ်ပြီး မချိုမချဉ်မျက်နှာနဲ့ ..

"သိပ်ရတယ်လည်း မဟုတ်ပါဘူး။ တော်ရုံတန်ရုံပါပဲ။ ပြောရမယ်ဆိုရင်တော့ သရုပ်ဆောင်ကြေး လောက်ပဲရတာပါ"

"ဒါနဲ့ ရွာထဲမှာ အခြေအနေဟန်ဟန်နဲ့ ကျန်ခဲ့ရဲ့ မဟုတ်လား"

"ဒါက သူကြီးကိစ္စပါ .. သူကြီး လုပ်ပါလိမ့်မယ်"

"ခင်ဗျား အဖေက .. ဒီမြေကရွှေဖြစ်မယ်ဆိုတာ မှန်သားပဲဗျ"

"အင်း .. ပြောရမယ်ဆိုရင်တော့ မှန်းတာထက်အောင် နည်းနည်းပိုပြီး မှန်သွားသေးတယ်"

သူ့စကားကို တောထဲကလူက ..

"ဒါဆိုလည်း ပိုနေတဲ့ဝေစုလေး ကျုပ်ကိုပေးပါဦး"

ခင်မောင်စန်းက ရယ်လိုက်ပြီး ..

"ဟားဟား .. ပေးရမှာပေါ့ကွာ .. ကိုယ့်အလုပ်ကို အစအဆုံး ကူညီပေးခဲ့တဲ့လူပဲ ပေးရမှာပေါ့ .. ဒါနဲ့ မင်းအစ်မရော နေကောင်းရဲ့လား .."

"မကာတွန်းလား .. ဗိုးချဲလ်အသစ်ကြီးရလို့ ပျော်နေလေရဲ့"

ခင်မောင်စန်း သဘောကျစွာ ပြုံးလိုက်တယ်။ ပြီးမှ ..

"ကဲ .. မင်းလည်း ရွာပြန်မှာမဟုတ်လား .. လှည်းပေါ်တက်လေ .. ယောက်ဖကြီး .."

ဆိုတော့ ငှက်ကြီးတောင်ဓားနဲ့လူက လှည်းပေါ်တက်လာတယ်။ အဲဒီလူလည်း လှည်းပေါ်ရောက်မှ ခေါင်းမြီး ခြုံထားသော ပုဆိုးကိုဆွဲချွတ်လိုက်တယ်။ ဒီနေရာမှာ စိတ်ချလုံခြုံတဲ့နေရာရောက်ပြီမဟုတ်လား။ ခင်မောင်စန်းက လှည်းကိုမောင်းရင်း ..

"တို့သူကြီးကတော့ ရွာရောက်ရင် ဒီအဖြစ်တွေကိုသိပြီး တို့တွေကို အမုန့်ကြိတ်ချင်နေမှာ သေချာတယ် .."

"ကျုပ်သိပါတယ်ဗျ .. ကျုပ်သိပါတယ် .. ကျုပ်မှာလည်း ခင်ဗျားခိုင်းလို့သာလုပ်ရတာ .. ဘယ်အချိန် အလိမ်ပေါ်ပြီး ထရိုက်မလဲဆိုပြီး တထိတ်ထိတ်နဲ့ပဲ .. ဩော် .. ဒါနဲ့ ရတနာသိုက်အပေါင်ဆိုင်က လူကြီးကိုလည်း ကူဖော်ကူဖက်အဖြစ် ပုဆိုးလေး ဘာလေးတော့ ကန်တော့ရမှာနော် .."

"ငါသိပါတယ် .. အီးတီရာ .."

လှည်းလေးကတော့ သပွတ်ရွာဘက် ဦးတည်နေတုန်း ..

မကာတွန်းနဲ့ ချစ်စဖွယ်ရင်သွေးငါးဦးကလည်း သူတို့ဖေဖေ ခင်မောင်စန်းနဲ့ လူစွမ်းကောင်းဦးလေး အီးတီ တို့ကို မျှော်နေကြမှာအမှန်ပဲ ..။

လေးစားစွာကြိုးစားလျက်
အကြည်တော်




Myanmarcupid.net